"နိုင်ငံသားဖြစ်မှုဆိုသည်မှာ အခွင့်အရေးများကို
ရပိုင်ခွင့်ထက် လျော့နည်းခြင်းမရှိသည့်
လူ့အခြေခံအခွင့်အရေးပင်ဖြစ်သည်"

တရားရုံးချုပ်တရားသူကြီး အားလ်ဝါရင်
(အမေရိကန်ပြည်ထောင်စု–၁၉၅၈)

UNHCR
United Nations High Commissioner for Refugees

INTER-PARLIAMENTARY UNION

UNHCR

နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံမဲ့ဖြစ်မှု လွှတ်တော်ကိုယ်စားလှယ်များလက်စွဲ

IPU

Handbook for Parliamentarians n° 11 - 2005

# နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံမဲ့ဖြစ်မှု
# လွှတ်တော်ကိုယ်စားလှယ်များလက်စွဲ



UNHCR
United Nations High Commissioner for Refugees

INTER-PARLIAMENTARY UNION

# နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံမဲ့ဖြစ်မှု
# လွှတ်တော်ကိုယ်စားလှယ်များလက်စွဲ

UNHCR
United Nations High Commissioner for Refugees

1889
INTER-PARLIAMENTARY UNION

## အသိအမှတ်ပြု ကျေးဇူးတင်လွှာ

ဤလက်စွဲစာစောင်ကို နိုင်ငံအချင်းချင်းဆိုင်ရာ လွှတ်တော်သမဂ္ဂဗျူရို၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများဆိုင်ရာကော်မတီနှင့် ပူးပေါင်းပြုစုထားသည်။


သုတေသနပြုလေ့လာဆန်းစစ်ခြင်း – Carol Batchelor and Philippe Leclerc (UNHCR)

စာရေးသူ – Ms. Marilyn Achiron

စာတည်းအဖွဲ့

UNHCR – Erika Feller, Philippe Leclerc, José Riera နှင့် Sara Baschetti

IPU - Anders B. Johnsson နှင့် Kareen Jabre

မူရင်းဘာသာစကား – အင်္ဂလိပ်

နောက်ဆုံးအခြေအနေအထိပြုစုသည့်နေ့ – နိုဝင်ဘာလ၊ ၂၀၁၀ ပြည့်နှစ်

မျက်နှာဖုံးဒီဇိုင်း – Jacques Wandfluh, Studio Infographie Switzerland

EUROPEAN COMMISSION

Humanitarian Aid

ဤလက်စွဲကို ECHO ၏ ကူညီပံ့ပိုးမှုဖြင့် ထုတ်ဝေခြင်း ဖြစ်သည်။ စာစောင်ပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ IPU နှင့် UNHCR တို့၏ တာဝန်သာ ဖြစ်ပါသည်။ ECHO ၏အမြင်အဖြစ် မည်သည့်နည်းဖြင့်မျှ ထင်ဟပ်စေနိုင်ခြင်း မရှိစေရ။




## အမှာစာ

"လူတိုင်း၌ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူပိုင်ခွင့် ရှိသည်။ ဥပဒေအရ မဟုတ်လျှင် မည်သူမျှ မိမိ၏ နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခြင်း မခံစေရ၊ နိုင်ငံသားအဖြစ် ပြောင်းလဲနိုင်သော အခွင့်အရေးကိုလည်း ငြင်းပယ်ခြင်း မခံစေရ"။ အထက်ပါအတိုင်း တိုတိုနှင့် လိုရင်းဖော်ပြထားသည့် ၁၉၄၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights) ၏ အပိုဒ် ၁၅ အရ မည်သူမဆို၊ ကမ္ဘာပေါ်၌ မည်သည့်ဒေသတွင် ရှိနေသည်ဖြစ်စေ၊ နိုင်ငံတစ်ခုခုနှင့် တရားဥပဒေကြောင်းအရ ဆက်သွယ်ပိုင်ခွင့် ရှိရမည်ဟု ဖော်ပြထားသည်။ နိုင်ငံသားဖြစ်မှု (Citizenship) သို့မဟုတ် တိုင်းရင်းသားဖြစ်မှု (Nationality) (အပြည်ပြည်ဆိုင်ရာ တရားဥပဒေတွင် သုံးစွဲသကဲ့သို့ ဤလက်စွဲစာအုပ်တွင်လည်း အဆိုပါ စကားရပ်နှစ်ရပ်လုံးကို ဖလှယ်၍ သုံးနှုန်းထားသည်) အများပြည်သူအား မိမိ မည်သူမည်ဝါဖြစ်သည်ကို သိရှိစေခြင်းသာမက နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုနှင့် လူမှုအခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကိုလည်း ရရှိခံစားနိုင်ခွင့် ရှိစေသည်။ အမှန်အားဖြင့် ဆိုရသော် နိုင်ငံသားဖြစ်ခြင်း ဆိုသည်ကို "အခွင့် အရေးအမျိုးမျိုး ရနိုင်သည့် အခွင့်အရေး" ဟု ဖော်ပြခြင်းပင် ဖြစ်သည်။

နိုင်ငံသားအဖြစ်ရရှိခြင်း၊ ဆုံးရှုံးခြင်း သို့မဟုတ် ငြင်းပယ်ခံရခြင်းနှင့် စပ်လျဉ်းသော အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းဥပဒေစုများ ရှိနေသော်လည်း ယနေ့

ကမ္ဘာအနှံ့တွင် လူသန်းပေါင်းများစွာသည် မည်သည့်နိုင်ငံသားအဖြစ်ကိုမျှ မရရှိကြပါ။ ၎င်းတို့သည် နိုင်ငံမဲ့များ ဖြစ်ကြသည်။ ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်မှု၊ ပိုင်နက်နယ်ပယ် လွှဲပြောင်းပေးမှု၊ ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ ဥပဒေများ၊ အုပ်ချုပ်ရေးဆိုင်ရာ ကျင့်ထုံးများ၊ ခွဲခြားဆက်ဆံခံရမှု၊ မွေးစာရင်းမရှိမှု၊ နိုင်ငံသားဖြစ်မှုမှ ဖျက်သိမ်းခံရမှု (တစ်ဦးတစ်ယောက်၏ နိုင်ငံသားဖြစ်မှုကို နိုင်ငံတော်တစ်ရပ်က ရုပ်သိမ်းသည့်အခါ) စွန့်လွှတ်မှု (တစ်ဦးတစ်ယောက်က နိုင်ငံတစ်နိုင်ငံ၏ အကာအကွယ်ပေးမှုများကို ငြင်းပယ်သည့်အခါ) အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံမဲ့ဘဝ ရောက်ရှိလာကြရသည်။

ကမ္ဘာ့နိုင်ငံမဲ့ပုဂ္ဂိုလ် အများအပြားသည် အတင်းအဓမ္မ နေရာရွှေ့ပြောင်းခံကြရသည့်သားကောင်များ ဖြစ်သည်။ မိမိတို့၏နေရာဒေသမှ ဖယ်ထုတ်ခံသည့် လူများသည် နိုင်ငံမဲ့ဘဝသို့ ရောက်ရှိသွားရန် အလားအလာ ရှိသည်။ အထူးသဖြင့် နိုင်ငံနယ်နိမိတ် ပြန်လည်ရေးဆွဲသည့်အခါမျိုး၌ နောက်ဆက်တွဲအဖြစ် အဓမ္မပြောင်းရွှေ့မှု ဖြစ်ပေါ်ရသည်။ နိုင်ငံမဲ့များနှင့် နိုင်ငံသားအဖြစ် ရုပ်သိမ်းခံရသူများသည် မိမိတို့ အခြေချသည့်နေရပ်ဒေသမှ ထွက်ပြေးကြရလေ့ ရှိသည်။ ဤ ဖြစ်ရပ်ကို ဒုက္ခသည်များ အခြေအနေနှင့် ဆက်စပ်ပြီးနောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက နိုင်ငံမဲ့ဖြစ်မှု ကြိုတင်ကာကွယ်တားဆီးရေးနှင့် လျော့ချရေးပေါ်ပေါက်ခြင်း မရှိစေရေးကို ကြီးကြပ်ရန် ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာ မင်းကြီးရုံး Office of the United Nations High Commissioner for Refugees (UNHCR) ကို တာဝန်ရှိသော အေဂျင်စီတစ်ရပ်အဖြစ် ဖွဲ့စည်းသတ်မှတ်ပေးခဲ့သည်။

မကြာသေးမီက ပြုလုပ်သည့် ခန့်မှန်းချက်များအရ ကမ္ဘာ့အရပ်ရပ်တွင် လူပေါင်း တစ်ဆယ့်တစ်သန်းမျှ နိုင်ငံမဲ့ဖြစ်နေကြောင်း ခန့်မှန်းထားသည်။ ဤကိန်းဂဏန်းသည် ယေဘုယျ ခန့်မှန်းချက်မျှသာ ဖြစ်သည်။ အဖွဲ့အစည်းများနေဖြင့် နိုင်ငံမဲ့ဖြစ်သူဦးရေနှင့် ပတ်သက်သည့် အချက်အလက် အပြည့်အစုံစုဆောင်းရန် အခက်အခဲရှိသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံမဲ့ဖြစ်သူနှင့် ပတ်သက်သည့် သဘောထား အယူအဆများ နိုင်ငံများအကြား အငြင်းပွားနေခြင်း၊ နိုင်ငံအစိုးရများက နိုင်ငံမဲ့ဖြစ်သူနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များ ထုတ်ဖော်ရန် ဆန္ဒမရှိခြင်းနှင့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းတွင် ဆွေးနွေးသည့် အစီအစဉ်များ၌ ဦးစားပေးမခံရခြင်းတို့ကြောင့် ဖြစ်သည်။

မည်သို့ဆိုစေ မကြာသေးမီ နှစ်များအတွင်းမှစ၍ လူ့အခွင့်အရေး လေးစားလိုက်နာခြင်းသည် လူများ အစုလိုက်အပြုံလိုက် နေရာရွှေ့ပြောင်းသွားကြခြင်းနှင့် အတင်းအဓမ္မ နေရာရွှေ့ပြောင်းခံရခြင်းတို့ မဖြစ်ပေါ်စေရန် အထောက်အကူပြုကြောင်း အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းက ပို၍ သိရှိလာသည်။ အလားတူပင် အပြည်ပြည်ဆိုင်ရာ စာချုပ်များတွင် ပါဝင်သည့်မူများအပေါ် အခြေပြု၍ နိုင်ငံမဲ့ဖြစ်မှု ပြဿနာများကို ဖြေရှင်းကြရန် နိုင်ငံများ၌ တာဝန်ရှိသည့်အချက်ကို ပို၍ ဂရုပြုလာမိကြသည်။ မိမိနှင့် မိမိနေထိုင်ရာ နိုင်ငံနှင့် စစ်မှန်ထိရောက်သော ဆက်ဆံမှုရှိကြောင်း သက်သေပြနိုင်သူများအား နိုင်ငံသားဖြစ်မှု အကျိုးကျေးဇူးများ ရုပ်သိမ်းခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်းကို လုပ်ပိုင်ခွင့် မရှိဆိုသည့်အချက်ကို နိုင်ငံအစိုးရများက တရားဝင်နှင့် လက်တွေ့ လက်ခံ အသိအမှတ် ပြုရမည်။

နိုင်ငံမဲ့ဖြစ်ပေါ်စေနိုင်သည့် အခြေအနေများ လျော့ချရန် သို့မဟုတ် ပပျောက်စေရန် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အကောင်းဆုံးလုပ်ဆောင်နိုင်သည့်နည်းလမ်းမှာ လူပုဂ္ဂိုလ်များအား နိုင်ငံသားဖြစ်ပိုင်ခွင့် ဆုံးရှုံးမှုမရှိကြောင်း သေချာမှုရှိစေရန်လည်းကောင်း၊ အဆိုပါပုဂ္ဂိုလ်များသည် အချို့သော အခြေအနေအရပ်ရပ်ကြောင့် နိုင်ငံမဲ့အဖြစ် ကျရောက်သွားနိုင်ပါက နိုင်ငံသားအဖြစ် အပ်နှင်းနိုင်ရန်လည်းကောင်း၊ ထိုသူများသည် ဆက်လက်၍ နိုင်ငံမဲ့ဖြစ်နေလျှင် သို့မဟုတ် နိုင်ငံမဲ့ဖြစ်သွားခဲ့လျှင် ထိုသူများကို ပြည့်စုံလုံလောက်သော အကာအကွယ် ပေးရန်အတွက်လည်းကောင်း အပြည်ပြည်ဆိုင်ရာဥပဒေနှင့် လိုက်လျောညီထွေရှိသော ပြည်တွင်းဥပဒေကို ပြဋ္ဌာန်းပေးရန်ပင်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံမဲ့ ပုဂ္ဂိုလ်များ၏အရေးကို ဖြေရှင်းရန် မိမိတို့၏ သက်ဆိုင်ရာအစိုးရများအား တိုက်တွန်းခြင်း အားဖြင့်လည်းကောင်း၊ မိမိတို့၏ မဲဆန္ဒနယ်များတွင် နိုင်ငံမဲ့မှုနှင့် ဆက်နွယ်နေသော ပြဿနာရပ်များကို ပိုမိုသိရှိ နားလည်လာစေရန် အသိတရား တိုးပွား မြှင့်တင်ပေးခြင်း အားဖြင့်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံက ချမှတ်သည့် မူဝါဒများတွင် အမှတ်တမဲ့ဖြစ်စေ၊ တမင်သက်သက်ဖြစ်စေ၊ နိုင်ငံမဲ့ ဖြစ်ပေါ်စေမည့် မူဝါဒများ မပါဝင်စေရန် ကြပ်မတ်စောင့်ကြည့်သော အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။

ဤလက်စွဲစာစောင်တွင် နိုင်ငံမဲ့ဘဝ ကျရောက်နေရမှုနှင့် ဆက်နွယ်ပတ်သက်နေသည့် အကြောင်းတရားများ၊ ပြဿနာများ၊ ဖြစ်နိုင်ဖွယ်ရာ ဖြေရှင်းချက်များနှင့် အရေးယူ ဆောင်ရွက်ရမည့်လုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လူမှုရေးရှုထောင့်မှ မျက်ခြေမပြတ် ဆောင်ရွက်နိုင်ရန် အကြံပြုတင်ပြထားပါသည်။ ကမ္ဘာအရပ်ရပ်ရှိ အမျိုးသား၊ အမျိုးသမီး၊ ကလေးငယ်များပါဝင်သည့် သန်းပေါင်းများစွာသော သူများ၏ဘဝ ထိခိုက်နေသည့် အဖြစ်ဆိုးကြီး လျော့နည်းပပျောက်သွားစေရန်အတွက် ဤလက်စွဲသည် လွှတ်တော်ကိုယ်စားလှယ်များအတွက် အသုံးဝင်သော ကိရိယာ တန်ဆာပလာ တစ်ခု ဖြစ်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

| | |
|---|---|
| ပုံ | ပုံ |
| x x x x x x x x x | x x x x x x x x x |
| António Guterres | Anders B. Johnsson |
| ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ | အထွေထွေအတွင်းရေးမှူးချုပ် |
| မဟာမင်းကြီး | နိုင်ငံအချင်းချင်းဆိုင်ရာ လွှတ်တော်သမဂ္ဂ |



# မာတိကာ

**အသိအမှတ်ပြုကျေးဇူးတင်လွှာ** ၂
**အမှာစာ** ၃
**နိဒါန်း** ၉
**အခန်း – ၁**
နိုင်ငံသားအဖြစ်ရပိုင်ခွင့်နှင့် နိုင်ငံမဲ့ဖြစ်မှုလျော့ချရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေဘောင် ၁၅
**အခန်း – ၂**
နိုင်ငံမဲ့ဖြစ်နေသူများအား ဖော်ထုတ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း ၃၇
**အခန်း – ၃**
နိုင်ငံမဲ့ဖြစ်မှု ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ ပပျောက်စေခြင်း ၆၁
**အခန်း – ၄**
UNHCR ၏ အခန်းကဏ္ဍ ၉၇
**အခန်း – ၅**
လွှတ်တော်ကိုယ်စားလှယ်များ မည်သို့ကူညီပံ့ပိုးနိုင်ပါသလဲ ၁၁၁
**နောက်ဆက်တွဲ ၁**
၁၉၅၄ ခုနှစ် နိုင်ငံမဲ့ဖြစ်နေသူများ၏ အဆင့်အခြေအနေဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံများ ၁၂၃
**နောက်ဆက်တွဲ ၂**
၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်မှုလျော့ချရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်း၏အဖွဲ့ဝင်နိုင်ငံများ ၁၂၈
**နောက်ဆက်တွဲ ၃**
နောက်မှပါဝင်ချုပ်ဆိုမှုစာတမ်းစံပြပုံစံများ ၁၃၁
**နောက်ဆက်တွဲ ၄**
UNHCR ၏ ကိုယ်စားပြုရုံးများ ၁၃၃
**UNHCR နှင့် IPU တို့၏အကြောင်းအကျဉ်းချုပ်...** ၁၃၄

# နိဒါန်း

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားများဖြစ်ကြသော ကျွန်ုပ်တို့သည် နိုင်ငံသားဖြစ်မှုက ကျွန်ုပ်တို့အပေါ် ပေးထားသည့် အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများရှိသည်ကို လက်ခံထားကြရသည်။ ကျွန်ုပ်တို့အများစုသည် မိမိ၏သားသမီးများကို ကျောင်းအပ်နှံခြင်း၊ ကျွန်ုပ်တို့ နေထိုင်မကောင်းဖြစ်သည့်အခါ ဆေးဝါးကုသမှုခံယူခြင်း၊ လိုအပ်လျှင် အလုပ်အကိုင်လျှောက်ထားခြင်းနှင့် အစိုးရအဖွဲ့အတွင်းသို့ ကျွန်ုပ်တို့၏ ကိုယ်စားလှယ်များ မဲပေးရွေးချယ်စေလွှတ်ခြင်း စသည်တို့ ပြုလုပ်နိုင်ကြသည်။ ကျွန်ုပ်တို့ နေထိုင်သည့်နိုင်ငံ၌ ကျွန်ုပ်တို့အတွက် အကျိုးတရားများရှိသည်ဟု သိနေကြသည်။ ကျွန်ုပ်တို့သည် မိမိတို့တစ်ဦးချင်းထက် ပို၍ မြင့်မြတ်သောအရာနှင့် ပိုင်ဆိုင်မှု ရှိနေသည်ဟု အသေအချာ သိနေကြသည်။

သို့သော် နိုင်ငံသားဖြစ်မှုမရရှိသော ပုဂ္ဂိုလ်များ၊ နိုင်ငံမဲ့ဖြစ်နေသော ပုဂ္ဂိုလ်များ၏ ဘဝသည် မည်သို့ ရှိနေမည်နည်း။ နိုင်ငံသားဖြစ်မှု မရရှိသောသူတစ်ဦးသည် မိမိနေထိုင်သည့် နိုင်ငံတွင်း၌ မဲပေးခွင့်ရရန် မှတ်ပုံတင်ထားခွင့် မရှိပေ။ ခရီးသွားလာရန်အတွက် အထောက်အထား စာရွက်စာတမ်းများ၊ လျှောက်ထားခွင့်မရှိပေ။ ထို့အပြင် လက်ထပ်ထိမ်းမြားခြင်းကိုလည်း မှတ်ပုံမတင် နိုင်ပေ။ အချို့သော အဖြစ်အပျက်များတွင် နိုင်ငံမဲ့ဖြစ်နေသူများသည် မိမိတို့၏ မူရင်းနိုင်ငံ၏ ပြင်ပ၌ ရောက်ရှိနေသည့်အခါ သို့မဟုတ် မိမိနေထိုင်ခဲ့ရာနေရာ နိုင်ငံပြင်ပ၌ ရောက်ရှိနေသည့်အခါ နိုင်ငံများက မိမိတို့၏ နယ်မြေအတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်းကို ခွင့်မပြုလျှင် အချိန်ကြာမြင့်စွာ ထိန်းသိမ်းချုပ်နှောင်ထားခြင်း ခံကြရနိုင်သည်။ နိုင်ငံတစ်နိုင်ငံနှင့် ဥပဒေကြောင်းအရ ဆက်နွယ်မှုရှိကြောင်း

သက်သေမပြနိုင်သူ ပုဂ္ဂိုလ်များသည် အခြေခံအကျဆုံး အခွင့်အရေးများဖြစ်သော ပညာသင်ကြား ဆည်းပူးခွင့်၊ ဆေးဝါးကုသမှု ခံစားခွင့်၊ အလုပ်လုပ်ကိုင်ခွင့်များပင်လျှင် ရံဖန်ရံခါ ငြင်းပယ်ခြင်း ခံရကြရသည်။

> "ကျွန်ုပ်နေထိုင်နေသည့် နိုင်ငံက ကျွန်ုပ်အား နိုင်ငံသား "မဟုတ်" ကြောင်း၊ ကျွန်ုပ် မွေးဖွားခဲ့သည့်နိုင်ငံက ကျွန်ုပ်အား နိုင်ငံသား "မဟုတ်" ဟုပြောကြားခြင်း၊ ကျွန်ုပ် မိဘများ၏နိုင်ငံမှ ကျွန်ုပ်အား နိုင်ငံသား "မဟုတ်"ဟု ပြောကြားခြင်း "ငါတို့နဲ့မင်း ဘာမှ မသက်ဆိုင်ဘူး" ဟု ထပ်ခါကြားနေရခြင်းတို့သည် ကိုယ့်ကိုယ်ကို တန်ဖိုးမရှိတော့သလို ဖြစ်လာပြီး အဘယ်ကြောင့် အသက်ရှင်နေရသည် ဆိုသည်ကိုပင် နားမလည်နိုင်တော့ပါ။ နိုင်ငံမဲ့တစ်ဦးဖြစ်နေရခြင်းကြောင့် တန်ဖိုးမဲ့သောအရာများသာ အမြဲဝန်းရံခံနေရသည်။"
>
> နိုင်ငံမဲ့တစ်ဦးဖြစ်ခဲ့ဖူးသူ လာရာ (Lara)

၂၀၀၃ ခုနှစ်တွင် UNHCR ကကောက်ခံခဲ့သော နိုင်ငံမဲ့ဖြစ်သူနှင့် ပတ်သက်သော စစ်တမ်းတစ်ရပ်က နိုင်ငံမဲ့ဖြစ်ပေါ်မှုဆီသို့ ဦးတည်နေသည့်ပြဿနာ ကင်းမဲ့သည့်ဒေသ ကမ္ဘာပေါ်တွင် မရှိကြောင်း အတည်ပြုသည်။ သို့သော်ငြားလည်း ကမ္ဘာအရပ်ရပ်တွင် နိုင်ငံမဲ့ဖြစ်နေသူဦးရေ မည်မျှရှိနေသည် ဆိုသည့်အချက်ကို တိတိကျကျ မသိရှိနိုင်ပါ။ နိုင်ငံအများသည် တိကျပြည့်စုံသော အချက်အလက်များ ဖော်ထုတ်ပြောဆိုရန် ဆန္ဒမရှိကြ သို့မဟုတ် ဖော်ထုတ်ပေးနိုင်စွမ်း မရှိကြပါ။ နိုင်ငံအနည်းငယ်မျှသာ မိမိတို့နိုင်ငံ၌ နိုင်ငံမဲ့ဦးရေ မည်မျှရှိသည်ကို မှတ်တမ်းတင်သည့်စနစ် ထားရှိကြသည်။ အမှန်ဆိုရသော် မည်သည့်နိုင်ငံမှ မိမိတို့၏ နယ်နိမိတ်အတွင်း နိုင်ငံမဲ့ဖြစ်နေသူဦးရေ မည်မျှရှိသည်ကို အစီရင်ခံလိုသည် ဆိုသည့် ရှင်းလင်းချက် မရှိပါ။ ကမ္ဘာတစ်ဝှမ်း၌ အမှန်တကယ် နိုင်ငံသားဖြစ်မှု မရှိဘဲ နေထိုင်နေရသည့် လူများသန်းပေါင်းများစွာ ရှိနေသည်ဟု UNHCR က ခန့်မှန်းထားသည်။

၂၀ ရာစုနှစ် ပထမပိုင်းကာလရောက်ရှိမှသာ ကမ္ဘာ့ပြဿနာတစ်ရပ်ဖြစ်ကြောင်း စတင်သတိပြုမိလာခဲ့ကြသည့် နိုင်ငံမဲ့ဖြစ်မှုသည် လူတစ်စု သို့မဟုတ် လူပုဂ္ဂိုလ်များသည် ဥပဒေရေးရာ ရှုထောင့်မှ မည်သူမည်ဝါ ဖြစ်သည်ကို ဖော်ထုတ်



ရာ၌ နိုင်ငံများအကြား အငြင်းပွားမှုမှပေါ်လာခြင်း ဖြစ်နိုင်သည်။ နိုင်ငံဆက်ခံခြင်း၊ လူမှုအဖွဲ့အစည်းအတွင်းရှိ သီးသန့်ဖြစ်နေသည့် အုပ်စုငယ်များအား ရေရှည်ခွဲခြားဖယ်ကြဉ်ထားခြင်း သို့မဟုတ် လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများအား နိုင်ငံသားဖြစ်မှု အခွင့်အရေးမပေးဘဲ နုတ်သိမ်းထားခြင်း စသည်တို့ကြောင့်လည်း ဖြစ်ပေါ်လာနိုင်သည်။ နိုင်ငံမဲ့ဖြစ်မှုသည် အပြည်ပြည်ဆိုင်ရာဆက်ဆံရေး နက်နက်နဲနဲ အပြောင်းအလဲဖြစ်ပေါ်သည့် ကာလများနှင့် သာမန်အားဖြင့် ဆက်စပ်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်မျဉ်းကြောင်းများ ပြန်လည်ရေးဆွဲခြင်း၊ အငြင်းပွားဖွယ်ရှိသော နိုင်ငံရေးပြဿနာ အဆုံးသတ်ရေးအတွက် အမျိုးသားရေးခေါင်းဆောင်များသည် နိုင်ငံရေးစနစ်များကို ကြိုးကိုင်ချယ်လှယ်ခြင်း နှင့် / သို့မဟုတ် မထင်ရှားသည့် လူမျိုး၊ ဘာသာ သို့မဟုတ် လူမျိုးစု လူနည်းစုများအား ဖယ်ထုတ်ရန် နိုင်ငံသားဖြစ်မှုမှ ငြင်းပယ်ခြင်း သို့မဟုတ် နိုင်ငံသားဖြစ်ခွင့် မပေးဘဲထားခြင်း စသည်တို့ကြောင့် နိုင်ငံမဲ့ဖြစ်သူများ ကမ္ဘာ့ဒေသကြီးတိုင်းတွင် ပေါ်ပေါက်လာရခြင်း ဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း (၂၀)မှ အစပြု၍ နိုင်ငံသားဖြစ်မှု ဟန့်တားခံရသူ သို့မဟုတ် အမှန်တကယ် နိုင်ငံသား မဖြစ်လာသူများ တိုးပွားလာသည်။ အကယ်၍ ဤသို့သော အခြေအနေများကို ဆက်လက် ခွင့်ပြုထားမည်ဆိုပါက အကျိုးသက်ရောက်မှုခံနေရသော လူဦးရေအတွင်း၌ မဲပေးပိုင်ခွင့်များ ဆုံးရှုံးခြင်း ဆိုသော နက်ရှိုင်းသည့်အတွေးသည် အဆုံး၌ အစမ္မရွှေ့ပြောင်းမှုများကို ဖြစ်ပေါ်လာစေနိုင်သည်။

> "နိုင်ငံသားဖြစ်မှုမှ ပိတ်ပင်ဟန့်တားခံရခြင်းသည် လောကီရေးရာကိစ္စအရပ်ရပ်မှ ပိတ်ပင်ဟန့်တားခံရခြင်း ပင်ဖြစ်သည်။ တောကြီးမျက်မည်းအတွင်း ဂူအောင်းလူသတ္တဝါ သို့မဟုတ် အရိုင်းအစိုင်းဘဝသို့ ပြန်လည်ရောက်ရှိခြင်းနှင့် တူပေသည်။ ထိုအခါ လူတစ်ဦးသည် မည်သည့်တန်ဖိုးမျှ ရှိတော့မည် မဟုတ်ပေ။ အခြားသူများက မိမိတို့အထဲမှ လူတစ်ယောက်ဟု လက်ခံနိုင်သည့်သူ၏ အရည်အသွေးများလည်း ပျောက်ဆုံးသွားသည်။ ၄င်းတို့သည် မည်သည့်အစအနမျှ ကျန်ရစ်ခြင်းမရှိ လူ့ဘုံလောကအတွက် မည်သို့မျှ အထောက်အကူမပြုဘဲ ရှင်သန် ကွယ်လွန်သွားလေသည်။"
>
> ဟာနာအာရန်ဒ်၊ တစ်ပါတီအာဏာရှင်စနစ်၏ ဇစ်မြစ်
> Hannah Arendt The Origins of Totalitarianism

ဤလက်စွဲစာအုပ်သည် လွှတ်တော်ကိုယ်စားလှယ်များအား နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံမဲ့ဖြစ်မှုများနှင့် ပတ်သက်၍ ချမှတ်ထားသည့် အပြည်ပြည်ဆိုင်ရာမူများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် ဖြည့်ဆည်း ဆောင်ရွက်ပေးရန် ရည်ရွယ်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေသည် နိုင်ငံများအား မိမိတို့၏ နိုင်ငံသားများနှင့် ပတ်သက်၍ ကနဦးနိုင်ငံသားဖြစ်မှုကို အဓိပ္ပာယ်သတ်မှတ်ရန်နှင့် နိုင်ငံသားရယူခြင်း၊ ဆုံးရှုံးခြင်းနှင့် ဆက်လက် ရပ်တည်ခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ရန် စသည်တို့နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့် ပေးထားသည်။ သို့သော်ငြားလည်း အကယ်၍ ယင်းသို့ ဆောင်ရွက်ပိုင်ခွင့်သည် နိုင်ငံမဲ့ဖြစ်မှု ပေါ်ပေါက်စေခဲ့လျှင်သော်လည်းကောင်း၊ သို့မဟုတ် လူအချင်းချင်း ခွဲခြားဆက်ဆံမှုအတွက် ကျင့်သုံးလျှင်လည်းကောင်း (၂၀) ရာစုနှစ်တစ်လျှောက် တိုးတက်ဖြစ်ပေါ်လာသော လူ့အခွင့်အရေးအခြေခံမှုများက ယင်းလွှတ်လပ်သော အခွင့်အရေး ပေးထားချက်အပေါ် ကန့်သတ်ချက်များ ရှိလာသည်။

နိုင်ငံမဲ့ဖြစ်မှုနှင့် ဆက်စပ်နေသော ပြဿနာရပ်များ ကိုင်တွယ်ဖြေရှင်းရန်အတွက် နိုင်ငံများသည် အတူတကွ ပူးပေါင်းဆောင်ရွက်ကြသော်လည်း ကမ္ဘာတစ်ဝှမ်းတွင် အမှန်တကယ် နိုင်ငံသားဖြစ်မှု မရရှိသည့် လူများသန်းပေါင်းများစွာ ရှိနေသေးသည်။ ဤလက်စွဲစာအုပ်တွင် အပြည်ပြည်ဆိုင်ရာဥပဒေ အထူးသဖြင့် ၁၉၅၄ ခုနှစ် နိုင်ငံမဲ့ဖြစ်နေသူများ၏ အဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းအရ အကာအကွယ်ပေးထားသည့် နိုင်ငံမဲ့ဖြစ်နေသူများ၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို ဆွေးနွေးတင်ပြထားသည်။ (UNHCR ၏ အဆိုပါ ကွန်ဗင်းရှင်း မြှင့်တင်ရေးအတွက် အားထုတ်ကြိုးပမ်းခဲ့သော်လည်း ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့ရှိ အခြေအနေကို ကြည့်သော် (၆၅) နိုင်ငံသာလျှင် ၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်းကို အတည်ပြု လက်မှတ်ရေးထိုးခြင်း သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုခြင်း ပြုလုပ်မှုကို နှိုင်းယှဉ်သုံးသပ်ရသော် နိုင်ငံပေါင်း (၁၄၇) နိုင်ငံသည် ၁၉၅၁ ခုနှစ် ကွန်ဗင်းရှင်းနှင့် / သို့မဟုတ် ၁၉၆၇ ခုနှစ် ဒုက္ခသည်များ၏ အဆင့်အခြေအနေဆိုင်ရာ အခြေပြစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးခြင်း သို့မဟုတ် နောက်မှ ပါဝင်ချုပ်ဆိုခြင်း ပြုလုပ်ထားသည်။) ဤလက်စွဲစာအုပ်သည် နိုင်ငံမဲ့ဖြစ်ရသည့်အကြောင်းရင်းများကို မီးမောင်းထိုးပြပြီး နိုင်ငံအစိုးရများက မိမိတို့နိုင်ငံရှိ နိုင်ငံသားဖြစ်မှုဥပဒေကို လိုက်နာကျင့်သုံးရာ၌ နိုင်ငံမဲ့များ ပေါ်ပေါက်ရေးအတွက် မရည်ရွယ်ဘဲ ဖြစ်မသွားရန် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို ထည့်သွင်းစဉ်းစား တင်ပြထားသည်။



ကုလသမဂ္ဂ၏ အေဂျင်စီတခုဖြစ်သော UNHCR သည် နိုင်ငံမဲ့ဖြစ်ပေါ်စေသည့် အခြေအနေများ လျော့ပါးအောင် ကူညီ ဆောင်ရွက်ပေးသည့်အပြင် နိုင်ငံမဲ့ဖြစ်နေသူများအား အမှန်တကယ် နိုင်ငံသားဖြစ်ရေးတွင် အကူအညီပေးသည်။ ဤလက်စွဲစာအုပ်တွင် UNHCR က ၎င်းပါဝင်ရသည့် အခန်းကဏ္ဍနှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်သည်ကို ဖေါ်ပြထားသည်။ ဤလက်စွဲစာအုပ်သည် နိုင်ငံမဲ့ဖြစ်ပေါ်စေသည့်ဖြစ်ရပ်များ လျော့ပါးစေရန် လွှတ်တော်ကိုယ်စားလှယ်များအား ဆောင်ရွက်နိုင်မည့် လက်တွေ့နည်းလမ်းများကို အကြံပြုထားသည်။ လိုအပ်လျှင် မိမိတို့နိုင်ငံ၏ နိုင်ငံသားဖြစ်မှုဥပဒေ ပြန်လည်ပြင်ဆင်ခြင်း၊ မိမိတို့၏ အစိုးရများအား နိုင်ငံမဲ့ဖြစ်မှုနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ စာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးရေး၊ အများပြည်သူတို့အား နိုင်ငံမဲ့ဖြစ်မှုနှင့် ပတ်သက်သည့် ပြဿနာရပ်များ သိရှိလာအောင်လှုံ့ဆော်ပေးခြင်း စသည့် ပြန်လည်သုံးသပ်ခြင်း ကိစ္စရပ်များ အကြံပြု တင်ပြထားသည်။

နိုင်ငံရေးစိတ်ဆန္ဒ အပြည့်အဝရှိသော သက်ဆိုင်ရာနိုင်ငံများ၏ ကျေးဇူးကြောင့် နိုင်ငံမဲ့ဖြစ်မှု ရေရှည်ဖြစ်ပေါ်နေသည့် အခြေအနေကို မည်သို့ ဖြေရှင်းနိုင်ခဲ့သည် ဆိုသည့်အချက်ကို အပြုသဘောဆောင်သည့် သာဓကများဖြင့် ဤစာအုပ်တွင် ဖော်ပြထားသည်။ ထို့အပြင် လူမှုအဖွဲ့အစည်းများ ပါဝင်ပတ်သက်မှုနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီတို့ဖြင့် ဖြေရှင်းနိုင်ခဲ့ပုံကိုလည်း ဖော်ပြထားသည်။ "မွန်မြတ်မှန်ကန်သော ကျင့်ထုံးများ" ကို အစိုးရများ၊ လူမှုအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံမဲ့ဖြစ်နေသူများသည် နောက်ဆုံးတွင် "အခွင့်အရေးများ ရပိုင်ခွင့်"ကို ခံစားနိုင်ကြမည် ဖြစ်ကြောင်း ပုံဖော်ထားပါသည်။

## အခန်း - ၁

## နိုင်ငံသားအဖြစ် ရပိုင်ခွင့်နှင့် နိုင်ငံမဲ့ဖြစ်မှုလျော့ချရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေဘောင်

နိုင်ငံသားဖြစ်ခြင်း (Nationality) သည် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာရှိမှုနှင့် စရိုက်လက္ခဏာကို ဖော်ထုတ်ပြသရာရောက်သောကြောင့် နက်နဲသိမ်မွေ့သော ကိစ္စတစ်ရပ် ဖြစ်သည်။ မည်သည့်နိုင်ငံသား ဖြစ်သည် ဆိုသည့် အချက်နှင့် ပတ်သက်၍ နိုင်ငံတစ်နိုင်ငံအတွင်း၌လည်းကောင်း၊ နိုင်ငံများအကြား၌လည်းကောင်း၊ အငြင်းပွားမှုများ ရလဒ်အဖြစ် မကြာခဏ တင်းမာမှုများ၊ ပဋိပက္ခများ ဖြစ်ပွားရခြင်းမှာ အံ့သြစရာ မဟုတ်ပါ။ (၂၀) ရာစုနှစ်များအတွင်းက ကမ္ဘာတစ်ဝှမ်း၌ နိုင်ငံမဲ့ ဖြစ်ပေါ်စေသည့်ဖြစ်ရပ်များ ပိုမိုဖြစ်ပွားလာပြီး လူ့အခွင့်အရေးနှင့် ပတ်သက်သော အသိအမြင်နှင့် စိုးရိမ်မကင်းဖြစ်မှု ပိုမိုတိုးပွားလာသည်။ ထို့ကြောင့်ပင် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေလမ်းကြောင်းနှစ်ကြောင်း တစ်စစ ပေါ်ပေါက်လာသည်။ လမ်းကြောင်းတစ်ခုမှာ နိုင်ငံမဲ့ ဖြစ်နေသူများအား အကာအကွယ်ပေးရန်နှင့် အကူအညီပေးရန်ဖြစ်ပြီး နောက်လမ်းကြောင်းတစ်ခုမှာ နိုင်ငံမဲ့ဖြစ်ပေါ်စေသည့်ဖြစ်ရပ်များ ပပျောက်ရေးသို့မဟုတ် ယုတ်စွအဆုံး လျော့ပါးစေရေးတို့ ဖြစ်သည်။

## လူပုဂ္ဂိုလ်တစ်ဦးအား နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသား ဟုတ်၊ မဟုတ် မည်သူက အဆုံးအဖြတ်ပေးသနည်း

မူအားဖြင့် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သည့် ပြဿနာရပ်များသည် ယင်းနိုင်ငံ၏ ပြည်တွင်း စီရင်ပိုင်ခွင့်အတွင်း၌ ကျရောက်သည်။ သို့သော်ငြားလည်း နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းဆုံးဖြတ်ချက်ကို လိုက်နာကျင့်သုံးမှုနှင့် စပ်လျဉ်း၍ အခြားနိုင်ငံများ၏ အလားတူ အရေးယူဆောင်ရွက်မှု သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဥပဒေက ကန့်သတ်ထားနိုင်သည်။

၁၉၂၃ ခုနှစ်၊ တူနစ် (Tunis) နှင့် မော်ရိုကို (Morocco) နိုင်ငံသားဖြစ်မှု အမိန့်များအပေါ် အကြံပေး ထင်မြင်ချက်ပေးရာတွင် အပြည်ပြည်ဆိုင်ရာ **အမြဲတမ်းတရားရုံး (Permanent Court of International Justice)** က အောက်ပါအတိုင်း ဖော်ပြထားသည်။

"ပြဿနာတစ်ရပ်သည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီရင်ပိုင်ခွင့်အတွင်း လုံးဝကျရောက်ခြင်း ရှိမရှိဆိုသည့် မေးခွန်းသည် ချိန်ထိုး စဉ်းစားရမည့် အရေးပါသော မေးခွန်း ဖြစ်သည်။ အဆိုပါ အချက်သည် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် တည်မှီသည်။"

အမြဲတမ်းတရားရုံးက ဆိုလိုသည့်အချက်မှာ နိုင်ငံသားဖြစ်မှုပြဿနာသည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီရင်ပိုင်ခွင့်အတွင်း ကျရောက်သည် ဆိုသည့် အချက်မှာ မူအားဖြင့် မှန်ကန်သော်လည်း အပြည်ပြည်ဆိုင်ရာဥပဒေ၏ နည်းဥပဒေများက သတ်မှတ်ထားသည့် နိုင်ငံများက အခြားနိုင်ငံများအပေါ် ထားရှိသည့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို လေးစားလိုက်နာရမည်။

ဤချဉ်းကပ်နည်းကို နောင်(၇)နှစ်အကြာ၌ ကျင်းပသည့် နိုင်ငံသားဖြစ်မှု ဥပဒေများ အချင်းချင်း ပဋိပက္ခဖြစ်မှုနှင့် စပ်လျဉ်းသော အချို့သော ပြဿနာရပ်များဆိုင်ရာ **သည်ဟိတ်ကွန်ဗင်းရှင်း (The Hague Convention on Certain Questions Relating to the Conflict of Nationality Laws)** တွင် ထပ်မံ ဖော်ဆောင်ထားသည်။ နိုင်ငံအများအပြားသည် အမြဲတမ်းတရားရုံး၏ ၁၉၂၃ ခုနှစ် အကြံပေး



ထင်မြင်ချက်သည် နိုင်ငံသားဖြစ်မှုဆိုင်ရာ ၁၉၃၀ ဟိတ်ကွန်ဗင်းရှင်း ပြင်ဆင်ရေးဆွဲရေးလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိရာ နိုင်ငံအများအပြားက ယင်းအကြံပေး ထင်မြင်ချက်အပေါ် အမှန်ပင် သုံးသပ်မှုများ ပြုလုပ်ခဲ့ကြသည်။ နိုင်ငံအများအပြားက အဆိုပါ အကြံပေး ထင်မြင်ချက်သည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားဖြစ်မှုနှင့် ဆက်နွယ်သည့် ဆုံးဖြတ်ချက်များသည် ယင်းနိုင်ငံ၏ ပြင်ပ၌ ကျင့်သုံးမှုအပေါ် ကန့်သတ်ချက်ချမှတ်ရာ ရောက်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ အထူးသဖြင့် ထိုဆုံးဖြတ်ချက်များသည် အခြားနိုင်ငံများ၏ နိုင်ငံသားဖြစ်မှုနှင့် ဆက်နွယ်သည့် ဆုံးဖြတ်ချက်များ အချင်းချင်း ပဋိပက္ခဖြစ်သည့်အခါမျိုးတွင် ဖြစ်သည်။

နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ညီလာခံက ကမကထပြုလုပ်ကျင်းပသည့် ၁၉၃၀ ပြည့်နှစ် ဟိတ်ကွန်ဗင်းရှင်းညီလာခံသည် လူတိုင်း နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ရပ်တည်ပိုင်ခွင့်ရှိသည်ဆိုသည်ကို သေချာစေရန် ကြိုးပမ်းအားထုတ်သည့် ပထမဆုံး အပြည်ပြည်ဆိုင်ရာညီလာခံ ဖြစ်သည်။ ကွန်ဗင်းရှင်း၏ အပိုဒ် – ၁ ၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

> "နိုင်ငံတစ်နိုင်ငံချင်းစီက မည်သူသည် မိမိ၏နိုင်ငံသား ဖြစ်သည် ဆိုသည့်အချက်ကို မိမိ၏ဥပဒေအတိုင်းဆုံးဖြတ်ရန် ဖြစ်သည်။ ဤဥပဒေသည် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးစံများနှင့် နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ အများက အသိအမှတ်ပြုထားသည့် ဥပဒေမူများနှင့် ကိုက်ညီပါက အခြားနိုင်ငံများက အသိအမှတ်ပြုရမည်။"

တစ်နည်းဆိုရသော် နိုင်ငံတစ်နိုင်ငံက နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ မိမိ၏ ဆုံးဖြတ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် အပြည်ပြည်ဆိုင်ရာဥပဒေပါ စပ်ဆိုင်သော ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်ရန်လိုအပ်သည်။ (၂၀) ရာစုနှစ် တစ်လျှောက်လုံးတွင် ဤပြဋ္ဌာန်းချက်များသည် နိုင်ငံများ၏ အချုပ်အခြာအာဏာ ပိုင်ခွင့်ထက် လူ့အခွင့်အရေးကို တဖြည်းဖြည်းချင်း ဦးစားပေးသည်။

၁၉၄၈ ခုနှစ်၊ **အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း** ၏ အပိုဒ် (၁၅) က အောက်ပါအတိုင်း ဖော်ပြသည်။

"ဥပဒေအရမဟုတ်လျှင် မည်သူမျှ မိမိ၏နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခြင်း မခံစေရ၊ နိုင်ငံသားအဖြစ် ပြောင်းလဲနိုင်သော အခွင့်အရေးကိုလည်း ငြင်းပယ်ခြင်း မခံစေရ။ လူတိုင်းသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူခွင့် ရှိသည်။"

ဤအခွင့်အရေးသည် လူတစ်ဦးတစ်ယောက်နှင့် နိုင်ငံတစ်နိုင်ငံအကြား **စစ်မှန်၍ ထိရောက်သော ဆက်သွယ်မှုတည်ရှိခြင်းအပေါ်** အခြေခံထားသည်။ ၁၉၅၅ ခုနှစ်တွင် **အပြည်ပြည်ဆိုင်ရာတရားရုံး** ( **The International Court of Justice**) ကချမှတ်သော နတ်ဗုမ်းအမှု Nottebohm Case တွင် ဤဆက်နွယ်မှုသည် နိုင်ငံသားဖြစ်မှု၏ အခြေခံဖြစ်ကြောင်း ပထမဆုံးအကြိမ် အသိအမှတ်ပြုထားသည်။ ထိုအမှုတွင် တရားရုံးက အောက်ပါအတိုင်း ဖော်ပြထားသည်။

"နိုင်ငံများ၏ လက်တွေ့ကျင့်သုံးမှုအရလည်းကောင်း၊ ခုံသမာဓိနှင့် တရား စီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များအရလည်းကောင်း၊ ကျမ်းပြုစုသူများ၏ ထင်မြင်ချက်အရလည်းကောင်း၊ နိုင်ငံသားဖြစ်မှု ဆိုသည်မှာ လူမှုရေးဆိုင်ရာ အချက်အလက်ဆိုသည့် တွယ်တာမှု၊ စစ်မှန်သော ဖြစ်တည်မှု၊ အကျိုးစီးပွားနှင့် သစ္စာစောင့်သိမှုတို့နှင့် စပ်လျဉ်းသော ဆက်နွယ်မှုနှင့်တကွ အခွင့်အရေးများနှင့် တာဝန် ဝတ္တရားများ အပြန်အလှန် တည်ရှိခြင်းတို့အပေါ် အခြေခံထားသည့်ဥပဒေရေးရာ စာချုပ်တစ်ရပ် ဖြစ်သည်။"

မွေးဖွားရာဇာတိ၊ နေရင်းဒေသနှင့် သို့မဟုတ် ဆင်းသက်ခဲ့သည့် ဆွေစဉ်မျိုးဆက် တို့ဖြင့် ဖော်ထုတ်ပြသသည့် စစ်မှန်ထိရောက်သော ဆက်နွယ်မှုကို နိုင်ငံအများအပြား၏ ပြည်တွင်းဥပဒေ ပြဋ္ဌာန်းချက်များတွင် လည်းကောင်း၊ ၁၉၉၇ ဥရောပ နိုင်ငံသားဖြစ်မှုဆိုင်ရာ ကွန်ဗင်းရှင်းကဲ့သို့သော နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်းသော မကြာသေးမီက ပေါ်ထွက်လာသည့် စာချုပ်စာတမ်းများတွင် လည်းကောင်း ထင်ဟပ်ဖော်ပြသည်။

အမေရိကန်နိုင်ငံများ အချင်းချင်းဆိုင်ရာ လူ့အခွင့်အရေးတရားရုံး (The Inter-American Court of Human Rights) ကလည်း နိုင်ငံသားဖြစ်မှုကို အောက်ပါအတိုင်းအဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

"ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား သက်ဆိုင်ရာနိုင်ငံနှင့် ဆက်စပ်ပေးသည့် အပြင် သစ္စာစောင့်သိမှုနှင့် စည်းနှောင်ပေးသော နိုင်ငံရေးနှင့် ဥပဒေရေးရာ စာချုပ်သည် ထိုသူအား အဆိုပါနိုင်ငံ၏ သံတမန်ရေးရာ ကာကွယ်စောင့်ရှောက်မှု ခံစားပိုင်ခွင့် ရရှိစေသည်။" (Castillo-Petruzzi et al v. Peru, Judgment of May 1999, IACHR [ser.C] No.52 1999)

## ဒုက္ခသည်များနှင့် နိုင်ငံမဲ့များ၏ အခွင့်အရေးကို မည်သို့ ကာကွယ် စောင့်ရှောက်ပေးသနည်း

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း၏ အပိုဒ်–၁၅ ၌ လူတိုင်းသည် နိုင်ငံသားဖြစ်ထိုက်သည့် အခွင့်အရေးရှိသည်ဟု ဖော်ပြထားသော်လည်း ထိုသူသည် မည်သည့် တစ်သီးတစ်ခြား နိုင်ငံသားဖြစ်သင့်သည် ဟု တိကျသောအချက်အလက်များ ဖော်ပြထားခြင်း မရှိပါ။ နိုင်ငံသားဖြစ်မှုနှင့် ဆက်စပ်နေသော အနိမ့်ဆုံး အခွင့်အရေးများဆိုင်ရာ စံနှုန်းကို ဟန့်တားထားခြင်း မရှိစေရန် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းသည် အဓိကကျသော စာချုပ်နှစ်ရပ် ဖော်ထုတ်စေခဲ့သည်။ ၄င်းတို့မှာ ၁၉၅၁ ခုနှစ် ဒုက္ခသည်များအဆင့် အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်း (the 1951 Convention relating to the Status of Refugees) နှင့် ၁၉၅၄ ခုနှစ် နိုင်ငံမဲ့များ၏အဆင့် အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်း (the 1954 Convention relating to the Status of Stateless Persons) တို့ ဖြစ်သည်။

## ၁၉၅၁ ခုနှစ် ဒုက္ခသည်များအဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းနှင့် နိုင်ငံမဲ့ဖြစ်မှုပြဿနာတို့အကြား ဆက်စပ်မှု ရှိပါသလား

ဒုတိယကမ္ဘာစစ် ဖြစ်ပွားပြီးနောက်ပိုင်း အသစ်ဖွဲ့စည်းတည်ထောင်သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံများသည် စစ်ကြောင့်ဖြစ်ပေါ်သည့် သန်းပေါင်းများစွာသော ဒုက္ခသည်များနှင့် နိုင်ငံမဲ့များ၏အရေး မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည့် အရေးကြီးသည့်ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ကြရသည်။ ကမ္ဘာ့ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC) ၏ ၁၉၄၉ ခုနှစ် ဆုံးဖြတ်ချက်တစ်ရပ်က ဒုက္ခသည်များနှင့် နိုင်ငံမဲ့များအတွက် ကွန်ဗင်းရှင်းတစ်ရပ် ဖော်ဆောင်ရန်အတွက် စဉ်းစားရန်နှင့် နိုင်ငံမဲ့ဖြစ်ပေါ်မှုအခြေအနေများ ဖယ်ရှားပစ်ရန် အဆိုပြုချက်များ စဉ်းစားဆွေးနွေးရန် တာဝန်ရှိသော အထူးကော်မတီ (Ad Hoc Committee) တစ်ရပ် ဖွဲ့စည်းတာဝန်ပေးရေးကို ဦးတည်စေခဲ့သည်။

နောက်ဆုံး၌ ကော်မတီအဖွဲ့ဝင်များသည် ဒုက္ခသည်များအဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းတစ်ရပ်နှင့် အဆိုပြုထားသည့်ကွန်ဗင်းရှင်း၏ နိုင်ငံမဲ့များအပေါ် အလေးပေးထားသည့် နောက်ဆက်တွဲစာချုပ် (Protocol) မူကြမ်းတစ်စောင်တို့ကို ရေးဆွဲနိုင်ခဲ့သည်။ ကော်မတီသည် နိုင်ငံမဲ့ဖြစ်မှုပပျောက်ရေးအတွက် အပြည့်အဝ မဖော်ပြခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ဥပဒေ ကော်မရှင် (ILC) က ဤပြဿနာကို အလေးပေးစဉ်းစားမည် ဟု မှတ်ယူခဲ့သောကြောင့် ဖြစ်သည်။

သမိုင်းကြောင်းအရ ဒုက္ခသည်များနှင့် နိုင်ငံမဲ့ဖြစ်နေသူများအား UNHCR မဖွဲ့စည်းမီက ရှိခဲ့သည့်ဒုက္ခသည်များနှင့် စပ်လျဉ်းသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် အကူအညီပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။ နိုင်ငံမဲ့ဖြစ်မှုနှင့် ပတ်သက်သည့် နောက်ဆက်တွဲ စာချုပ်မူကြမ်းသည် ဒုက္ခသည်များနှင့် နိုင်ငံမဲ့ဖြစ်နေသူများအကြား ဤအချိတ်အဆက်ကို ထင်ဟပ်ရန် ရည်ရွယ်ခဲ့သည်။ ဒုက္ခသည်များ၏ အရေးတကြီး လိုအပ်ချက်များနှင့် ဖျက်သိမ်းအံ့ဆဲဆဲဖြစ်သော ဒုက္ခသည်များနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတို့ကြောင့် အရေးကိစ္စနှစ်ရပ်စလုံးကို စဉ်းစားရန်ခေါ်ဆိုထားသည့် ၁၉၅၁ ခုနှစ် အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသည့် သံတမန်များ၏ ညီလာခံ (Conference of Plenipotentiaries)တွင် နိုင်ငံမဲ့များ၏အခြေအနေကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာ စဉ်းစားရန် လုံလောက်သောအချိန် မရရှိဘဲ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ကွန်ဖရင့်တွင် ၁၉၅၁ ခုနှစ် ဒုက္ခသည်များ၏ အဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းကိုသာ အတည်ပြုခဲ့ပြီး နိုင်ငံမဲ့များအရေးကိစ္စနှင့် ပတ်သက်သည့် နောက်ဆက်တွဲစာချုပ် (Protocol)ကို နောင်အခါ သင့်တော်သည့်အချိန်တွင် စဉ်းစား ဆွေးနွေးကြရန် ရွှေ့ဆိုင်းခဲ့သည်။

တစ်ဦးတစ်ယောက်အား လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံသားဖြစ်မှု၊ လူမှုအဖွဲ့အစည်းတစ်ရပ်၏ အဖွဲ့ဝင်ဖြစ်မှု၊ သို့မဟုတ် နိုင်ငံရေးသဘောထားကွဲလွဲမှုတို့ကြောင့် တရားလက်လွတ် နိုင်ငံသားဖြစ်မှု ငြင်းပယ်ခံရသူများအား ဒုက္ခသည်အဖြစ် အသိအမှတ် ပြုနိုင်သောကြောင့် **၁၉၅၁ ခုနှစ်၊ ဒုက္ခသည်များ ကွန်ဗင်းရှင်းအရ နိုင်ငံမဲ့ဖြစ်နေသော ဒုက္ခသည်များသည် ကာကွယ်စောင့်ရှောက်မှု ရရှိသည်။**



## ၁၉၅၄ ခုနှစ် နိုင်ငံမဲ့များ၏ အဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းသည် မည်သည်တို့ကို ပြဋ္ဌာန်းထားပါသနည်း

၁၉၅၁ ခုနှစ် ဒုက္ခသည်များဆိုင်ရာ ကွန်ဗင်းရှင်းတွင် မူကြမ်းအဖြစ် ပူးတွဲပါရှိခဲ့သော နိုင်ငံမဲ့ဖြစ်နေသူများဆိုင်ရာ နောက်ဆက်တွဲစာချုပ်သည် ၁၉၅၄ ခုနှစ်၌ သီးခြားရပ်တည်ပိုင်ခွင့်ရှိသော ကွန်ဗင်းရှင်းတစ်ရပ်အဖြစ် ပေါ်ပေါက်လာသည်။ **၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်းသည် နိုင်ငံမဲ့ဖြစ်နေသူများ၏အဆင့်တိုးတက်လာရေးအတွက် ဦးတည်သော အခြေခံကျသည့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းတစ်ရပ်** ဖြစ်သည့်အပြင် နိုင်ငံမဲ့ဖြစ်နေသူများအား မည်သည့် ခွဲခြားမှုမရှိစေဘဲ ၎င်းတို့၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ ပေးအပ်သည်။ (၁၉၅၄ ခုနှစ်၊ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများစာရင်းကို နောက်ဆက်တွဲ ၁ တွင် ကြည့်ပါသည်။)

ကွန်ဗင်းရှင်း ပြဋ္ဌာန်းချက်များသည် များသောအားဖြင့် ၁၉၅၁ ခုနှစ် ဒုက္ခသည်များဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် အလားတူသည်။ **ကွန်ဗင်းရှင်းကို သဘောတူလက်ခံခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်း အမြဲတမ်းနေထိုင်သူနှင့် ထိုနိုင်ငံတွင် မွေးဖွားသူများအား နိုင်ငံသားဖြစ်မှု ပေးအပ်ခြင်းနှင့်ပတ်သက်၍ အစားထိုးချက်တစ်ရပ် မဟုတ်ပါ။** နိုင်ငံမဲ့ဖြစ်နေသူတစ်ဦးအား မည်မျှပင် အခွင့်အရေးများ ပေးအပ်ထားသော်လည်း ၎င်းအခွင့်အရေးများသည် နိုင်ငံသားအဖြစ် ရရှိခြင်းနှင့် ထပ်တူပြု၍ မရပါ။

နိုင်ငံမဲ့သူဆိုသည်မှာ မည်သည့်နိုင်ငံကမျှ မိမိတို့နိုင်ငံ၏ နိုင်ငံသားအဖြစ် ဥပဒေနှင့်အညီ သတ်မှတ်ခြင်းမရှိသူ (တရားဝင်နိုင်ငံမဲ့ de jure ဟုလည်း ခေါ်ဆိုသော) ကို ဆိုလိုကြောင်း ၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်းတွင် တိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက် ပါဝင်သည်။

**မည်သူသည် နိုင်ငံသားနည်း။ မည်သူသည် နိုင်ငံမဲ့နည်း။**

ပြည်တွင်းဥပဒေအရ နိုင်ငံသားအဖြစ် ထည့်သွင်းစဉ်းစားခံရခြင်း ဆိုရာတွင် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ နိုင်ငံတစ်နိုင်ငံ၏ ဥပဒေရေးရာစာတမ်းပါ အချက်အလက်များနှင့် ကိုက်ညီသဖြင့် အလိုအလျောက် နိုင်ငံသားအဖြစ် လက်ခံစဉ်းစားခြင်း ခံရသူ သို့မဟုတ် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့

အစည်းများ၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ငံသားအဖြစ် အပ်နှင်းခြင်းခံရပြီးသူကို ဆိုသည်။ ထိုဥပဒေရေးရာ စာတမ်းများသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေသော်လည်းကောင်း၊ သမ္မတ၏ အမိန့်သော်လည်းကောင်း၊ နိုင်ငံသားဖြစ်မှု ဥပဒေသော်လည်းကောင်း ဖြစ်နိုင်သည်။ လူအများစုကို နိုင်ငံတစ်နိုင်ငံ၏ ဥပဒေများအရသာလျှင် နိုင်ငံသားများအဖြစ် လက်ခံစဉ်းစားသည်။ အများအားဖြင့် ထိုပုဂ္ဂိုလ်မွေးဖွားရာ နိုင်ငံ (Jus Soli) ၏ ဥပဒေများအရ ၊ သို့မဟုတ် မွေးဖွားချိန်၌ မိဘနှစ်ပါး၏ နိုင်ငံဖြစ်မှု ဥပဒေများအရ (Jus Sanguinis) လက်ခံစဉ်းစားသည်။

နိုင်ငံသားဖြစ်မှုဆိုင်ရာ အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းက နိုင်ငံသားအဖြစ် ပေးအပ်ပိုင်ခွင့် ခွင့်ပြုထားသောအခါ နိုင်ငံသားအဖြစ် လျှောက်ထားသူများသည် မိမိတို့၏လျှောက်ထားချက်ကို အပြည့်အဝစိစစ် လက်ခံအတည်ပြုပြီး ဥပဒေနှင့်အညီ နိုင်ငံသားအဖြစ် အပ်နှင်းခြင်း မပြုသရွေ့ ယင်းနိုင်ငံ၏ နိုင်ငံသားအဖြစ် ယူဆနိုင်မည် မဟုတ်။ နိုင်ငံသားအဖြစ် လျှောက်ထားရန် လိုအပ်ပြီး ဥပဒေအရ အရည်အချင်းရှိကြောင်း သတ်မှတ်ထားသည့်ဘောင်အတွင်း၌ ကျရောက်သောသူသည် နိုင်ငံသားအဖြစ်လျှောက်ထားသော်လည်း ယင်းလျှောက်လွှာကို ငြင်းပယ်ခံရလျှင် ထိုသူသည် ထိုနိုင်ငံ၏ ဥပဒေများအရ နိုင်ငံသား မဖြစ်နိုင်ပါ။

အလိုအလျောက် နိုင်ငံသားဖြစ်မှု မရရှိသူများ သို့မဟုတ် နိုင်ငံတော်တစ်ရပ်၏ ဥပဒေများအရ နိုင်ငံသားအဖြစ် ခွင့်ပြုနိုင်သူ အာဏာပိုင်တစ်ဦးဦး၏ ဆုံးဖြတ်ချက်ကြောင့် နိုင်ငံသားမဖြစ်သူများသည် တရားဝင် နိုင်ငံမဲ့ (de jure stateless) ဖြစ်သည်။ လိုက်နာကျင့်သုံးရမည့် ဥပဒေများကို အထောက်အထားပြုလျက် နိုင်ငံမဲ့ဖြစ်နေသူများကို ဆိုလိုသည်။

ဆန့်ကျင်ကွဲလွဲသော သက်သေခံအထောက်အထားအချို့ ရှိသည့်အခါမှ တစ်ပါး ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို နိုင်ငံသားအဖြစ်ရရှိထားသည် ဟု မှတ်ယူရမည်။ သို့သော်ငြားလည်း တစ်ခါတစ်ရံ တစ်ခုထက်ပိုသော နိုင်ငံများသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် စစ်မှန်သောဆက်စပ်မှု၊ ဆက်နွယ်မှု ရှိနေကြသော်လည်း မည်သည့်နိုင်ငံက ထိုပုဂ္ဂိုလ်အား နိုင်ငံသားအဖြစ် လက်ခံရမည် ဆိုသည့်အချက်ကို သဘောမတူနိုင်ကြဘဲ ရှိသည်။ ထိုအခါ ထိုပုဂ္ဂိုလ်သည် တရားဝင်နိုင်ငံမဲ့ (de jure stateless) ဖြစ်သည် ဟု ပြောဆိုနိုင်ခြင်း မရှိသောကြောင့် ထိရောက်သောနိုင်ငံသားဖြစ်မှု မရရှိသည့်အတွက် နိုင်ငံတော်၏ကာကွယ် စောင့်ရှောက်မှုမရရှိဘဲ ဖြစ်ရသည်။ ထိုသူကို အမှန်တကယ် နိုင်ငံမဲ့ (de facto stateless) ဟု သတ်မှတ်ရမည် ဖြစ်သည်။

ကွန်ဗင်းရှင်းမူကြမ်းရေးဆွဲသူများသည် တရားဝင်နိုင်ငံမဲ့ဖြစ်သူ (de jure stateless) (အလိုအလျောက် တရားဝင်နိုင်ငံသားဖြစ်မှု မရရှိသူများ သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေများအရ ဆုံးဖြတ်ချက်ပေးနိုင်သူ၏ ဆုံးဖြတ်ချက်ကြောင့် နိုင်ငံသားမဖြစ်သူ)နှင့် အမှန်တကယ် နိုင်ငံမဲ့ဖြစ်နေသူ (de facto states) (၎င်းတို့ မည်သည့်နိုင်ငံသားဖြစ်သည် ဆိုသည့်အချက်ကို ဖော်ပြနိုင်ခြင်း မရှိသူ) များ အကြား ကွဲပြားခြားနားမှု ပြုလုပ်ရန်လိုသည် ဆိုသည့်အချက်ကို သိရှိကြသော်လည်း ယင်းနှစ်မျိုးနှစ်စားတွင် ပါဝင်သူ ပုဂ္ဂိုလ်များတွင် တူညီသောအချက်များ ရှိသည်ကို လက်ခံ အသိအမှတ်ပြုကြသည်။ ကွန်ဗင်းရှင်း ရေးဆွဲရေးညီလာခံ၏ အပြီးသတ် ဆုံးဖြတ်ချက်သည် အမှန်တကယ် နိုင်ငံမဲ့ဖြစ်နေသူများကိစ္စကို နှောင်ကြိုးမဲ့ မှတ်ချက်ပေးခဲ့သည်။

> “ကွန်ဗင်းရှင်း၏အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ယင်း၏နိုင်ငံသားဖြစ်သော နိုင်ငံ၏ကာကွယ်စောင့်ရှောက်မှုကို စွန့်လွှတ်သည့် အကြောင်းပြချက်များကို ခိုင်လုံကြောင်း အသိအမှတ်ပြုပါက အဆိုပါ ပုဂ္ဂိုလ်အား ကွန်ဗင်းရှင်းအရ နိုင်ငံမဲ့ဖြစ်နေသူများအား ဖြစ်နိုင်ခြေရှိသော စာနာထောက်ထားမှုဖြင့် ပေးအပ်ထားသော ပြုမူဆက်ဆံမှုမျိုးကို ထည့်သွင်း စဉ်းစားပေးအပ်ရန်။”

ပုဂ္ဂိုလ်တစ်ဦးသည် ကွန်ဗင်းရှင်းက ချမှတ်ထားသည့် အကျိုးခံစားခွင့်များ၊ ခံစားပိုင်ခွင့် ရှိ /မရှိ ဆုံးဖြတ်ရာတွင် ပါဝင် လက်မှတ်ရေးထိုးသည့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ကိုယ်ပိုင်တည်ဆဲ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်ရမည်။ အကယ်၍ မေတ္တာရပ်ခံလာလျှင် UNHCR သည် ၎င်း၏ ဌာနေကိုယ်စားလှယ်ရုံးများ

သို့မဟုတ် ဌာနချုပ်ရှိ အဆိုပါလုပ်ငန်း ဝန်ဆောင်မှုပေးသော ဌာနများမှ တစ်ဆင့် ဤလုပ်ထုံးလုပ်နည်းများ ရေးဆွဲရေးနှင့် ကျင့်သုံးရေးတို့တွင် အကြံဉာဏ်များ ပေးနိုင်သည်။ (UNHCR ရုံးများ စာရင်းကို နောက်ဆက်တွဲ–၄ တွင် ကြည့်ပါ။)

**နိုင်ငံမဲ့ဖြစ်နေသူ တစ်ဦးသည်လည်း ဒုက္ခသည် ဖြစ်နိုင်သလား။**

အမှန်တကယ် နိုင်ငံမဲ့ဖြစ်နေသူ (Defacto stateless) ပုဂ္ဂိုလ်များသည် ၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်းအရ နိုင်ငံမဲ့ဖြစ်နေသူ ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါဝင်ခြင်း မရှိပါ။ ၁၉၅၄ ခုနှစ်၊ ကွန်ဗင်းရှင်း မူကြမ်းရေးဆွဲသူများက ထိရောက်သောနိုင်ငံသားဖြစ်မှု (effective nationality) မရှိသူများအားလုံး ဆိုလိုသည်မှာ အမှန်တကယ် နိုင်ငံမဲ့ဖြစ်နေသူများအားလုံး (de facto stateless person) သည် ဒုက္ခသည်များ ဖြစ်သည် ဟု မှတ်ယူခဲ့သည်။ (ကွန်ဗင်းရှင်း မူကြမ်းရေးဆွဲသူများက ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် နိုင်ငံတော်၏နှိပ်ကွပ်မှုကြောင့် သူ/သူမ၏နိုင်ငံသားဖြစ်ရာ နိုင်ငံမှ ထွက်ပြေးခဲ့ရပြီး အဆိုပါနှိပ်ကွပ်မှုသည် အမှန်တကယ် နိုင်ငံသားဖြစ်မှု မရရှိခြင်းနှင့် ဆက်နွယ်နေသည်ဟု မှတ်ယူထားခဲ့ကြသည်။) အဆိုပါယူဆချက်ကြောင့် မူလက အမှန်တကယ် နိုင်ငံမဲ့ဖြစ်နေသူ (de facto stateless) အဖြစ် ထည့်သွင်းစဉ်းစားခံခဲ့ရသူ များစွာသည် ၁၉၅၁ ခုနှစ် ဒုက္ခသည်များ အဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းအရ အပြည်ပြည်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုကို လက်ခံ ရရှိကြသည်။

သို့ရာတွင် တရားဝင် နိုင်ငံမဲ့ဖြစ်ရခြင်း (de jure stateless) သို့မဟုတ် အမှန်တကယ် နိုင်ငံမဲ့ဖြစ်ရခြင်းသည် (de facto stateless) နှိပ်ကွပ်ခံရခြင်းဖြစ်သည်ဟု အဓိပ္ပာယ်မဆောင်ပေ။ ("နှိပ်ကွပ်ခံရမည်ကို အမှန်တကယ် ခြေခြေမြစ်မြစ် စိုးရိမ်ကြောက်ရွံ့မှု"သည် ၁၉၅၁ ခုနှစ် ဒုက္ခသည်များ အဆင့် အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းပါ ဒုက္ခသည် အဓိပ္ပာယ်ဖွင့်ဆိုချက်၏ အခရာကျသောအချက် ဖြစ်သည်။) အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ ပို၍ ထင်ရှားလာသောအချက်မှာ ဒုက္ခသည်များ အဖြစ်သော်လည်းကောင်း၊ ဥပဒေအရ တရားဝင်နိုင်ငံမဲ့ ဖြစ်နေသူများ အဖြစ်လည်းကောင်း သတ်မှတ်ရန် အရည်အချင်း မပြည့်မီ သေးသော အမြဲတမ်းနေထိုင်ရာနိုင်ငံ၏ နိုင်ငံသားအဖြစ် မရရှိသေးသော အမှန်တကယ် နိုင်ငံမဲ့ဖြစ်နေသူများ (de facto stateless) ရှိနေခြင်းပင် ဖြစ်သည်။ စင်စစ်အားဖြင့် တရားဝင်နိုင်ငံမဲ့သူဖြစ်စေ သို့မဟုတ် အမှန်တကယ် နိုင်ငံမဲ့ဖြစ်နေသူဖြစ်စေ UNHCR ၏ ကူညီထောက်ပံ့မှု လိုအပ်သော နိုင်ငံမဲ့ဖြစ်နေသူ အများအပြားသည် ဒုက္ခသည်များ မဟုတ်သည့်အပြင် ခိုလှုံခွင့်ရရှိရန် တောင်းဆိုထားသူများလည်း မဟုတ်ကြပါ။

## ၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်မှု လျှော့ချရေးဆိုင်ရာ ကွန်ဗင်းရှင်းက မည်သို့ ပြဋ္ဌာန်းထားပါသနည်း

၁၉၅၀ ခုနှစ် ဩဂုတ်လအတွင်းက ပြုလုပ်သည့် စီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC) ဆုံးဖြတ်ချက်တစ်ရပ်က နိုင်ငံမဲ့ဖြစ်မှုအခြေအနေ ပပျောက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းမူကြမ်းတစ်ရပ် သို့မဟုတ် မူကြမ်းများ ပြုစုရန် အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC) အားမေတ္တာရပ်ခံ ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC) က စဉ်းစားသုံးသပ်နိုင်ရန် ကွန်ဗင်းရှင်း မူကြမ်းနှစ်ရပ် ပြုစုသည်။ ယင်း မူကြမ်းနှစ်ခုစလုံးမှာ ဥပဒေများ အချင်းချင်း ပဋိပက္ခဖြစ်မှု (conflict of laws) ကြောင့် ပေါ်ပေါက်လာသည့် နိုင်ငံမဲ့ဖြစ်မှု ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် ဖြစ်သည်။ အနာဂတ်၌ နိုင်ငံမဲ့နေသူများ ပပျောက်ရေးနှင့် စပ်လျဉ်းသော ကွန်ဗင်းရှင်းတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များသည် အနာဂတ်တွင် နိုင်ငံမဲ့ဖြစ်ခြင်းဆိုင်ရာ ဖြစ်ရပ်များလျှော့ချရေးအတွက် အလေးပေးထားသော ဒုတိယ ကွန်ဗင်းရှင်းမူကြမ်း၌ပါဝင်သော ပြဋ္ဌာန်းချက်များထက် ပိုမိုတာသွားသော ပြဋ္ဌာန်းချက်များ ပါဝင်သည်။ ပြဿနာရပ်ကို လက်ခံစဉ်းစားရန်အတွက် ခေါ်ယူကျင်းပသော ညီလာခံသို့ တက်ရောက်သူများက အထက်ဖော်ပြခဲ့သော ပထမ ကွန်ဗင်းရှင်းသည် အလွန်အမင်း အစွန်းရောက်ကြောင်း သတ်မှတ်ပြီး အနာဂတ်၌ နိုင်ငံမဲ့ဖြစ်ခြင်းကို လျှော့ချခြင်းဆိုင်ရာ ကွန်ဗင်းရှင်းမူကြမ်းဖြင့် လုပ်ကိုင်ရန်အတွက် ရွေးချယ် ဆုံးဖြတ်ခဲ့ကြသည်။ ဤလုပ်ငန်းစဉ်၏ အဆုံးသတ်၌ ပေါ်ထွက်လာသော စာချုပ်စာတမ်းမှာ **၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်နေသူများ လျှော့ချရေးဆိုင်ရာ ကွန်ဗင်းရှင်း** ပင်ဖြစ်သည်။ (၁၉၆၁ ခုနှစ် ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံများ စာရင်းကို နောက်ဆက်တွဲ –၂တွင် ကြည့်ပါ။)

**၁၉၆၁ခုနှစ် ကွန်ဗင်းရှင်းတွင် ပါဝင်သောအပိုဒ်များသည် မွေးဖွားရာဇာတိအရ နိုင်ငံမဲ့ဖြစ်မှု** ရှောင်ရှားရန် ရည်ရွယ်သည်။ သို့သော် ယင်းအပိုဒ် များသည်

အချို့သောအခြေအနေများ၌ နိုင်ငံသားဖြစ်မှု ပြန်လည်ရုပ်သိမ်းခြင်းနှင့် ပတ်သက်၍ တားမြစ်ခြင်း မရှိသလို လက်ငင်းအားဖြင့် နိုင်ငံမဲ့ဖြစ်နေသူအားလုံးကို နောက်ကြောင်းပြန်၍ နိုင်ငံသားအဖြစ်ခွင့်ပြုခြင်းကိုလည်း တားမြစ်ခြင်း မရှိပါ။ ကွန်ဗင်းရှင်းပါအကျိုးခံစားခွင့်များ ခံစားပိုင်ခွင့်ရှိ ပုဂ္ဂိုလ်သည် မိမိ၏တောင်းဆိုမှုကို စစ်ဆေးပေးရန် လျှောက်ထားနိုင်ပြီး သက်ဆိုင်ရာအာဏာပိုင်အဖွဲ့သို့ မိမိ၏ တောင်းဆိုချက် ဆက်လက်တင်ပြပေးရန် အကူအညီ တောင်းခံနိုင်သော အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းထားရှိရန် ကွန်ဗင်းရှင်းတွင် ပြဋ္ဌာန်းထားသည်။ နောက်ပိုင်းတွင် အထွေထွေညီလာခံ (General Assembly) က UNHCR အား ဤအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ပေးရန် လွှဲအပ်သည်။

အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင် (ILC) နှင့် တက်ရောက်လာကြသည့် နိုင်ငံကိုယ်စားလှယ်များက အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေး လိုအပ်ကြောင်း ဆုံးဖြတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတစ်နိုင်ငံက တစ်ဦးတစ်ယောက်သောသူအား နိုင်ငံသားဖြစ်မှုမှ ငြင်းပယ်သည့်အခါ ၄င်း၌ ငွေရေးကြေးရေး မတတ်နိုင်ခြင်းနှင့် လိုအပ်သောအတတ်ပညာ ကျွမ်းကျင်မှု မရှိခြင်းကြောင့် နိုင်ငံသားအဖြစ်ရရှိရန် တောင်းဆိုမှုကို သက်ဆိုင်ရာနိုင်ငံတော်၏ အာဏာပိုင်များသို့ တင်ပြနိုင်ခြင်း ရှိမည် မဟုတ်သောကြောင့် ဖြစ်သည်။ အခြားမည်သည့်နိုင်ငံကမျှ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ယုံကြည်လောက်အောင် ခုခံပြောဆိုပေးနိုင်ခြင်း မရှိသောကြောင့် ထိုသို့ ဆောင်ရွက်ပေးရန်အတွက် တာဝန်ရှိသော လွတ်လပ်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းတည်ထောင်ပေးရန် လွန်စွာ အရေးကြီးကြောင်း မှတ်ယူခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း တစ်ရပ်က ကိုယ်စားလှယ်ပြုပေးခြင်းဖြင့်လည်း လူပုဂ္ဂိုလ်တစ်ဦးသည် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သက်ဆိုင်ခြင်း ရှိမရှိ ဆိုသည့်မေးခွန်းကို ရှောင်လွှဲနိုင်မည် ဖြစ်သည်။ ထို့အပြင် ဤလုပ်ငန်းကို နစ်မြုပ် ဆောင်ရွက်သည့် အဖွဲ့အစည်းသည် သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးချင်းအား အကြံပြုပေးရန်အတွက် အသုံးဝင်သည်သာမက နိုင်ငံသား အမှန်တကယ်ဖြစ်စေရန် နည်းလမ်းများကိုလည်း အဆိုပြုပေးနိုင်မည်ဖြစ်သည့်အပြင် ယေဘုယျအားဖြင့် နိုင်ငံမဲ့ဖြစ်ခြင်းကို လျော့ချပေးနိုင်လိမ့်မည် ဆိုသည့် ကိစ္စရပ်တို့တွင် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၌ တဖြည်းဖြည်းချင်း တိုးတက်ဖြစ်ထွန်းလာမည် ဖြစ်သည်။



နိုင်ငံမဲ့ဖြစ်ပေါ်မှုအခြေအနေ လျော့ကျအောင် ဆောင်ရွက်ရာတွင် ၁၉၆၁ ခုနှစ် ကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံများအနေဖြင့် နိုင်ငံသားအဖြစ် ရယူခြင်း သို့မဟုတ် ဆုံးရှုံးခြင်းဆိုင်ရာ စံနှုန်းများကို ထင်ဟပ်စေသည့် နိုင်ငံသားဖြစ်မှုဥပဒေကို ပြဋ္ဌာန်းကြရန် လိုအပ်သည်။ ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံများအကြား ကွန်ဗင်းရှင်းအား အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် လိုက်နာကျင့်သုံးခြင်း တို့နှင့် ပတ်သက်၍ အငြင်းပွားမှုများဖြစ်ပေါ်ခဲ့လျှင် ၄င်းတို့အကြား အခြားနည်းလမ်းဖြင့် ဖြေရှင်းနိုင်ခြင်း မရှိပါက အငြင်းပွားမှုတွင် ပါဝင်သည့် တစ်ဘက်ဘက်က အပြည်ပြည်ဆိုင်ရာတရားရုံးသို့ တင်ပြနိုင်သည်။

ကွန်ဗင်းရှင်း၏အပြီးသတ်ဆုံးဖြတ်ချက် (Final Act of the Convention) တွင် ၁၉၅၄ခု နှစ် ကွန်ဗင်းရှင်း၏အပြီးသတ်ဆုံးဖြတ်ချက် (Final Act of the 1954 Convention) တွင် ပါဝင်သည့် ထောက်ခံတင်ပြချက်နှင့် အလွန်ဆင်တူသော ထောက်ခံတင်ပြချက်တစ်ရပ် ပါဝင်သည်။ ယင်းထောက်ခံ တင်ပြချက်သည် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံများအား ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ဖြစ်နိုင်သည့်အချိန်အခါတိုင်း၌ အမှန်တကယ် နိုင်ငံမဲ့ဖြစ်နေသူ ပုဂ္ဂိုလ်များပါ အကျုံးဝင်မှုရှိအောင် ကျင့်သုံးရန် တိုက်တွန်းအားပေးသည်။

"တစ်နေ့တွင် ကျွန်ုပ်သည် နယ်စပ်ဒေသနှစ်ခုအကြား မတ်တတ်ရပ်နေပါသည်။ မည်သည့် နိုင်ငံဘက်ကိုမျှ ဝင်ရောက်နိုင်ခြင်း မရှိပါ။ ဤဖြစ်ရပ်သည် ကျွန်တော့်ဘဝတစ်လျှောက် မေ့ပျောက်နိုင်ခြင်း မရှိသည့် ဖြစ်ရပ် ဖြစ်သည်။ ကျွန်ုပ် ယခင်နေထိုင်ခဲ့သည့် နိုင်ငံဘက်သို့လည်း ဝင်ရောက်နိုင်ခြင်း မရှိသကဲ့သို့ ကျွန်ုပ်မွေးဖွားကြီးပြင်းလာခဲ့သော နိုင်ငံဘက်သို့လည်း ဝင်ရောက်နိုင်ခြင်း မရှိခဲ့ပါ။ ကျွန်ုပ် မည်သည့်နိုင်ငံသားဖြစ်သနည်း။ လေဆိပ်တွင် ကျွန်ုပ်ကြုံတွေ့ခဲ့ရသော ပိုင်ဆိုင်မှုမရှိခဲ့ရသည့် အလွန်ပြင်းထန်သော ခံစားမှုကို ယခုတိုင် အမှတ်ရနေသည်။"

တစ်ချိန်က နိုင်ငံမဲ့ဖြစ်ခဲ့သူ ချင်န် (Chen)

## လူ့အခွင့်အရေးဆိုင်ရာ ဥပဒေကနိုင်ငံသားဖြစ်မှု အခွင့်အရေးကို မည်သို့ အာမခံချက်ပေးသနည်း

အမျိုးမျိုးအထွေထွေသော အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဆိုင်ရာ စာချုပ်စာတမ်းများက နိုင်ငံသားဖြစ်မှု အခွင့်အရေးကို ကိုင်တွယ်ဖြေရှင်းရန် ဦးတည်သည်။ ထိမ်းမြားလက်ထပ်ပြီး အမျိုးသမီးများ၏ နိုင်ငံသားဖြစ်ရေးဆိုင်ရာ ၁၉၅၇ခုနှစ် ကွန်ဗင်းရှင်း (1957 Convention on the Nationality of Married Women) သည် နိုင်ငံသားဖြစ်ပိုင်ခွင့် အခွင့်အရေးနှင့် နိုင်ငံသားဖြစ်ခြင်းမှ ရုပ်သိမ်းခြင်း မပြုနိုင်သော အခွင့်အရေးများ ပြဋ္ဌာန်းဖော်ပြခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းပါ အချက်များကို ထင်ဟပ် ဖော်ပြသည်။ အဆိုပါ ကွန်ဗင်းရှင်းသည် "လိင်ခွဲခြားမှုမပြုဘဲ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို လေးစားလိုက်နာကျင့်သုံးကြရန်" ဆိုသည့်အချက်ကို မြှင့်တင်ပေးရန် ကြိုးပမ်းအားထုတ်သည်။ ကွန်ဗင်းရှင်း၏ ပထမအပိုဒ် ၃ ပိုဒ်၌ ဇနီးသည်၏ နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ သီးသန့်ပြဋ္ဌာန်းချက်များ ပါရှိသည်။

**အပိုဒ် ၁** က ဖော်ပြတောင်းဆိုသည်မှာ "မိမိနိုင်ငံ၏နိုင်ငံသားတစ်ဦးနှင့် နိုင်ငံခြားသားတစ်ဦးတို့ လက်ထပ်သည်ဖြစ်စေ၊ ကွာရှင်းပြတ်စဲသည်ဖြစ်စေ၊ သို့မဟုတ် ခင်ပွန်းသည် ဖြစ်သူက လက်ထပ်ပေါင်းသင်းစဉ် ကာလအတွင်း နိုင်ငံသားဖြစ်မှု (Nationality) ပြောင်းလဲပါက ဇနီးဖြစ်သူ၏ နိုင်ငံသားဖြစ်မှု (Nationality) အပေါ် အလိုအလျောက် အကျိုးသက်ရောက်ခြင်း မရှိစေရ။"

**အပိုဒ် ၂** က ပြဋ္ဌာန်းသည်မှာ "အခြားနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် (Nationality) မိမိသဘောအလျောက် ရယူသည်ဖြစ်စေ၊ သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသား (Nationality) တစ်ဦးက ယင်းနိုင်ငံ၏ နိုင်ငံသားအဖြစ် စွန့်လွှတ်သည်ဖြစ်စေ၊ ဇနီးသည်၏ ထိုနိုင်ငံသားဖြစ်မှု ဆက်လက်ထိန်းသိမ်းထားရှိခြင်းကို မထိခိုက်စေရ။"

**အပိုဒ် ၃** ကို အပိုင်းနှစ်ပိုင်း ခွဲခြားနိုင်ပြီး ဤသို့ ပြဋ္ဌာန်းထားသည်။ "(စာချုပ်တွင် ပါဝင် လက်မှတ်ရေးထိုးသည့် နိုင်ငံတစ်နိုင်ငံ၏) နိုင်ငံသား တစ်ဦးဖြစ်သူ နိုင်ငံခြားသား ဇနီးသည်သည် အထူးအခွင့်အရေး တစ်ရပ်



အဖြစ် ပေးထားသည့် နိုင်ငံသားပြုမှု လုပ်ထုံးလုပ်နည်းများ (naturalization procedures) အရ မိမိခင်ပွန်းသည်၏ နိုင်ငံသားအဖြစ် (Nationality) သူမ၏ မေတ္တာရပ်ခံချက်ဖြင့် လျှောက်ထား ရယူနိုင်သည်" နှင့် "နိုင်ငံသားအဖြစ် ခွင့်ပြုရာတွင် နိုင်ငံလုံခြုံရေး သို့မဟုတ် အများပြည်သူဆိုင်ရာမူဝါဒ အကျိုးအတွက် လိုအပ်သော ကန့်သတ်ချက်များ ချမှတ်ထားနိုင်သည်" တို့ဖြစ်သည်။ ဤအပိုဒ်၌ စည်းကမ်းချက်အဖြစ် သတ်မှတ်ထားသည်မှာ ကွန်ဗင်းရှင်းတွင် စာချုပ်အဖွဲ့ဝင်များက "နိုင်ငံခြားသားဖြစ်သူ ဇနီး၏ နိုင်ငံသားဖြစ်မှု တစ်ရပ်ရပ်ကို သူမ၏ မေတ္တာရပ်ခံချက်အရ ဥပဒေပြဋ္ဌာန်းချက် သို့မဟုတ် တရားစီရင်ရေးကျင့်ထုံးကို အကျိုးသက်ရောက်စေလျက် ရပိုင်ခွင့်တစ်ရပ်အနေဖြင့် ခင်ပွန်းဖြစ်သူ၏ နိုင်ငံသားအဖြစ် ရရှိနိုင်သည်" ဟု ကွန်ဗင်းရှင်းကို အဓိပ္ပာယ် ကောက်ယူခြင်း မရှိစေရ။

၁၉၆၅ ခုနှစ် **နည်းမျိုးစုံဖြင့် လူမျိုးရေးခွဲခြားမှု ပပျောက်ရေး ဆိုင်ရာ ကွန်ဗင်းရှင်း**က နိုင်ငံများအား အထူးသဖြင့် နိုင်ငံသားဖြစ်မှု အခွင့်အရေး အပါအဝင် အခြေခံလူ့အခွင့်အရေးများ ခံစားရာတွင် "လူမျိုး၊ အသားအရောင်၊ နိုင်ငံသားနှင့် လူမျိုးနွယ်ဇစ်မြစ် ခွဲခြားမှုမရှိဘဲ ဥပဒေရှေ့မှောက်တွင် အညီအမျှ ခံစားခွင့် ရရှိစေရေးကို အာမခံချက် ပေးရန်" တာဝန်ရှိစေသည် (အပိုဒ်–၅)။

၁၉၆၆ ခုနှစ် **ပြည်သူ့ရေးရာနှင့် နိုင်ငံရေးရာ အခွင့်အရေးများနှင့် စပ်လျဉ်းသော အပြည်ပြည်ဆိုင်ရာစာချုပ် (International Covenant on Civil and Political Rights)** ၏ အပိုဒ် ၂၄ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

> "လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံသား၊ လူမှုရေးအဆင့်အတန်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ မွေးဖွားရာဇာတိ စသည်တို့ကို ခွဲခြားခြင်းမပြုဘဲ ကလေးသူငယ်တိုင်းသည် အရွယ်မရောက်သေးသူတစ်ဦးအနေဖြင့် ၎င်း၏ မိသားစု၊ လူမှုအဖွဲ့ အစည်းနှင့် နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှု ရရှိရမည်။"
>
> "ကလေးတိုင်းအား မွေးဖွားပြီးနောက် ချက်ချင်း မှတ်ပုံတင်ထားပေးရမည့်အပြင် အမည်တစ်ခု ပေးရမည်။"
>
> "ကလေးသူငယ်တိုင်း နိုင်ငံသားအဖြစ် ရယူပိုင်ခွင့် အခွင့်အရေးရှိသည်။"

ထိုစာချုပ်၏ အပိုဒ်–၂၆ ၌ "အားလုံးသော လူပုဂ္ဂိုလ်များသည် ဥပဒေ၏ ရှေ့မှောက်၌ တန်းတူညီမျှရှိကြပြီး ၎င်းတို့အားလုံးသည် မည်သည့် ခွဲခြားမှုမျှ မရှိဘဲ ဥပဒေ၏ညီမျှသော အကာအကွယ်ရပိုင်ခွင့် ရှိကြသည်။ ဤကိစ္စ၌ ဥပဒေသည် မည်သည့်ခွဲခြားမှုမျိုးကိုမဆို တားမြစ်ရမည့်အပြင် လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးအယူအဆ သို့မဟုတ် အခြားယုံကြည်မှု၊ နိုင်ငံသားနှင့် မည်သည့်လူမှုအဖွဲ့အစည်းက ဆင်းသက်သည်၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု၊ မွေးဖွားမှုဇာတိ သို့မဟုတ် အခြားအဆင့် စသည်တို့ ခွဲခြားမှု မရှိဘဲ လူတိုင်းအား တူညီသော၊ ထိရောက်သော ကာကွယ်မှုပေးရန် ဥပဒေတွင် အာမခံချက် ရှိရမည် ဟုလည်း ပြဆိုသည်။

၁၉၇၉ ခုနှစ် **အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း** (Convention on the Elimination of All Forms of Discrimination Against Women) ၏ အပိုဒ်–၉ ၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

"ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံများသည် အမျိုးသမီးများအား ၎င်းတို့၏ နိုင်ငံသားဖြစ်မှု (Nationality) နှင့် ပတ်သက်၍ ရယူခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဆက်လက်၍ နိုင်ငံသားဖြစ်မှု ထိန်းသိမ်းခြင်း စသည့်အခွင့်အရေးများကို အမျိုးသားများကဲ့သို့ ရပိုင်ခွင့် ပေးအပ်ရမည်။ အထူးသဖြင့် နိုင်ငံခြားသားတစ်ဦးကို လက်ထပ်ရုံမျှဖြင့် သို့မဟုတ် ၎င်း၏ခင်ပွန်းသည်က နိုင်ငံသားဖြစ်မှု ပြောင်းလဲခြင်း (Change of Nationality) ကြောင့် ဇနီးသည်၏ နိုင်ငံသားဖြစ်မှု အလိုအလျောက် ပြောင်းလဲခြင်း မရှိကြောင်း၊ နိုင်ငံမဲ့တစ်ဦးအဖြစ် မရောက်ရှိနိုင်ကြောင်း သို့မဟုတ် ခင်ပွန်းသည်၏ နိုင်ငံသားအဖြစ်သို့ အတင်းအကြပ် ပြောင်းလဲခြင်း မရှိကြောင်း အာမခံချက် ရှိရမည်။"

"ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံများသည် မိမိတို့၏ သားသမီးများ နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ အမျိုးသားများနည်းတူ အမျိုးသမီးများအား ညီမျှသော အခွင့်အရေးပေးရမည်။"

နိုင်ငံအားလုံးနီးပါးက အတည်ပြုလက်ခံထားပြီးဖြစ်သည့် ၁၉၈၉ခုနှစ်၊ **ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း**တွင် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ အရေးကြီးသောအချက်များကို အောက်ပါအတိုင်း အပိုဒ် ၂ ပိုဒ်တွင် ဖော်ပြထားသည်။

"အပိုဒ် ၂ ၌ ဤကွန်ဗင်းရှင်းတွင် ပါဝင်သည့် ပါဝင်ဘက်နိုင်ငံများသည် ဤသဘောတူစာချုပ်၌ ဖော်ပြပါရှိသော အခွင့်အရေးများကို လေးစားလိုက်နာပြီး မိမိတို့၏ အာဏာပိုင်နက်အတွင်းရှိ ကလေးသူငယ်တစ်ဦးစီအား ၎င်းကိုယ်တိုင် သို့မဟုတ် ၎င်း၏မိဘ သို့မဟုတ် တရားဝင် အုပ်ထိန်းသူ၏ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးဆိုင်ရာ သို့မဟုတ် အခြားအတွေးအခေါ် အယူအဆ၊ နိုင်ငံသား၊ လူမျိုးစု သို့မဟုတ် ဆင်းသက်လာသည့် လူမှုအဖွဲ့အစည်း၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု၊ မသန်စွမ်းမှု၊ မွေးဖွားရာဇာတိ သို့မဟုတ် အခြားအဆင့်အတန်းများကို ခွဲခြားခြင်း မရှိစေရ" ဟုပြဋ္ဌာန်းထားသည်။

အပိုဒ် (၇)တွင် ဤသို့ ဖော်ပြထားသည်။ "ကလေးသူငယ်ကို မွေးဖွားပြီးသည်နှင့် တပြိုင်နက် မှတ်ပုံတင်ထားရမည်။ ထို့အပြင် ၎င်းအား မွေးဖွားပြီးလျှင် အမည်ပေးပိုင်ခွင့်၊ နိုင်ငံသားအဖြစ် ခံယူပိုင်ခွင့်နှင့် တတ်နိုင်သမျှ သူ၏ သို့မဟုတ် သူမ၏ မိဘများကို သိရှိခွင့်နှင့် ၎င်းတို့၏ ကြည့်ရှုစောင့်ရှောက်မှုကို ခံယူစေနိုင်သည့် အခွင့်အရေးကို ပေးရမည်။"

"ပါဝင်ဘက်နိုင်ငံများသည် မိမိတို့၏အမျိုးသားဥပဒေနှင့် ဤကဏ္ဍတွင် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ စာချုပ်များပါတာဝန်များ အထူးသဖြင့် ကလေးသူငယ်အနေဖြင့် တစ်နည်းအားဖြင့် နိုင်ငံမဲ့သူ မဖြစ်စေရန်တို့နှင့် အညီ၊ ဤအခွင့်အရေးများကို အထမြောက်စေခြင်းကို စိတ်ချရအောင် ဆောင်ရွက်ရမည်"ဟုလည်း ဖော်ပြထားသည်။

"ကျွန်တော်သည် ၁၉၇၁ ခုနှစ်မှစ၍ ဤစခန်းတွင် နေထိုင်နေရသည်။ မကြာမီ ဤစခန်း၏ အပြင်ဘက်၌ သားသမီးများနှင့်အတူ အခြေချနေထိုင်နိုင်ရန် မျှော်လင့်ပါသည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများ ရရှိသည့်အခွင့်အရေးများကို လိုချင်ပါသည်။ ကျွန်တော်တို့၏ဘဝသည် ဂုဏ်သရေမဲ့

သဘောဘဝ ဖြစ်နေသည်။ စခန်းအတွင်း၌ ကျွန်တော်၏သားသမီးများသည် သင့်တင့်လျောက်ပတ်သော အခြေအနေတွင် ကြီးပြင်းလာခြင်း မဟုတ်ပါ။ သူတို့၌ ပညာသင်ကြားခွင့် မရကြပါ။ သူတို့၌ အတတ်ပညာ မရှိသောကြောင့် သူတို့၏ဘဝ ရှေ့ရေးသည် စိတ်မချမ်းမြေ့စရာသာ ဖြစ်ပါလိမ့်မည်။"

ဆေရက်ဒဟာ (Syedaha) ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်
နေထိုင်လျက်ရှိသော နိုင်ငံမဲ့တစ်ဦး

## နိုင်ငံသားဖြစ်မှု ရပိုင်ခွင့်နှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းပေးမည့် ဒေသဆိုင်ရာ သဘောတူ စာချုပ်များ ရှိနေသလား

ဒေသဆိုင်ရာ စာချုပ်စာတမ်းများသည် နိုင်ငံသားဖြစ်မှုအခွင့်အရေး၏ ဥပဒေဆိုင်ရာ အခြေခံအချက်များကို အားဖြည့်ပေးသည်။ ၁၉၆၉ ခုနှစ် **လူ့အခွင့်အရေးဆိုင်ရာ အမေရိကန် ကွန်ဗင်းရှင်း** (the American Convention on Human Rights)၏ အပိုဒ် (၂၀)တွင် ဤသို့ ဖော်ပြထားသည်။

"လူတိုင်းတွင် နိုင်ငံတစ်ခုခု၏ နိုင်ငံသားဖြစ်နိုင်ခွင့် အခွင့်အရေး ရှိသည်။ လူတိုင်းသည် အခြားနိုင်ငံတစ်ခုခု၏ နိုင်ငံသားအဖြစ် ရယူထားခြင်း မရှိသေးပါက ထိုသူသည် ၎င်းမွေးဖွားရာ နယ်နိမိတ်အတွင်း၊ ၎င်းနိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူနိုင်သော အခွင့်အရေး ရှိသည်။ မည်သူ တစ်ဦးတစ်ယောက်ကမျှ ၎င်း၏ နိုင်ငံသားဖြစ်မှု အခွင့်အရေးကို ဆင်ခြင်မဲ့ ရုပ်သိမ်းခြင်း မပြုလုပ်ရ။ သို့မဟုတ် နိုင်ငံသားဖြစ်မှု ပြောင်းလဲပိုင်ခွင့် ရုပ်သိမ်းခြင်း မပြုလုပ်ရ။"

ဤအခြေခံမူဝါဒများကို အမေရိကန်နိုင်ငံများအချင်းချင်းဆိုင်ရာ တရားရုံး (Inter-American Court)၏ ဥပဒေသိပ္ပံပညာရပ်က ဆွဲကိုင်ကျင့်သုံးလျက် ရှိသည်။ လက်ရှိ အခြေအနေများအပေါ် အခြေခံ၍ နိုင်ငံသားအဖြစ် လက်ခံခြင်းသည် ယင်းနိုင်ငံ၏ ပြည်တွင်း တရားစီရင်ပိုင်ခွင့်အတွင်း ကျရောက်သည်ဟု တရားရုံးက အတည်ပြု လက်ခံသည့်အလျောက် တရားရုံးက အောက်ပါအတိုင်း တွေ့ရှိသည်။

"နိုင်ငံသားဖြစ်မှုကို အပ်နှင်းခြင်းနှင့် အသိအမှတ်ပြုခြင်းကို နိုင်ငံ တစ်နိုင်ငံချင်းက ဆုံးဖြတ်ရန် အစဉ်အလာအားဖြင့် လက်ခံထားသော်လည်း လက်ရှိဖြစ်ထွန်းမှုများက အဆိုပါနယ်ပယ်၌ နိုင်ငံများ၏ ကျယ်ပြန့်သော အာဏာများ ကျင့်သုံးပိုင်ခွင့်နှင့် စပ်လျဉ်းသော အချို့သောကန့်သတ်ချက်များကို အပြည်ပြည်ဆိုင်ရာဥပဒေက သတ်မှတ်ခြင်းမရှိသည့်အပြင် ယနေ့နိုင်ငံများ၏ နိုင်ငံသားဖြစ်မှုကို စည်းမျဉ်းသတ်မှတ် ပြုမူဆောင်ရွက်ရာတွင်လည်း ယင်းတို့၏ စီရင်ပိုင်ခွင့်အတွင်းသာ လုံးလုံးလျားလျား ကျရောက်သည်ဟု မှတ်ယူခြင်းလည်းမပြုနိုင်ပေ။ (လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အမေရိကန်နိုင်ငံများ အချင်းချင်းဆိုင်ရာ တရားရုံး၏ အကြံပေး ထင်မြင်ချက် "ကိုစတာရီကာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား ပြုမှုဆိုင်ရာ ပြဋ္ဌာန်းချက်ကို ပြင်ဆင်ခြင်း" (Inter-American Court on Human Rights, Advisory Opinion "Amendments to the Naturalization Provision of the Constitution of Costa Rica" paragraphs 32-34; text in 5 HRLJ 1984)

တစ်နည်းဆိုရသော် နိုင်ငံများသည် ၎င်းတို့နိုင်ငံတွင်း ဥပဒေအရ နိုင်ငံသားဖြစ်မှု ဆုံးဖြတ်ရာတွင် အထူးသဖြင့် မိမိတို့ပြဋ္ဌာန်းထားသည့် ဥပဒေကိုလိုက်နာကျင့်သုံးခြင်းကြောင့် နိုင်ငံမဲ့သူများ ပေါ်ပေါက်လာမည်ဆိုပါက အပြည်ပြည်ဆိုင်ရာက တုံ့ပြန်ရိုက်ခတ်မှုများကို ထည့်သွင်း စဉ်းစားရမည် ဖြစ်သည်။

၁၉၆၃ ခုနှစ်တွင် ဥရောပတစ်တိုက်လုံးအကျုံးဝင်သည့် **နိုင်ငံတစ်ခုထက်ပို၍ နိုင်ငံသားအဖြစ် ခံယူထားသော ကိစ္စလျော့ချရေးနှင့် နိုင်ငံတစ်ခုထက်ပို၍ နိုင်ငံသားအဖြစ် ခံယူထားသူများ စစ်မှုထမ်းရေး ကိစ္စနှင့်စပ်လျဉ်းသည့် ကွန်ဗင်းရှင်း** (Convention on the Reduction of cases of multiple nationality and on military on obligations in cases of multiple nationality) တစ်ရပ် အတည်ပြုခဲ့သည်။ အဆိုပါ ကွန်ဗင်းရှင်းသည် ထိုစဉ်က အနောက်ဥရောပနိုင်ငံများ လက်ခံထားသည့် အယူအဆများအပေါ် အခြေခံ၍ နိုင်ငံတစ်ခုထက်ပို၍ နိုင်ငံသားအဖြစ် ခံယူခြင်းသည် မလိုလားအပ်သည့်အတွက် ရှောင်ကြဉ်သင့်ကြောင်း ဖော်ပြသည်။ ၁၉၆၃ ခုနှစ် ကွန်ဗင်းရှင်းသည် နိုင်ငံတစ်ခုထက်ပို၍ နိုင်ငံသားအဖြစ် ခံယူထားသည့်ကိစ္စကိုသာ ကန့်သတ်ဆွေးနွေးခြင်းဖြစ်ရာ ဆက်စပ်လျက်ရှိသော ပြဿနာများ အကျုံးဝင်စေရန်နှင့် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ တိုးတက်ဖြစ်ပေါ်လာသည့် စဉ်းစားတွေးခေါ်မှုနှင့် ကျင့်စဉ်များကို ထည့်သွင်းစဉ်းစားလျက် ၁၉၇၇ နှင့် ၁၉၉၃ ခုနှစ်များတွင် အပြည်ပြည်ဆိုင်ရာ

သဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ် (Protocol) နှစ်ခု ထပ်ဖြည့်ခဲ့ကြသည်။ ဥပမာအားဖြင့် ကွန်ဗင်းရှင်း၏ ဒုတိယ နောက်ဆက်တွဲစာချုပ် (Protocol) က နေရာရွှေ့ပြောင်း နေထိုင်သူများ၏ ဒုတိယမျိုးဆက်နှင့် လူမျိုးကွဲ ရောယှက်လက်ထပ်ကြသည့် အိမ်ထောင်ဘက်နှင့် ၎င်းတို့၏ သားသမီးများ၏ အရေးကိစ္စတွင် တစ်နိုင်ငံထက် ပိုသော နိုင်ငံသား (multiple nationalities) အဖြစ် ရယူခြင်းကို ခွင့်ပြုထားသည်။

ဥရောပကောင်စီ (the Council of Europe) က မူကြမ်းရေးဆွဲခဲ့သော နောက်ထပ်ဒေသဆိုင်ရာ စာချုပ်စာတမ်းတစ်ရပ်ဖြစ်သည့် ၁၉၉၇ ခုနှစ် **နိုင်ငံသားဖြစ်မှုဆိုင်ရာ ဥရောပကွန်ဗင်းရှင်း** (European Convention on Nationality) သည် နိုင်ငံသားဖြစ်မှု ဥပဒေများအချင်းချင်း ပဋိပက္ခဖြစ်မှုကိစ္စရပ်ကို ကိုင်တွယ်ဖြေရှင်းပေးရန် ရည်ရွယ်သည့် ၁၉၃၀ ပြည့်နှစ် ဟိတ်ကွန်ဗင်းရှင်း ပြဋ္ဌာန်းချိန်ကတည်းက နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်းသော ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ ဖြစ်ထွန်းမှုအားလုံးကို တစ်စုတစ်စည်းတည်း ဖြစ်စေရန်အတွက် တစ်ခုတည်းသော စာချုပ်စာတမ်း ပေါ်ပေါက်လာစေရန် တွေးဆ ရာမှ မွေးဖွားလာခဲ့ခြင်း ဖြစ်သည်။ ဤကွန်ဗင်းရှင်းသည် ၁၉၆၃ ခုနှစ် ကွန်ဗင်းရှင်းကို ပြင်ဆင်ခြင်း မပြုသကဲ့သို့ ၎င်းထက်စောသော အဆိုပါကွန်ဗင်းရှင်းနှင့်လည်း သဟဇာတ မဖြစ်သော ကွန်ဗင်းရှင်းလည်း မဟုတ်ပေ။ အမှန်ဆိုရသော် ၁၉၉၇ ခုနှစ် နိုင်ငံသားဖြစ်မှုဆိုင်ရာကွန်ဗင်းရှင်းသည် ကွဲပြားခြားနားသည့် နိုင်ငံသားများအချင်းချင်း လက်ထပ်ထိမ်းမြားသူများနှင့် ၎င်းတို့၏ သားသမီးများအား နိုင်ငံတစ်ခုထက်ပို၍ နိုင်ငံသားအဖြစ် ခံယူခွင့် ပြုထားသည်။ သို့သော် ဤကွန်ဗင်းရှင်းသည် နိုင်ငံသားအဖြစ် ရယူခြင်း၊ ဆက်လက်ထိန်းသိမ်းခြင်း၊ ဆုံးရှုံးခြင်းနှင့် ပြန်လည်ရယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့်ပြဿနာများ၊ လုပ်ထုံးလုပ်နည်းအရ ရရှိသည့် အခွင့်အရေးများ (Procedural rights)၊ နိုင်ငံဆက်ခံခြင်း (State Succession) ကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံသားဖြစ်မှု၊ စစ်မှုထမ်းဆောင်ရေးတာဝန်များနှင့် စာချုပ်ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး ပြဿနာများကို ထည့်သွင်းဖော်ပြထားသည်။ ယင်းကွန်ဗင်းရှင်းတွင် နိုင်ငံမဲ့ဖြစ်မှု ဖန်တီးဖြစ်ပေါ်ခြင်းကို အဟန့်အတားပြုရန် ရည်ရွယ်သည့်ပြဋ္ဌာန်းချက် အများအပြား ပါဝင်သည်။ ဤကွန်ဗင်းရှင်းသည် နိုင်ငံမဲ့ဖြစ်သူသည် မည်သူဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် ၁၉၅၄ ခုနှစ် နိုင်ငံမဲ့ဖြစ်သူများ၏ အဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းကို ရည်ညွှန်းသည်။ ဆိုလိုသည်မှာ တရားဝင် (de Jure) နိုင်ငံမဲ့ ဖြစ်သူများသာလျှင် နိုင်ငံသားဖြစ်မှုဆိုင်ရာ ဥရောပကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သည်။



နိုင်ငံဆက်ခံခြင်းနှင့် စပ်လျဉ်း၍ မကြာသေးမီက ဥရောပ၏ အတွေ့အကြုံက လူအများအပြား နိုင်ငံမဲ့ဖြစ်လာနိုင်သော အခက်အခဲနှင့် ကြုံတွေ့နိုင်ကြောင်း အသိအမှတ်ပြုစေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ အခြားသော နိုင်ငံသားဖြစ်မှု မရရှိသေးမီ ၎င်းတို့၏ နိုင်ငံသားဖြစ်မှု ဆုံးရှုံးသွားနိုင်သောကြောင့် ဖြစ်သည်။ နယ်မြေတစ်ခုအား နိုင်ငံတစ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခြင်း၊ နိုင်ငံများ ပေါင်းစည်းခြင်း၊ နိုင်ငံတစ်နိုင်ငံဖျက်သိမ်းခြင်း သို့မဟုတ် နယ်မြေတစ်ခု သို့မဟုတ် ယင်းနယ်မြေ၏ အစိတ်အပိုင်း တစ်ရပ်ရပ်အား ခွဲထုတ်ခြင်း အစရှိသော နိုင်ငံဆက်ခံခြင်းမှ တစ်ဆင့် ပေါ်ပေါက်လာနိုင်သည့် နိုင်ငံမဲ့ဖြစ်မှု ရှောင်ရှားနိုင်ရန် အားထုတ်သည့်အနေဖြင့် ဥရောပကောင်စီသည် နိုင်ငံဆက်ခံခြင်းကြောင့် ဖြစ်ပေါ်သည့် နိုင်ငံမဲ့ဖြစ်မှုအပေါ် အာရုံစိုက်ထားသည့် နိုင်ငံဆက်ခံခြင်းနှင့် စပ်လျဉ်းသော နိုင်ငံမဲ့ဖြစ်မှု ရှောင်ရှားရေးဆိုင်ရာ ကွန်ဗင်းရှင်းကို အတည်ပြုခဲ့သည်။ **၂၀၀၆ ခုနှစ် မတ်လ (၁၅) ရက်နေ့က လက်ခံအတည်ပြုသည့် ကွန်ဗင်းရှင်းတွင် နိုင်ငံဆက်ခံခြင်းကြောင့် ဖြစ်ပေါ်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသော နိုင်ငံသားဖြစ်မှုဆိုင်ရာ နည်းဥပဒေများ ပါရှိသည်။** ယင်း ကွန်ဗင်းရှင်း၏ အပိုဒ်ပေါင်း (၂၂)ပိုဒ်တွင် ဆက်ခံသည့်နိုင်ငံနှင့် ယခင်ကတည်ရှိခဲ့သည့်နိုင်ငံများ၏ တာဝန်ဝတ္တရားများနှင့် လက်တွေ့ဆောင်ရွက်ရန် လမ်းညွှန်ချက်၊ အထောက်အထားများနှင့် ပတ်သက်သည့် နည်းဥပဒေများ၊ မွေးဖွားစဉ်ကပင် နိုင်ငံမဲ့ဖြစ်နေမှု ရှောင်ရှားရန်နှင့် နိုင်ငံမဲ့ဖြစ်နေသူများအား နိုင်ငံသားအဖြစ် လွယ်ကူအောင် ဆောင်ရွက်ရေးနည်းလမ်းများ ဖော်ပြထားသည်။

၁၉၉၉ ခုနှစ်က အာဖရိက သွေးစည်းညီညွတ်ရေးအဖွဲ့– Organization of the African Unity (ယခုအခါ အာဖရိကသမဂ္ဂ – African Union)သည် **ကလေးသူငယ် အခွင့်အရေးများနှင့် လူမှုရေးရာဆိုင်ရာ အာဖရိက ပဋိညာဉ်စာတမ်း** (African Charter on the Rights and Welfare of the Child) ကို လက်ခံအတည်ပြုခဲ့သည်။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းကို စံပြုလျက် ကလေးငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွား ခံစားနိုင်ရန်ခွဲခြားမှု မပြုရေးနှင့် အခြေခံအချက်များ ထည့်သွင်းစဉ်းစားပြီး သော့ချက်ကျသော အခြေခံမူများကို ပဋိညာဉ်စာတမ်းက လက်ခံသည်။ အမည်နှင့် နိုင်ငံသားဖြစ်မှုအပေါ် အဓိကထားသည့် ပဋိညာဉ်စာတမ်း၏အပိုဒ် (၆) တွင် ဤသို့ ဖော်ပြသည်။

- ကလေးငယ်တိုင်းသည် မွေးစကပင် အစပြု၍ နာမည်တစ်ခု ရခွင့်ရှိသည်။
- ကလေးငယ်တိုင်းကို မွေးဖွားပြီးနောက် ချက်ချင်း မှတ်ပုံတင်ထားပေးရမည်။
- ကလေးငယ်တိုင်းသည် နိုင်ငံသားအဖြစ် ရယူပိုင်ခွင့် အခွင့်အရေးရှိသည်။
- ပဋိညာဉ်စာတမ်း၏ အဖွဲ့ဝင်နိုင်ငံများသည် အကယ်၍ ကလေးသူငယ် မွေးဖွားချိန်၌ အခြား နိုင်ငံတစ်နိုင်ငံ၏ ဥပဒေများနှင့်အညီ နိုင်ငံသားအဖြစ် အပ်နှင်းခြင်း မခံရပါက ၄င်းတို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ဥပဒေပြုမှုတွင် ကလေးသူငယ်သည် ၄င်းမွေးဖွားခဲ့ရာ နယ်မြေ၏ နိုင်ငံသားဖြစ်မှု ရရှိစေရမည် ဟူသော အခြေခံမှုကို အသိအမှတ်ပြုကြောင်း တာဝန်ယူသည်။

❑



# အခန်း (၂)

## နိုင်ငံမဲ့ဖြစ်နေသူများအား ဖော်ထုတ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း

ပြည်တွင်းဥပဒေများ ပြဋ္ဌာန်းခြင်းအားဖြင့်လည်းကောင်း၊ ၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်နေသူများ လျော့ချရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် အခြားသော အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများကို အကောင်အထည် ဖော်ခြင်းအားဖြင့်လည်းကောင်း၊ နိုင်ငံမဲ့ဖြစ်မှုနှုန်း လျော့ချကြရန် အားထုတ် ကြိုးပမ်းခဲ့ကြသော်လည်း UNHCR က ကမ္ဘာတစ်ဝှမ်း၌ နိုင်ငံမဲ့ဖြစ်နေသူပေါင်း သန်းပေါင်းများစွာ ရှိနေသေးသည်ဟု ခန့်မှန်းထားသည်။ ၁၉၅၄ ခုနှစ် **ကုလသမဂ္ဂနိုင်ငံမဲ့ ဖြစ်နေသူများ၏ အဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်း**က မည်သူသည် နိုင်ငံမဲ့ဖြစ်သည်ဟု ဆိုနိုင်သည် ဆိုသည့်အချက်ကို ဖော်ထုတ်သည့်အပြင် ထိုသူများ တရားဥပဒေအရ မည်သူမည်ဝါဖြစ်သည် ဆိုသည့်အချက်ကိုလည်း ဖော်ထုတ်နိုင်ရန် ကြိုးပမ်းသည်။ ထို့ပြင် နိုင်ငံမဲ့ဖြစ်နေသူများအနေဖြင့် အခြေခံအခွင့်အရေးများနှင့် လွတ်လပ်မှုကို ခွဲခြားခြင်း မရှိဘဲ ခံစားခွင့်ရရှိအောင် အာမခံပေးသည်။

> ကျွန်ုပ်တို့သည် ပုံမှန်အလုပ်အကိုင် မရရှိပါ။ ကျွန်ုပ်တို့ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ခွင့် မရှိပါ။ ကျွန်ုပ်တို့၏ဘဝသည် ဆိပ်ကမ်းကပ်ခွင့် မရှိသော လှေနှင့် အလားတူသည်။ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူခွင့်တွင်လည်း ပြဿနာများရှိသည်။ ကျွန်ုပ်သည်

အထက်တန်း ကျောင်းပြီးအောင် ပညာမသင်နိုင်သကဲ့သို့ ကောလိပ်သို့လည်း တက်ရောက်ခွင့် မရှိပါ။ ကျွန်ုပ်သည် ပုဂ္ဂလိက ဆေးရုံမှ ဆရာဝန်နှင့်သာ ပြသရပြီး အစိုးရဆေးရုံများတွင် ပြသခွင့် မရှိပါ။

အဗ္ဗဒူလာ၊ အာရပ်စော်ဘွားများနိုင်ငံတွင် နေထိုင်သော
ဘီဒွန်း (Bidoon) လူမျိုးစု အနွယ်ဝင်နိုင်ငံမဲ့တစ်ဦး

## မည်သူသည် နိုင်ငံမဲ့ဖြစ်သနည်း

မည်သည့် နိုင်ငံကမျှ မိမိနိုင်ငံ၏ နိုင်ငံသားအဖြစ် ဥပဒေနှင့်အညီ သတ်မှတ်ခြင်း မရှိသူကို နိုင်ငံမဲ့သူအဖြစ် ၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်းက အဓိပ္ပာယ်ဖွင့်ဆိုသည် (အပိုဒ်–၁)။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်မှာ တရားဥပဒေဘောင်အတွင်းက အဓိပ္ပာယ်ဖွင့်ဆိုချက် သက်သက်မျှသာ ဖြစ်သည်။ နိုင်ငံသားဖြစ်နိုင်မှု အရည်အချင်း၊ နိုင်ငံသားအဖြစ် မည်သို့မည်ပုံပေးအပ်သည် သို့မဟုတ် နိုင်ငံသားအဖြစ် မည်သို့မည်ပုံ ရယူရမည် ဆိုသည့်အချက်များကို သွယ်ဝိုက်၍ပင် ဖော်ညွှန်းခြင်း မရှိပါ။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်သည် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်က ဥပဒေအရ အလိုအလျှောက် (Ex Lege) မည်သူသည် နိုင်ငံသားဖြစ်မှုကို ရရှိကြောင်း ရိုးရှင်းစွာ အဓိပ္ပာယ်ဖွင့်ဆို ဖော်ပြထားခြင်း ဖြစ်သည်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အရ **"နိုင်ငံမဲ့" တစ်ဦးအဖြစ် သတ်မှတ်ရတော့မည်ဆိုလျှင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က သူ/သူမသည် မည်သည့်သက်ဆိုင်ရာနိုင်ငံနှင့်မျှ ဥပဒေရေးရာစာချုပ်မရှိ ဆိုသည့်အချက်ကို ဆန့်ကျင်ကွဲလွဲသော သက်သေထူရမည် ဖြစ်သည်။**

တစ်ဦးတစ်ယောက်သည် နိုင်ငံမဲ့ဖြစ်ကြောင်း သက်သေအထောက်အထားပြရန် ကြိုးစားရာတွင်၊ နိုင်ငံများသည် ထိုသူယခင်က အဆက်အဆံရှိခဲ့သော သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံသားဖြစ်မှု ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း (ဥပမာ – မွေးဖွားခြင်း၊ ယခင်နေထိုင်ခဲ့သည့်နေရာ၊ ၎င်း၏ အိမ်ထောင်ဘက် သို့မဟုတ် သားသမီးများ မည်သည့်နိုင်ငံသား ဖြစ်သည် ဆိုသည့်အချက်၊ ၎င်း၏ မိဘ၊ ဘိုးဘွားများ မည်သည့်နိုင်ငံသား ဖြစ်သည်ဆိုသည့်အချက် စသည်တို့ ဖြစ်သည်။) လိုအပ်ပါက သက်ဆိုင်ရာနိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းခြင်း အထောက်အထားများရရှိအောင် မေတ္တာရပ်ခံ တောင်းခံခြင်းတို့ကို ပြုလုပ်သင့်ပါသည်။ နိုင်ငံများသည် သက်ဆိုင်ရာပုဂ္ဂိုလ်ထံမှ ၎င်းတို့နှင့်သက်ဆိုင်သော အချက်အလက်များ၊ သတင်းများ ရရှိစေရန်နှင့် ၎င်း၏ ပူးပေါင်းဆောင်ရွက်မှု အပြည့်အဝ ရရှိစေရန် မေတ္တာရပ်ခံရမည်။ UNHCR သည် နိုင်ငံအချင်းချင်း ညှိနှိုင်းဆွေးနွေးရာတွင် လွယ်ကူမှုရှိစေရန် အကူအညီပေးနိုင်သည့်အပြင် မေတ္တာရပ်ခံလာပါက သက်ဆိုင်သော နိုင်ငံ အများအပြား၏ ဥပဒေဆိုင်ရာ အချက်အလက်များနှင့် ယင်းတို့ကို ကျင့်သုံးပုံများနှင့် ပတ်သက်၍ နည်းပညာ အကူအညီ ပေးနိုင်သည်။

တာဝန်ရှိသည့် နိုင်ငံတစ်နိုင်ငံ၏ အာဏာပိုင်က တစ်စုံတစ်ယောက်သည် မိမိ၏နိုင်ငံသား မဟုတ်ကြောင်း အထောက်အထားထုတ်ပေးပါက ယင်းအထောက်အထားသည် နိုင်ငံမဲ့ဖြစ်မှုအတွက် ခိုင်လုံသော အထောက်အထားဖြစ်သည်။ သို့သော်ငြားလည်း ဤသို့သော အထောက်အထားများ အမြဲတမ်းရလေ့ မရှိပါ။ နေရင်းနိုင်ငံ သို့မဟုတ် ယခင်က အမြဲတမ်းနေထိုင်ခဲ့သည့် နိုင်ငံ၏ သက်ဆိုင်ရာ အာဏာပိုင်များက ထိုသူသည် ၎င်းတို့၏ နိုင်ငံသား မဟုတ်ကြောင်း အထောက်အထား စာရွက်စာတမ်း ထုတ်ပေးရန် ငြင်းဆိုနိုင်သည် သို့မဟုတ် စုံစမ်းမေးမြန်းလာမှုများကို ပြန်ကြားခြင်း မပြုဘဲလည်း နေနိုင်သည်။ တချို့သော နိုင်ငံများ၏ အာဏာပိုင်များက မည်သူမည်ဝါသည် မိမိတို့နိုင်ငံနှင့် တရားဝင်အဆက်အဆံမရှိ ဆိုသည့်အချက်ကို ဖေါ်ထုတ်ပြောဆိုရန် မိမိတို့တွင် တာဝန်မရှိကြောင်း ယူဆထားကြသည်။ အကယ်၍ နိုင်ငံတစ်နိုင်ငံက ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ယင်းတို့ နိုင်ငံသား မဟုတ်ကြောင်း ငြင်းပယ်ခဲ့လျှင် အဆိုပါ ငြင်းပယ်ချက် ကိုယ်၌ကပင်လျှင် သက်သေခံ အထောက်အထားပုံစံတစ်ရပ် ဖြစ်ကြောင်း မှတ်ယူနိုင်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံများသည် သာမန်အားဖြင့် ယင်းတို့၏ နိုင်ငံသားများကိုသာ သံတမန်လမ်းကြောင်းအရ ကာကွယ်စောင့်ရှောက်လေ့ ရှိသောကြောင့် ဖြစ်သည်။

## လူတစ်ဦးတစ်ယောက်အား ၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်း၏ပြဋ္ဌာန်းချက်များမှ ဖယ်ထုတ်၍ ထားနိုင်သလား

၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်း၏ နိဒါန်းပိုင်း၌ နိုင်ငံမဲ့ဖြစ်နေသော ဒုက္ခသည်များသည် ၁၉၅၁ ခုနှစ် ဒုက္ခသည်များ၏ အဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းတွင် အကျုံးဝင်သည့်အတွက် ၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်းတွင် အကျုံးမဝင်ကြောင်း ဖော်ပြထားသည်။

၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်း၏အပိုဒ်–၁တွင် နိုင်ငံမဲ့ပုဂ္ဂိုလ်ဖြစ်မှုနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အပြင် အချို့သော ပုဂ္ဂိုလ်များသည် နိုင်ငံမဲ့ဖြစ်ခြင်းနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း ကျရောက်သော်လည်း (ဆိုလိုသည်မှာ ၄င်းတို့သည် နိုင်ငံမဲ့ဖြစ်နေသော်လည်း) အခြား သီးခြားအကြောင်းများကြောင့် ကွန်ဗင်းရှင်းအရ အကျိုးခံစားခွင့်ရှိမှုမှ ဖယ်ထုတ်ထားသည်။ ယင်းတို့သည် သက်ဆိုင်ရာ ဥပဒေရေးရာ အစီအစဉ်များအရလည်းကောင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အကူအညီများအရလည်းကောင်း အကျိုးခံစားခွင့်ရရှိနေလျှင် သို့မဟုတ် ၄င်းတို့ တစ်ဦးတစ်ယောက်ချင်းစီက ရာဇဝတ်မှုများ ကျူးလွန်ခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုနှင့် မထိုက်တန်သူဖြစ်နေလျှင် ကွန်ဗင်းရှင်းအရ အကျိုးခံစားခွင့် မရှိပါ။ ၄င်းတို့တွင် အောက်ပါပုဂ္ဂိုလ်များ အကျုံးဝင်သည်။

- "ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှအပ ကုလသမဂ္ဂ၏ အဖွဲ့အစည်းများ သို့မဟုတ် အေဂျင်စီများထံမှ အကူအညီရရှိသူဖြစ်လျှင်၊ ယင်းအကူအညီ ရရှိနေသမျှ ကာလပတ်လုံး" မြေထဲပင်လယ် အရှေ့ဘက်ကမ်းခြေရှိ ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်းအေဂျင်စီ (United Nations Relief and Works Agency for Palestinian Refugees in the Near East) သည် ဤအပိုဒ်တွင် အကျုံးဝင်သော တစ်ခုတည်းသော ကုလသမဂ္ဂအေဂျင်စီ ဖြစ်သည်။

- "အမြဲတမ်းနေထိုင်သောနိုင်ငံ၏ အခွင့်ရအာဏာပိုင်များက ထိုနိုင်ငံ၏ နိုင်ငံသားဖြစ်မှု လက်ခံထားခြင်း၌ ပူးတွဲခံစားခွင့်ရှိသော အခွင့်အရေးနှင့် တာဝန်များရှိသည်ဟု အသိအမှတ်ပြုထားသူများ၊ ဆိုလိုသည်မှာ နိုင်ငံမဲ့တစ်ဦးသည် နိုင်ငံတစ်နိုင်ငံ၌ တရားဝင်နေထိုင်ခွင့်ရရှိပြီး ၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များထက်ပို၍ အခွင့်အရေးများ ရရှိနေလျှင် အထူးသဖြင့် စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခွင့်အရေးများကို နိုင်ငံသားတစ်ဦးကဲ့သို့ တန်းတူရရှိနေသည့်အပြင် ပြည်နှင်ဒဏ်ပေးခြင်း၊ နှင်ထုတ်ခြင်းများမှ ကာကွယ်စောင့်ရှောက်မှု ခံစားရရှိနေလျှင် ထိုသူသည် အမှန်တကယ်အားဖြင့် နိုင်ငံမဲ့ ဖြစ်နေသော်လည်း ထိုသူအပေါ် ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာကျင့်သုံးရန် မလိုအပ်တော့ပါ။



- "အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အတိုင်း ငြိမ်းချမ်းရေးပျက်ပြားရန် ပြစ်မှုကျူးလွန်သူ၊ စစ်ရာဇဝတ်မှုကျူးလွန်သူ သို့မဟုတ် လူသားတစ်ရပ်လုံးအပေါ် ပြစ်မှုကျူးလွန်သူ၊ လက်ရှိနေထိုင်လျက်ရှိသော နိုင်ငံတွင် နေထိုင်ခွင့်မရရှိမီက ယင်းနိုင်ငံ၏ ပြင်ပနိုင်ငံတစ်ခုခု၌ နိုင်ငံရေးပြစ်မှုမဟုတ်သော အခြားကြီးလေးသော ပြစ်မှုကျူးလွန်ခဲ့သူ သို့မဟုတ် ကုလသမဂ္ဂ၏ အခြေခံမူများနှင့် ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ ဆန့်ကျင်ပြုမူ လုပ်ဆောင်သူ"

## တစ်ဦးတစ်ယောက်အား နိုင်ငံမဲ့တစ်ဦးမဟုတ်တော့ဟု မည်သည့်အခါ၌ ယူဆမည်နည်း

တစ်ဦးတစ်ယောက်သည် အမှန်တကယ် နိုင်ငံသားအဖြစ် လက်ခံရရှိသည့်နေ့မှစ၍ ထိုသူသည် နိုင်ငံမဲ့ဖြစ်မှုအခြေအနေမှ လွန်မြောက်သည်။

> ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလက အီသီယိုးပီးယားနိုင်ငံ၌ ပြဋ္ဌာန်းသည့် နိုင်ငံသားဖြစ်မှုဥပဒေနှင့် ၂၀၀၄ ခုနှစ် နိုဝင်ဘာလက ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ပြဋ္ဌာန်းထားသည့် နိုင်ငံသားဖြစ်မှု ဥပဒေများသည် အချိန်ကြာမြင့်စွာ ဆွဲထားပြီး လူအများအပြားကို အမှန်တကယ် နိုင်ငံသားဖြစ်မှု မရရှိဘဲ ထားရှိခြင်းကို အဆုံးသတ်ရာမှ ပေါ်ပေါက်လာသည့် ဥပဒေများဖြစ်သည်။ ယင်းဥပဒေများမတိုင်မီက မြောက်များလှစွာသော လူတို့သည် အမှန်တကယ် နိုင်ငံသားများ မဟုတ်ခဲ့ကြပေ။ အီသီယိုးပီးယားတွင် ပြဋ္ဌာန်းသည့် ဥပဒေသည် အီသီယိုးပီးယားတွင် နေထိုင်သူ လူအတော်များများအား အီသီယိုးပီးယားနိုင်ငံသားအဖြစ် ပြန်လည်ရရှိစေခဲ့သလို ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) ၏ ဥပဒေသစ်များသည်လည်း မည်သူတို့သည် အဆိုပါနိုင်ငံ၏ နိုင်ငံသားများဖြစ်သည် ဆိုသည့်အချက်ကို ဖော်ထုတ် ပြဋ္ဌာန်းပေးသည်။

## တစ်ဦးတစ်ယောက်သည် နိုင်ငံမဲ့ဖြစ်သည်ဆိုသည့်အချက် ပြဋ္ဌာန်းရာ၌ မည်သည့် လုပ်ထုံးလုပ်နည်းများ အသုံးပြုသနည်း

၁၉၅၄ ခုနှစ်၊ ကွန်ဗင်းရှင်းသည် မည်သူသည် နိုင်ငံမဲ့ဖြစ်သည်ဆိုသည့် အချက်ကို အဓိပ္ပာယ်ဖွင့်ဆိုထားသော်လည်း မည်သည့်ပုဂ္ဂိုလ်သည် နိုင်ငံမဲ့

ဖြစ်သည်ဆိုသည့်အချက်ကို ဖော်ထုတ်ရန်အတွက် လုပ်ထုံးလုပ်နည်းတစ်ရပ် အကျယ်တဝင့် ဖော်ထုတ်ထားခြင်း မရှိပါ။ ထို့ကြောင့်နိုင်ငံများ၏ အကျိုးစီးပွား အတွက်နှင့် ကွန်ဗင်းရှင်းကို လိုက်နာခြင်းနှင့် သက်ဆိုင်သော လူတစ်ဦးချင်းစီ၏ အကျိုးစီးပွားအတွက် နိုင်ငံများသည် နိုင်ငံမဲ့ဖြစ်သူကို ဖော်ထုတ်နိုင်ရန် လမ်းညွှန်သည့် ဥပဒေများကို ကျင့်သုံးသည်။ ယင်းသို့သော ဥပဒေ၌ ဆုံးဖြတ်ချက်ပေးနိုင်သူတစ်ဦးကိုလည်း ခန့်အပ်ထားပြီး နိုင်ငံမဲ့တစ်ဦးဖြစ်သည်ဟု ဖော်ထုတ်ခံရသူတစ်ဦးနှင့် စပ်လျဉ်းသော အကျိုးဆက်များကို ဖော်ထုတ်ရသည်။

အချို့သော နိုင်ငံများသည် တရားဥပဒေပါအချက်များ အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်အစိုးရအတွင်း သီးခြားအေဂျင်စီများ တာဝန်ပေးဖွဲ့စည်းထားရှိသည်။ ဥပမာ ခိုလှုံခွင့်ဆိုင်ရာကိစ္စ၊ ဒုက္ခသည်များကိစ္စ၊ နိုင်ငံမဲ့ဖြစ်နေသူများကိစ္စ အစရှိသည်တို့ကို ကိုင်တွယ်ဆောင်ရွက်ရန် ရုံးများဖွဲ့စည်းထားရှိခြင်း သို့မဟုတ် ပြည်ထဲရေးဝန်ကြီးဌာနတို့ဖြစ်သည်။ ၄င်းအဖွဲ့အစည်း အေဂျင်စီများသည် နိုင်ငံမဲ့ဖြစ်နေမှုနှင့် ပတ်သက်သော တင်ပြတောင်းဆိုမှုများကို စုံစမ်းစစ်ဆေးပြီး အဆုံးအဖြတ်ပေးသည်။ နိုင်ငံမဲ့ခြင်းကို အသိအမှတ်ပြုသည့် လုပ်ထုံးလုပ်နည်းကို ဖော်ဆောင်ပေးသော သီးခြားဥပဒေပြဋ္ဌာန်းချက် မရှိသည့် အခြားသောနိုင်ငံများတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် နိုင်ငံမဲ့ ဟုတ်မဟုတ် အဆုံးအဖြတ်ပြုရန် တာဝန်ပေးထားသော အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်ဖွဲ့စည်းထားရှိသည်။ အချို့နိုင်ငံအများအပြားသည် သီးသန့်လုပ်ထုံးလုပ်နည်းများ မထားရှိကြပါ။ သို့ရာတွင် အဆိုပါ အမှုအများအပြားတွင် ဒုက္ခသည်အဆင့်အတန်း သတ်မှတ်နေစဉ်အတွင်း မကြာခဏဆိုသလို နိုင်ငံမဲ့ပြဿနာ ပေါ်ပေါက်လေ့ ရှိသည်။ ဤသို့ဖြင့် နိုင်ငံမဲ့ဖြစ်နေသူများ၏ကိစ္စကို လူသားချင်း စာနာထောက်ထားမှု သို့မဟုတ် ဖြည့်စွက်ကာကွယ်စောင့်ရှောက်ခြင်း တို့ပါဝင်သောဘောင်အတွင်းမှ စီစစ်ဆောင်ရွက်ခြင်း ပြုနိုင်သည်။ စင်စစ်အားဖြင့် နိုင်ငံမဲ့သူများသည် ခိုလှုံခွင့်တောင်းခံပုံစနစ်အတွင်းမှ ၄င်းတို့၏ လျှောက်ထားချက်ကို တင်ပြရန်သာ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့၌ အခြားလုပ်ထုံးလုပ်နည်းများ မရှိသောကြောင့် ဖြစ်သည်။

အချို့သောနိုင်ငံများတွင် နိုင်ငံမဲ့ဖြစ်နေသူများအတွက် သီးသန့်လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းထားခြင်း မရှိပါ။ သို့သော် တစ်ဦးတစ်ယောက်က နိုင်ငံ



အတွင်း နေထိုင်ခွင့် လျှောက်ထားလာသည့်အခါ သို့မဟုတ် ခရီးသွား အထောက်အထားလက်မှတ် လျှောက်ထားလာသည့်အခါ သို့မဟုတ် ၄င်း၏ ခိုလှုံခွင့်လျှောက်လွှာအား ငြင်းပယ်သည့်အခါနှင့် အခြားကြောင်းပြချက် များဖြင့် နိုင်ငံအတွင်း ဆက်လက်ခိုလှုံခွင့်ပြုရန် တောင်းခံလာသည့်အခါများတွင် ပြဿနာ ပေါ်ပေါက်လာနိုင်သည်။

ပြင်သစ်နိုင်ငံတွင် နိုင်ငံမဲ့ဖြစ်မှု အသိအမှတ်ပြုသည့် လုပ်ထုံးလုပ်နည်းကို ဒုက္ခသည်များနှင့် နိုင်ငံမဲ့များအား ကာကွယ်စောင့်ရှောက်ပေးခြင်းဆိုင်ရာ ပြင်သစ်ရုံး French Office of the Protection of Refugees and Stateless Persons (OFPRA) ရုံးတွင် ဆောင်ရွက်ရသည်။ ထိုရုံးကို တရားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ခွင့် အခွင့်အာဏာ ပေးအပ်ထားသည်။ လျှောက်ထားသူများသည် OFPRA ရုံးတွင် တိုက်ရိုက် လျှောက်ထားရသည်။

စပိန်နိုင်ငံတွင် ဘုရင့်ဒီဂရီအမိန့်ဖြင့် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းအတိုင်း နိုင်ငံမဲ့ဖြစ်မှုအခြေအနေကို အဆုံးအဖြတ်ပြုရန် နိုင်ငံခြားသားများ ဥပဒေ (Aliens Law) က ပြည်ထဲရေးဝန်ကြီးဌာနသို့ တာဝန်ပေးအပ်ထားသည်။ လျှောက်ထားသူများသည် ရဲစခန်းများ သို့မဟုတ် ခိုလှုံခွင့်နှင့် ဒုက္ခသည်များဆိုင်ရာရုံး (Office for Asylum and Refugees, OAR) ရုံးတွင် လျှောက်ထားနိုင်သည်။ OAR ရုံးသည် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် လုပ်ထုံးလုပ်နည်းအတိုင်း အကဲဖြတ်၍ ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြသည်။

အီတလီနိုင်ငံတွင် နိုင်ငံသားဖြစ်မှုဥပဒေ (Nationality Law) ကို ပြင်ဆင်သည့် ဒီကရီတစ်ရပ် ၁၉၉၃ ခုနှစ်က ပြဋ္ဌာန်းရာ ယင်းဒီကရီအရ ပြည်ထဲရေး ဝန်ကြီးဌာနအား နိုင်ငံမဲ့ဖြစ်မှုအခြေအနေ အသိအမှတ်ပြုနိုင်ရန် အာဏာ လွှဲအပ်ထားသည်။

နိုင်ငံမဲ့ဖြစ်နေသူများအား ဖော်ထုတ်ပေးသည့် သီးသန့်လုပ်ထုံးလုပ်နည်းများ မရှိဘဲနှင့် နိုင်ငံအတွင်း၌ နိုင်ငံမဲ့ဖြစ်နေသူဦးရေ မည်မျှရှိသည် ဆိုသည့်

အချက်ကို အဆုံးအဖြတ်ပြုနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် နိုင်ငံမဲ့ဖြစ်နေမှုကြောင့် ပြဿနာမည်မျှကြီးမားသည် ဆိုသည့်အချက်ကိုလည်း အတိအကျသိရှိ နိုင်မည် မဟုတ်ပေ။

## မည်သို့သော အထောက်အထားမျိုး လိုအပ်သနည်း

လျှောက်ထားသူသည် မိမိမွေးဖွားရာ နိုင်ငံကဲ့သို့သော ခရီးသွားစာရွက် အထောက်အထား ထုတ်ပေးသည့် "မိမိနေရင်းနိုင်ငံ"၏ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးမှ အထောက်အထား စာရွက်များ ရယူဖြည့်ဆည်းပေးရန် လိုအပ်သည်။ ယင်းစာရွက် စာတမ်းတွင် ၎င်းပုဂ္ဂိုလ်သည် နိုင်ငံသားမဟုတ်ကြောင်း ဖော်ပြပါရှိရမည်။ အထက်၌ ဖော်ပြပြီးဖြစ်သကဲ့သို့ ယင်းသို့သော အထောက်အထားများ အမြဲတစေ ရရှိနိုင်မည် မဟုတ်ပေ။ ပြီးပြည့်စုံသော စာတမ်းများ မရရှိသည့်အခါမျိုးတွင် အချို့သောနိုင်ငံများသည် အခြားအထောက်အထားများကို လက်ခံလေ့ရှိသည်။ ဥပမာအားဖြင့် သက်ဆိုင်ရာ နိုင်ငံသားဖြစ်မှုဥပဒေအရ သုံးသပ်ချက်များနှင့် အသိသက်သေများနှင့် တတိယပုဂ္ဂိုလ်များကပေးသည့် ကြေညာချက်၊ ထွက်ဆိုချက်များ ဖြစ်သည်။ သတင်းအချက်အလက်များ ရယူစုဆောင်းရာတွင် အစိုးရအဖွဲ့အတွင်းရှိ ဌာနများ၊ ဝန်ကြီးဌာနများအကြား ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည့်အပြင် အခြားနိုင်ငံများနှင့်လည်း ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

ဤစာအုပ်ပြုစုစဉ် အချိန်အထိ နိုင်ငံမဲ့ဖြစ်နေသူများ ဖော်ထုတ်ရေးနှင့် ပတ်သက်၍ နိုင်ငံများအကြား သဟဇာတဖြစ်သော ချဉ်းကပ်ပုံစနစ် မရှိသေးပေ။ နိုင်ငံမဲ့ဖြစ်မှု သက်သေအထောက်အထားနှင့် စပ်လျဉ်းသော စံနှုန်းသတ်မှတ်ချက်သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားခြားနားသည်ဖြစ်ရာ နိုင်ငံတစ်နိုင်ငံက ပုဂ္ဂိုလ်တစ်ဦးကို နိုင်ငံမဲ့အဖြစ်သတ်မှတ်သော်လည်း အခြားတစ်နိုင်ငံက မသတ်မှတ်ဘဲ နေနိုင်သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအကြား ၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်း အကောင်အထည်ဖော် ကျင့်သုံးမှုနှင့် ပတ်သက်၍ UNHCR က ၂၀၀၅ ခုနှစ်တွင် အစီရင်ခံစာတစ်ရပ် ထုတ်ပြန်သည်။ လေ့လာတွေ့ရှိချက်အရ အီးယူ (EU) နိုင်ငံအများစုသည် နိုင်ငံမဲ့ဖြစ်နေသူ ပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ဖော်ထုတ်ရန်နှင့် အသိအမှတ်ပြုရန် သီးသန့်ယန္တရားများ ဖွဲ့စည်းထားမှု မရှိသေးကြောင်း တွေ့ရှိရသည်။ ထိုသို့ ဆောင်ရွက်ရမည့်အစား ခိုလှုံခွင့်နှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ယေဘူယျအားဖြင့် နိုင်ငံမဲ့ကိစ္စတွင် အသုံးပြုနေကြောင်း တွေ့ရသည်။ ဤသို့ ဖြစ်ရခြင်းကြောင့် ရလဒ်အားဖြင့် ဥရောပသမဂ္ဂ နိုင်ငံများအတွင်း၌ နိုင်ငံမဲ့ပြဿနာ၏ အတိမ်အနက် မည်မျှကြီးမားကြောင်း ဖော်ထုတ်နိုင်ခြင်း မရှိပေ။ မည်သို့ဆိုစေ ဤအစီရင်ခံစာတွင် UNHCR သည် နိုင်ငံမဲ့ဖြစ်နေသူများအား သဟဇာတဖြစ်စွာ ဖော်ထုတ်နိုင်ရေးနှင့် အသိအမှတ်ပြုနိုင်ရေးအတွက် ဥရောပသမဂ္ဂနိုင်ငံများ လိုက်နာကျင့်သုံးရန် အကောင်းဆုံးသော ကျင့်ထုံးများကို မီးမောင်းထိုးပြသည့်အပြင် ၁၉၅၄ ခုနှစ်၊ ကွန်ဗင်းရှင်းလက်ခံထားသည့် နိုင်ငံများအတွက်လည်း လမ်းညွှန်မှုပြုထားသည်။

## တစ်ဦးတစ်ယောက် နိုင်ငံမဲ့ဖြစ်မှုနှင့် ပတ်သက်၍ မည်သူက ဆုံးဖြတ်သင့် သနည်း

နိုင်ငံမဲ့ဖြစ်မှုကိစ္စတွင် အထူးကျွမ်းကျင်မှုရှိသော၊ အရည်အချင်းပြည့်သော၊ ဘက်လိုက်မှု မရှိသောအရာရှိ ဝန်ထမ်းများက လျှောက်လွှာနှင့် လျှောက်လွှာပါ အထောက်အထားအဖြစ် ပူးတွဲတင်ပြသော စာရွက်စာတမ်းများကို ဓမ္မဓိဋ္ဌာန်ကျကျ စစ်ဆေးနိုင်သူများ ဖြစ်ရမည်ဖြစ်ပြီး ၎င်းတို့ကို နိုင်ငံမဲ့ဖြစ်မှုနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချနိုင်ရန်လည်း တာဝန်ပေးရမည်။ ဆုံးဖြတ်ချက်များအတွက် တာဝန်ရှိသော ဗဟိုအာဏာပိုင် အဖွဲ့အစည်းသည် ရှေ့နောက်မညီလျှော်သော ဆုံးဖြတ်ချက်ချမှုများ လျော့ပါးစေရန် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့မှသာ နေရင်းနိုင်ငံများမှ သတင်းအချက်အလက်များ ရယူခြင်းနှင့် ဖြန့်ဝေခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ထို့အပြင် လုပ်ငန်းတွင် ဤသို့အာရုံစူးစိုက် လုပ်ဆောင်ခြင်းဖြင့် နိုင်ငံမဲ့ဖြစ်ခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် ကျွမ်းကျင်ပိုင်နိုင်လာမည် ဖြစ်သည်။ နိုင်ငံမဲ့ဖြစ်မှု အခြေအနေနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ပေးရာတွင် အခြားနိုင်ငံများ၏ ဥပဒေများ ရယူ စုဆောင်းခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ကျင့်စဉ်များ ရယူ စုဆောင်းခြင်းတို့ လိုအပ်သည်။ ဗဟိုအာဏာပိုင်အဖွဲ့အစည်း မရှိသော်လည်း ဆုံးဖြတ်ချက်ချသူများသည် မိမိအစိုးရအတွင်းရှိ ဗဟုသုတရှိသော လုပ်ဖော် ကိုင်ဖက်များနှင့် ပူးပေါင်း လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် အခြားနိုင်ငံများရှိ ကျွမ်းကျင်သူများနှင့် ပူးပေါင်း လုပ်ကိုင် ဆောင်ရွက်နိုင်သည်။

## တစ်ဦးတစ်ယောက်သည် လုပ်ထုံးလုပ်နည်းများ သိရှိနားလည်အောင် မည်သို့ ရယူဆောင်ရွက်နိုင်သနည်း။

တစ်ဦးတစ်ယောက်သည် မိမိအား နိုင်ငံမဲ့အဖြစ် အသိအမှတ်ပြုရန် မေတ္တာရပ်ခံလာသည့်အခါ ထိုသူအား စိစစ်မှုပြုလုပ်နေစဉ် ထိုနိုင်ငံက ထိုသူအား တရားဝင်နေထိုင်ခွင့် ပေးရမည်ဟု ၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်းက တာဝန်ပေးထားခြင်း မရှိပါ။ သို့သော်ငြားလည်း ထိုသူသည် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်း၌ ရှိနေလျှင် ထိုသူ၏ နိုင်ငံသားဖြစ်မှုအဆင့် သတ်မှတ်ချက်သည်သာလျှင် သူ၏ဒုက္ခကို ဖြေရှင်းပေးရန် ဖော်ထုတ်ပေးသည့် တစ်ခုတည်းသော နည်းလမ်း ဖြစ်သည်။ အကယ်၍ ထိုသူအား နိုင်ငံမဲ့အဖြစ် အဆုံးအဖြတ်ပေးခဲ့လျှင် သော်လည်းကောင်း၊ ထို့အပြင် ၎င်း၏ မူလနေထိုင်ခဲ့သည့်နိုင်ငံသို့ ပြန်ရန် ဖြစ်နိုင်ခြေမရှိလျှင်သော်လည်းကောင်း သို့မဟုတ် ယင်းသို့ပြန်ရန် နိုင်ငံမရှိ ဖြစ်နေလျှင်သော်လည်းကောင်း ထိုအခါမျိုးတွင် ထိုသူအား နိုင်ငံအတွင်း ဝင်ရောက်ခွင့်လက်ခံရန်နှင့် သူ့အား သင့်တော်သော တရားဝင်နေထိုင်ခွင့်ပြုရန်မှတစ်ပါး အခြားဖြေရှင်းရန် နည်းလမ်း မရှိပေ။

အကယ်၍ တစ်ဦးတစ်ယောက်သည် နိုင်ငံမဲ့တစ်ဦးအဖြစ် အသိအမှတ်ပြုရန် လျှောက်ထားလာခဲ့လျှင် သို့မဟုတ် အာဏာပိုင်များက တစ်ဦးတစ်ယောက်အား နိုင်ငံမဲ့ ဟုတ်မဟုတ် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေလျှင် ထိုသူအတွက် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ယာယီနေထိုင်ခွင့်ပြုရန် လိုအပ်မည် ဖြစ်သည်။ နိုင်ငံမဲ့ဖြစ်နေမှုအား အသိအမှတ်ပြုရန် မေတ္တာရပ်ခံလာသည့်အတွက် စီစစ်အကဲဖြတ်နေစဉ်အတွင်း ထိုသူအား တရားဝင် နေထိုင်ခွင့်ပြုရန်ကိစ္စနှင့် ပတ်သက်၍ ကွန်ဗင်းရှင်းက မည်သို့မျှ ဖော်ပြထားခြင်း မရှိပေ။ နိုင်ငံများအကြား လိုက်နာကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများသည် ကွဲပြားခြားနားမှု ရှိသည်။

**ထိုက်သင့်သကဲ့သို့ စီစစ်ဆောင်ရွက်**ရာတွင် (due process) လျှောက်ထားသူများအား အောက်ဖော်ပြပါ အာမခံချက်များအပါအဝင် အချို့သော အာမခံချက်များလည်းပေးရန် လိုအပ်မည် ဖြစ်သည်။

- တောင်းဆိုလာသည့်ကိစ္စရပ်နှင့် ပတ်သက်၍ စစ်ဆေးမှုပြုလုပ်ရာတွင် လျှောက်ထားသူလည်း ပူးပေါင်းပါဝင်ရန် အခွင့်အရေးရှိကြောင်း၊



- တောင်းဆိုလာသည့်ကိစ္စအား ဓမ္မဓိဋ္ဌာန်ကျကျ လက်ခံဆောင်ရွက်ရမည် ဖြစ်ကြောင်း၊
- လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သည့် ကာလသတ်မှတ်ချက် ရှိကြောင်း၊
- တောင်းဆိုသူနားလည်နိုင်သည့်ဘာသာစကားဖြင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ သတင်း အချက်အလက် ရရှိကြောင်း၊
- ဥပဒေအကြံဉာဏ်နှင့် စကားပြန်ရပိုင်ခွင့်ရှိကြောင်း၊
- အချက်အလက်များ လျှို့ဝှက်စွာ ထားခွင့်ရှိကြောင်းနှင့် အချက်အလက်များ ကာကွယ် စောင့်ရှောက်မည်ဖြစ်ကြောင်း၊
- ဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်ချက်ချရာတွင် အရေးပါသော အကြောင်းပြချက်များ ပေးမည်ဖြစ်ကြောင်းနှင့်
- ဆုံးဖြတ်ချက်အား တရားဥပဒေအရ စောဒကတက်ခွင့်ရှိကြောင်း၊

နိုင်ငံမဲ့အဆင့်အတန်းအတွက် လျှောက်ထားလာသော အချို့သော အမျိုးအစား အထူးသဖြင့် **အုပ်ထိန်းသူ ပါမလာသော ကလေးသူငယ်များ**သည် သီးခြားလုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းထားချက်များဖြင့် ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်သည်။ ဤပြဋ္ဌာန်းချက်များတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ စဉ်းစား ဆောင်ရွက်နေစဉ် အုပ်ထိန်းသူပါမလာသော ကလေးသူငယ်ကို ကိုယ်စားပြုရန် သို့မဟုတ် အကူအညီပေးရန် အုပ်ထိန်းသူ ခန့်ထားရေးကိစ္စ ပါဝင်နိုင်သည်။

## တရားဝင်နေထိုင်ခွင့် မရှိသော နိုင်ငံမဲ့တစ်ဦးအား နိုင်ငံတစ်ခုက ချုပ်နှောင်ထားနိုင်သလား

**နိုင်ငံမဲ့ဖြစ်နေသူများအား သာမန်အားဖြင့် ချုပ်နှောင်ထားခြင်း မပြုသင့်ပါ။** သာမန်အားဖြင့် နိုင်ငံမဲ့ဖြစ်နေသူများသည် မကြာခဏ မိမိ မည်သူမည်ဝါဖြစ်ကြောင်း အမျိုးသားမှတ်ပုံတင် ကတ်ပြား သို့မဟုတ် နိုင်ငံကူးလက်မှတ် အစရှိသော အထောက်အထားများ ပြသနိုင်ခြင်း မရှိပါ။ ထိုသူသည် ယခင်နေထိုင်ခဲ့သည့်နိုင်ငံကို ဖော်ထုတ်နိုင်သော်လည်း ၎င်းနိုင်ငံကထိုသူအား ချက်ချင်းပြန်လည်လက်ခံမည် မဟုတ်ပါ။ ဤသို့သော အခြေအနေများတွင် ချုပ်နှောင်ထားမှုကို ရှောင်ရှားသင့်ပြီးအကယ်၍ ပြည်တွင်းဥပဒေများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် ညီညွတ်ပါက ဥပဒေအတိုင်း ဆောင်ရွက်သင့်သည်။ ချုပ်နှောင်

ခြင်း မပြုသော အခြားနည်းလမ်းများကို ဦးစွာရှာဖွေသင့်သည်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်အား အခြားနည်းလမ်းဖြင့် ဆောင်ရွက်ခဲ့သော် ထိရောက်မှုရှိမည် မဟုတ်ဟု ယုံကြည်ရမှသာ ချုပ်နှောင်ရန် ဖြစ်သည်။

တရားဝင်နေထိုင်ခွင့် မရှိသော နိုင်ငံမဲ့များအား အခြားဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံ စဉ်းစားပြီးနောက်မှသာလျှင် ချုပ်နှောင်ထားသင့်သည်။ ချုပ်နှောင်ထားရန် ချွင်းချက်ဖြင့် ဆုံးဖြတ်ရာတွင် အာဏာပိုင်များသည် ယင်းသို့ ချုပ်နှောင်ရန် ဆုံးဖြတ်ခြင်းမှာ လျော်ကန်မှုရှိ၊ မရှိနှင့် မိမိရည်မှန်းလုပ်ဆောင်ချက် အောင်မြင်မှု ရနိုင်၊ မရနိုင် ချင့်ချိန်သင့်သည်။ အကယ်၍ ချုပ်နှောင်ထားရန် လိုအပ်ကြောင်း ဆုံးဖြတ်လျှင် ယင်းချုပ်နှောင်မှုကာလသည် အနည်းဆုံးဖြစ်ရမည်ဖြစ်ပြီး ခွဲခြားမှု မရှိစေရ။ မေတ္တာရပ်ခံလာပါက UNHCR သည် ဤသို့သော အမှုကိစ္စများအတွက် အကြံဉာဏ်ပေးနိုင်သည်။

**အဆင်အခြင်မဲ့ပြုလုပ်သော ချုပ်နှောင်မှုအတွက် လုပ်ငန်းအဖွဲ့**

၁၉၈၅ ခုနှစ်မှ အစပြု၍ စိတ်အနှောင့်အယှက် ဖြစ်ဖွယ်ရာကောင်းသော အဆင်အခြင်မဲ့ ထိန်းသိမ်း ချုပ်နှောင်မှုများ ကျယ်ပြန့်လာခြင်းကို ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင် (United Nations Commission on Human Rights)က အာရုံစိုက်လာသည်။ အဆိုပါ ကော်မရှင်သည် “လူနည်းစုအား ခွဲခြားဆက်ဆံမှုတားဆီးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ (Sub-Commission on Prevention of Discrimination and Protection of Minorities) အား အဆင်အခြင်မဲ့ ထိန်းသိမ်းချုပ်နှောင်မှုများနှင့် ပတ်သက်၍ သေချာစွာ စူးစမ်းလေ့လာရန်နှင့် ယင်းကျင့်ထုံးများ ကျဆင်းသွားစေရန်အတွက် အကြံဉာဏ်များ တင်ပြပေးရန် တာဝန်ပေးအပ်သည်။ တစ်ချိန်တည်းမှာပင် ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလကကျင်းပသည့် ကုလသမဂ္ဂအထွေထွေ ညီလာခံက လွတ်လပ်ခွင့် ရုပ်သိမ်းခံရသူ အားလုံး ခံစားနိုင်ရန် အာမခံချက်ပေးသည့် လူတိုင်းကို မည်သည့် ပုံစံဖြင့်မဆို ထိန်းသိမ်းခြင်း အကျဉ်းချထားခြင်းမှ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူများ (Body of Principles for the Protection of all Persons under Any Form of Detention or Imprisonment) ကို အတည်ပြု လက်ခံခဲ့သည်။ ၁၉၉၀ ပြည့်နှစ်က အထက်ဖော်ပြပါ ကော်မရှင်အဖွဲ့ခွဲ၏ အကြံပြု တင်ပြချက်များကို လိုက်နာ ဆောင်ရွက်သောအားဖြင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်သည် အဆင်အခြင်မဲ့ ချုပ်နှောင်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ (Working Group on Arbitrary Detention)ကို ဖွဲ့စည်းပေးသည်။ အဆိုပါ လုပ်ငန်းအဖွဲ့သည် နောင်အခါ ထိန်းသိမ်းထားခြင်း၊ ချုပ်နှောင်ထားခြင်းတို့နှင့် ပတ်သက်သည့် အောက်ဖော်ပြပါ အခြေခံမူများကို အတည်ပြုခဲ့သည်။

အခြေခံမူ−၁

တရားမဝင် ဝင်ရောက်နေထိုင်ရန် နိုင်ငံတွင်းသို့ ဝင်ရောက်လာသူ သို့မဟုတ် ခိုလှုံခွင့်တောင်းခံရန် ဝင်ရောက်လာသူအား နယ်စပ်ဒေသ၌လည်းကောင်း သို့မဟုတ် နိုင်ငံနယ်နိမိတ်အတွင်း၌လည်းကောင်း တွေ့ရှိစစ်ဆေးမေးမြန်းသည့်အခါ ၄င်းအား ၄င်းနားလည်သော ဘာသာစကားဖြင့် အနည်းဆုံး နှုတ်ဖြင့် စစ်ဆေးမေးမြန်း အသိပေးရမည်။ ယင်းသို့ စစ်ဆေးမေးမြန်း အသိပေးရာတွင် နယ်စပ်ဒေသကို ဖြတ်ကျော်ဝင်ရောက်ခွင့် မပြုနိုင်ကြောင်း ဆုံးဖြတ်ရခြင်း၏အကျိုးကြောင်းများကို ရှင်းလင်းစွာ ပြောကြားရမည်။ သို့မဟုတ် နယ်နိမိတ်အတွင်း ယာယီနေထိုင်ခွင့်ပြုပါကလည်း ရှင်းလင်း ပြောကြားရမည်။ ဤသို့ နေထိုင်ခွင့်ပြုခြင်းသည် ထိုပုဂ္ဂိုလ်အား လေးစားသမှုရှိခြင်းပေါ် အခြေခံစဉ်းစား၍ ခွင့်ပြုခြင်း ဖြစ်သည်။

အခြေခံမူ−၂

မည်သည့် ခိုလှုံခွင့်တောင်းခံသူမဆို သို့မဟုတ် နိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ရန် ရောက်ရှိလာသူ မည်သူမဆို ထိန်းသိမ်းထားရှိခြင်း ခံနေရစဉ်အတွင်း ထိုသူအား တယ်လီဖုန်း၊ ဖက်(စ်) သို့မဟုတ် အီလက်ထရောနစ်မေးလ်တို့ အသုံးပြုခွင့်နှင့် ရှေ့နေ၊ ကောင်စစ်ဝန်နှင့် ၄င်း၏ဆွေမျိုးများနှင့် ဆက်သွယ်ခွင့်အပါအဝင် ပြင်ပကမ္ဘာနှင့် ဆက်သွယ်ခွင့် ရရှိစေရမည်။

အခြေခံမူ−၃

မည်သည့် ခိုလှုံခွင့်တောင်းခံသူမဆို သို့မဟုတ် နိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ရန် ရောက်ရှိလာသူ မည်သူမဆို ထိန်းသိမ်းထားခြင်း

ခံရပါက ၎င်းကို တရားရုံး သို့မဟုတ် အခြားအာဏာပိုင်အဖွဲ့အစည်းထံသို့ အမြန်ဆုံး ပို့ဆောင်ပေးရမည်။

အခြေခံမူ-၄

မည်သည့် ခိုလှုံခွင့်တောင်းခံသူမဆို သို့မဟုတ် နိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ရန် ရောက်ရှိလာသူ မည်သူမဆို ထိန်းသိမ်းထားခြင်း ခံရသည့်အခါ အမှတ်စဉ် ရေးထိုးပြီး အချုပ်အနှောင်ပါသော မှတ်ပုံတင်စာအုပ်တွင် ၎င်းအား လက်မှတ် ထိုးစေရမည်။ သို့မဟုတ် အလားတူ အာမခံချက်မျိုး ပေးရမည်။ ယင်း မှတ်ပုံတင်စာအုပ်တွင် ထိုသူ၏ ကိုယ်ရေးအချက်အလက်များ၊ ထိန်းသိမ်းထားရခြင်း၏ အကြောင်းအရင်း၊ ယင်းသို့ အရေးယူ ဆောင်ရွက်သူ အာဏာပိုင်အမည်နှင့် စတင်ချုပ်နှောင်သည့်ရက်၊ အချိန်နှင့် အချုပ်မှ ပြန်လည်လွှတ်ပေးသည့်ရက်၊ အချိန်တို့ ဖော်ပြပါရှိရမည်။

အခြေခံမူ-၅

မည်သည့် ခိုလှုံခွင့်တောင်းခံသူမဆို သို့မဟုတ် နိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ရန် ရောက်ရှိလာသူ မည်သူမဆို ထိန်းသိမ်းချုပ်နှောင်သည့် စခန်းသို့ ရောက်ရှိလာလျှင် စခန်းတွင်းရှိ စည်းမျဉ်းစည်းကမ်းများကို အသိပေး ထားရမည်။ သင့်တော်သည့်အခါတိုင်း လိုက်နာကျင့်ဆောင်ရမည့် စည်းကမ်းများနှင့် သူ သို့မဟုတ် သူမ အနေဖြင့် ပြင်ပနှင့် ဆက်သွယ်ခြင်း မပြုနိုင်သည့် အခြေအနေမျိုးလည်း ဖြစ်လာနိုင်ချေရှိကြောင်း ရှင်းလင်း ပြောကြားထားရမည့်အပြင် ယင်းကဲ့သို့ အရေးယူ ဆောင်ရွက်ချက်မျိုး ဖြစ်လာနိုင်ကြောင်းများကိုလည်း အသိပေး ထားရမည်။

အခြေခံမူ-၆

စည်းကမ်းတကျ အခွင့်အာဏာ လွှဲအပ်ခြင်းခံရသော အာဏာပိုင်ကသာ ဆုံးဖြတ်ချက်ကို ပြုလုပ်ရမည်ဖြစ်ပြီး ၎င်း၌လုံလောက်သော တာဝန်ယူမှု ရှိရမည်။ ၎င်း၏ဆုံးဖြတ်ချက်သည် ဥပဒေက ပြဋ္ဌာန်းထားသော တရားဝင် စံနှုန်းအပေါ် အခြေခံရမည်။



အခြေခံမူ-၇

ဥပဒေတွင် အများဆုံး ချုပ်နှောင်နိုင်သည့်ကာလကို ဖော်ပြရမည်။ မည်သည့်အကြောင်းကြောင့်မျှ ချုပ်နှောင်သည့်ကာလကို အကန့်အသတ်မဲ့ မထားရှိရ သို့မဟုတ် အလွန်အမင်း ကြာရှည်သောကာလ သတ်မှတ် မထားရ။

အခြေခံမူ-၈

မည်သည့်အကြောင်းကြောင့် ဤသို့ အရေးယူဆောင်ရွက်ရသည် ဆိုသည့်အချက်ကို ဖော်ပြလျက် ချုပ်နှောင်အရေးယူဆောင်ရွက်ရခြင်းကို စာဖြင့် ရေးသားပြီး ခိုလှုံခွင့်တောင်းခံသူ သို့မဟုတ် နိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ရန် ရောက်ရှိလာသူသိရှိအောင် ၎င်းနားလည်သည့် ဘာသာစကားဖြင့် အသိပေးအကြောင်းကြားရမည်။ ယင်းအကြောင်းကြားစာတွင် ယခု အရေးယူ ဆောင်ရွက်ချက်များကို ဥပဒေနှင့်အညီ အလျင်အမြန် ဆုံးဖြတ်ချက်ချရမည် သို့မဟုတ် လျော်ကန်သင့်မြတ်ပါက အချုပ်မှ လွှတ်ပေးရန် အမိန့်ချမှတ်နိုင်သည့် တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်ထံ သက်သာခွင့်ရရန် လျှောက်ထားနိုင်သည့် စည်းကမ်းချက်များ ဖော်ပြထားရမည်။

အခြေခံမူ-၉

ချုပ်နှောင်ရန်နေရာသည် ဤကိစ္စရပ်အတွက် သီးသန့် တည်ဆောက်ထားသော အများပြည်သူနှင့်သက်ဆိုင်ရာ နေရာ ဖြစ်ရမည်။ ထိုသို့ ဆောင်ရွက်ရန် မဖြစ်နိုင်သည့်အခါ လက်တွေ့ကျပြီး ကျိုးကြောင်း ဆီလျော်ပါက ခိုလှုံခွင့် တောင်းခံသူ သို့မဟုတ် နိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ရန် ရောက်ရှိလာသူအား ရာဇဝတ်မှုကျူးလွန်၍ ထောင်ကျခံနေရသူများနှင့် အတူမထားရှိဘဲ သီးခြားအဆောက်အဦးတွင် ခွဲခြားထားရှိနိုင်သည်။

အခြေခံမူ-၁၀

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နှင့် သင့်တော်သည်ဟု ထင်မြင်ယူဆလျှင် စနစ်တကျ တာဝန်လွှဲအပ်ထားသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကို ချုပ်နှောင်ထားရှိရာနေရာသို့ ဝင်ရောက်ခွင့်ပေးရမည်။

## နိုင်ငံမဲ့အဖြစ် အသိအမှတ်ပြုထားသည့်ပုဂ္ဂိုလ်များ၌ မည်သည့် အခွင့်အရေးများနှင့် တာဝန်များ ရှိသနည်း

စီရင်ပိုင်ခွင့် နယ်နိမိတ်တစ်ရပ်အတွင်း၌ ရှိနေသော ပုဂ္ဂိုလ်အားလုံးသည် မည်သည့် အဆင့်အတန်း ရှိသည်ဖြစ်စေ သို့မဟုတ် မည်သည့်နေထိုင်မှု အမျိုးအစား (type of stay) ရရှိသည်ဖြစ်စေ ၎င်းတို့၌ လူ့အခွင့်အရေး အချို့ရှိသည်။ ဥပမာအားဖြင့် ညှဉ်းပန်းမှု မခံရရေးနှင့် ခွဲခြားဆက်ဆံမှု မပြုရေးများ ပါဝင်သည်။ အမှန်ဆိုရသော် ၁၉၅၄ ခုနှစ်၊ ကွန်ဗင်းရှင်းသည် ၎င်းပြဋ္ဌာန်းချက်များ၌ နိုင်ငံမဲ့ဖြစ်နေသူများကို "လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ပင်ရင်းဇာတိနိုင်ငံ" ဟူ၍ ခွဲခြားခြင်းမပြုရန် အသိအမှတ်ပြု ပြဋ္ဌာန်းထားသည်။ (အပိုဒ် ၃)

နိုင်ငံမဲ့ပုဂ္ဂိုလ်တိုင်းသည် မိမိရောက်ရှိသည့်နိုင်ငံ၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ရန်တာဝန်ရှိသည် (အပိုဒ် –၂)။ ဤတာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်သည်ဟု မှတ်ယူလျက် ထိုနိုင်ငံမဲ့ပုဂ္ဂိုလ်သည် အခြေခံကာကွယ်စောင့်ရှောက်မှု ရပိုင်ခွင့်ရှိကြောင်း၊ ကွန်ဗင်းရှင်း၏ အပိုဒ်–၇ (၁)၌ ဖော်ပြထားသည်။ ကွန်ဗင်းရှင်းက ပို၍သင့်မြတ်လျော်ကန်သော ပြုမူဆက်ဆံရန် အတိအလင်း ဖော်ပြထားသည့်အခါမှအပ "ကွန်ဗင်းရှင်းတွင် ပါဝင် လက်မှတ်ထိုးသည့်နိုင်ငံများသည် ယေဘုယျအားဖြင့် နိုင်ငံမဲ့များကို အခြားနိုင်ငံသားများအား ပြုမူဆက်ဆံသကဲ့သို့ ပြုမူဆက်ဆံရမည်ဟု စည်းကမ်း သတ်မှတ်ထားသည်။

၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်းတွင် အသေးစိတ်ဖော်ပြထားသည့် အခွင့်အရေးအများစုနှင့် ပတ်သက်၍ နိုင်ငံမဲ့ဖြစ်နေသူများသည် အခြားနိုင်ငံသားများကို အာမခံချက်ပေးထားသည့် အခွင့်အရေးနှင့် အကျိုးခံစားခွင့်များအတိုင်း ရရှိစေရမည်။ အထူးသဖြင့် ဝင်ငွေရရှိသည့် အလုပ်အကိုင် (အပိုဒ် ၁၇၊ ၁၈ နှင့် ၁၉)၊ လူထုပညာရေး (Public Education) (အပိုဒ်–၂၂) ၊ အိုးအိမ် (အပိုဒ်–၂၁) နှင့် လွတ်လပ်စွာသွားလာလှုပ်ရှားခွင့် (အပိုဒ်–၂၆) စသည်တို့ ရရှိရမည်။ အခြားသီးသန့်အခွင့်အရေးများနှင့် ပတ်သက်၍ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံများအား မိမိနယ်နိမိတ်အတွင်း တရားဝင် နေထိုင်ခွင့်ရရှိထားသော နိုင်ငံမဲ့များအား မိမိ၏နိုင်ငံသားများသို့ ပေးအပ်ထားသော ဆက်ဆံမှုအတိုင်း ဆက်ဆံရန် အားပေးတိုက်တွန်းသည်။ အထူးသဖြင့် လွတ်လပ်စွာ ကိုးကွယ်ခွင့် (အပိုဒ်–၄)၊ အနုပညာဆိုင်ရာ အခွင့်အရေးနှင့် စက်မှုအသက်မွေးဝမ်းကျောင်းဆိုင်ရာ ပစ္စည်းပိုင်ဆိုင်ခွင့် (အပိုဒ်–၁၄)၊ တရားရုံးများတွင် အမှုစွဲဆိုခွင့် ခုခံခွင့် (အပိုဒ်–၁၆)၊ လူထုကယ်ဆယ် ရေး ခံစားပိုင်ခွင့် (အပိုဒ်–၂၃)နှင့် အလုပ်သမားဥပဒေနှင့် လူမှုဖူလုံရေး (အပိုဒ် –၂၄) ပါအတိုင်း ခံစားခွင့်များ ပေးရမည်။



## အသိအမှတ်ပြု ခံထားရသော နိုင်ငံမဲ့များသည် မိမိတို့ မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံ အထောက်အထားနှင့် ခရီးသွား စာရွက်စာတမ်းများ ရပိုင်ခွင့် ရှိသလား

ကွန်ဗင်းရှင်းက စည်းကမ်းသတ်မှတ်သည်မှာ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံများသည် မိမိနိုင်ငံ၏ နယ်နိမိတ်အတွင်းရှိ တရားဝင်ခရီးသွားအထောက် အထားစာရွက်စာတမ်းများ မရှိသူ မည်သည့် နိုင်ငံမဲ့ဖြစ်နေသူကိုမဆို သက်သေခံ အထောက်အထားထုတ်ပေးရန် သတ်မှတ်ထားသည်။ အပိုဒ်–၂၈ ၌ စည်းကမ်းသတ်မှတ်ထားသည်မှာ ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံများသည် မိမိ၏နယ်နိမိတ်အတွင်း၌ တရားဝင်နေထိုင်လျက်ရှိသော နိုင်ငံမဲ့များသို့ ခရီးသွား အထောက်အထားလက်မှတ် ထုတ်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့သော် အမျိုးသားလုံခြုံရေးနှင့် အများပြည်သူ အေးချမ်းစွာ နေထိုင်ရေး ထိပါးမှု ရှိနိုင်သည်ဟူသော အကြောင်းအချက်များရှိပါက ထုတ်မပေးဘဲ နေနိုင်သည်။

ဤသို့သော အထောက်အထား စာရွက်စာတမ်း ထုတ်ပေးခြင်းသည် ၎င်းအား နိုင်ငံသားအဖြစ်လက်ခံခြင်း မဟုတ်သကဲ့သို့ ၎င်း၏အဆင့်အတန်းကိုလည်း ပြောင်းလဲခြင်းလည်း မဟုတ်ပါ။ သံတမန်ရေးရာ ကာကွယ်စောင့်ရှောက်မှု ပေးခြင်းလည်း မဟုတ်ပါ။

အပိုဒ် ၂၈ ၏ ဒုတိယပိုင်းတွင် မိမိနယ်နိမိတ်အတွင်း တရားဝင်နေထိုင်သူများ မဟုတ်သည့်တိုင်အောင် နိုင်ငံမဲ့များအား ခရီးသွားအထောက်အထားများ (travel documents) ထုတ်ပေးရန်နိုင်ငံများကို တိုက်တွန်းထားသည်။ နိုင်ငံမဲ့ဖြစ်နေသူများ၏ မူရင်းနေထိုင်ရာ နိုင်ငံများက ထုတ်ပေးသည့် ခရီးသွား လက်မှတ်မရရှိခဲ့လျှင် ထိုသူများကို လက်ရှိထိုသူနေထိုင်သည့် နိုင်ငံများက ကွန်ဗင်းရှင်းဆိုင်ရာ ခရီးသွားလက်မှတ်များ ( Convention Travel Documents) ထုတ်ပေးရေးကိစ္စ ထည့်သွင်းစဉ်းစားရန် အဖွဲ့ဝင်နိုင်ငံများအား တောင်းဆိုထားသည်။ ဤပြဋ္ဌာန်းချက်သည် အဓိက အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံမဲ့အများအပြား

သည် တရားဝင်နေထိုင်ရန်နိုင်ငံ ဟူ၍ မရှိသောကြောင့် ဖြစ်သည်။ ခရီးသွား အထောက်အထားလက်မှတ်သည် နိုင်ငံမဲ့တစ်ဦးအား မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ပြသရာ ရောက်သည့်အပြင် ၎င်းအား သင့်တော်သည့်နိုင်ငံတစ်နိုင်ငံသို့ ဝင်ရောက်ရေးကြိုးပမ်းရန် အခွင့်အရေး ရရှိစေသည်။

ခရီးသွားအထောက်အထားသည် နိုင်ငံမဲ့ဖြစ်နေသူများအား အခြားနိုင်ငံများသို့ သွားရောက်၍ ပညာဆည်းပူးခွင့်၊ အလုပ်အကိုင် ရှာဖွေလုပ်ကိုင်ပိုင်ခွင့်၊ ကျန်းမာရေး စောင့်ရှောက်မှုခံယူခွင့်နှင့် ပြန်လည် အခြေချနေထိုင်နိုင်ခွင့် ရရှိစေနိုင်သည့်အတွက် အထူးအရေးကြီးသည်။ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲဇယားအရ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံများသည် ကျန်လက်မှတ်ရေးထိုးသည့် နိုင်ငံတစ်နိုင်ငံက ထုတ်ပေးသည့် ခရီးသွားအထောက်အထားကို တရားဝင်ကြောင်း အသိအမှတ်ပြုရန် သဘောတူညီ ကြသည်။ ဤသို့သော အထောက်အထားလက်မှတ်များ ထုတ်ပေးရာတွင် UNHCR က လိုအပ်မည့် နည်းပညာအကြံဉာဏ်များ ပေးနိုင်သည်။

## နိုင်ငံမဲ့အဖြစ် အသိအမှတ်ပြုခံထားရသည့် ပုဂ္ဂိုလ်တစ်ဦးအား နိုင်ငံတစ်နိုင်ငံက နှင်ထုတ်နိုင်သလား

ကွန်ဗင်းရှင်း၏ သတ်မှတ်ချက်များအရ နိုင်ငံအတွင်း၌ တရားဝင်နေထိုင်ခွင့်ရရှိထားသော နိုင်ငံမဲ့များအား နိုင်ငံတော်လုံခြုံရေး သို့မဟုတ် အများပြည်သူငြိမ်ဝပ်ပိပြားရေး အကြောင်းများကြောင့်မှအပ နိုင်ငံမှ နှင်ထုတ်ခြင်း မပြုရပေ။ နိုင်ငံတော် လုံခြုံရေးအတွက် မဖြစ်မနေ နှင်ထုတ်ရသည်မှတစ်ပါး ဥပဒေအကြောင်းအရ နည်းလမ်းတကျ ကာကွယ်စောင့်ရှောက်မှုရရှိခြင်းနှင့် သက်ဆိုင်စေရမည်။ မည်သည့် စွပ်စွဲချက်နှင့်ပတ်သက်၍မဆို အရေးယူခံရသောနိုင်ငံမဲ့တစ်ဦးအား ထုချေခုခံနိုင်ရန်၊ သက်သေခံ အထောက်အထားများတင်ပြနိုင်ရန် လုပ်ထုံးလုပ်နည်း အသင့်ရှိနေစေရမည့်အပြင် ၎င်း၏တရားဝင် ရှေ့နေမှတဆင့် တင်ပြခွင့်ပြုရမည်။ ထို့အပြင် အယူခံဝင်လျှောက်ခွင့်လည်း ပြုရမည်။

ကွန်ဗင်းရှင်း ရေးဆွဲရေးညီလာခံ၏ အပြီးသတ်ဆုံးဖြတ်ချက် (The Final Act of the Convention)သည် အတင်းအကြပ် ပြန်မပို့ခြင်းကို ယေဘူယျလက်ခံထားသော မူဖြစ်သည်ဟု ဖော်ညွှန်းပါသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား သူ/သူမ နှိပ်ကွပ်ခြင်းခံရမည့် ဘေးအန္တရာယ်ရှိသည့် နယ်ပယ်သို့ အတင်းအကြပ် ပြန်မပို့ရေးဆိုသည့် အတင်းအကြပ်ပြန်မပို့ခြင်း (non-refoulement) ဆိုင်ရာ အခြေခံမူကို အချို့သော အပြည်ပြည်ဆိုင်ရာ စာချုပ်များ၏ ပြဋ္ဌာန်းချက်များတွင် အတိအလင်း လက်ခံ ကျင့်သုံး သို့မဟုတ် အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ယင်းအပြည်ပြည်ဆိုင်ရာ စာချုပ်များတွင် ၁၉၅၁ ခုနှစ် ဒုက္ခသည်များ၏အဆင့် အခြေအနေဆိုင်ရာ ကွန်ဗင်း ရှင်း အပိုဒ် ၃၃၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ အခြားသောရက်စက်ခြင်း၊ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်းကို ဆန့်ကျင်ရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပိုဒ် ၃၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးရာနှင့် စပ်လျဉ်းသော အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်အပိုဒ် ၇ နှင့် အချို့သော ဒေသဆိုင်ရာ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် စာချုပ်စာတမ်းများ ပါဝင်သည်။

အတင်းအကြပ်ပြန်ပို့ခြင်းကို ဆန့်ကျင်တားမြစ်ခြင်းအား အပြည်ပြည်ဆိုင်ရာ ဥပဒေ၏အခြေခံမူ တစ်ရပ်အဖြစ် လက်ခံထားပြီးဖြစ်ရာ ကွန်ဗင်းရှင်းမူကြမ်းရေးဆွဲသူများက ဥပဒေကြောင်းအရ တရားဝင် နိုင်ငံမဲ့ဖြစ်နေသူများ (de jure stateless persons) ၏ အဆင့်အခြေအနေသတ်မှတ်ရန် ကွန်ဗင်းရှင်းတွင် သီးခြား စာပိုဒ်များ ထည့်သွင်းပြဋ္ဌာန်းရန်မလိုအပ်ကြောင်း ခံယူထားခဲ့ကြသည်။

နိုင်ငံမှ နှင်ထုတ်ရန် နောက်ဆုံးအဆင့်နေဖြင့် ဆုံးဖြတ်ချမှတ်သည် ဆိုသည်နှင့် ဆုံးဖြတ်ချက် ချမှတ်သည့် နိုင်ငံက ထိုသူ နောက်နိုင်ငံတစ်နိုင်ငံသို့ ဝင်ရောက်ခွင့် ရရှိသည့်အချိန်အထိ လုံလောက်သောအချိန် ပေးရမည်ဟု ကွန်ဗင်းရှင်းက တောင်းဆိုထားသည်။

## နိုင်ငံမဲ့အဖြစ် အသိအမှတ်ပြုခံထားရသူများအား နိုင်ငံသားပြုခြင်းခံရသူ ဖြစ်လာရန် မည်သည့်လုပ်ထုံးလုပ်နည်းများ ရှိသင့်သနည်း။

နိုင်ငံမဲ့ဖြစ်နေသူများအား မိမိနိုင်ငံသားများနှင့် သဟဇာတဖြစ်မှုကို လက်သင့်ခံရန်နှင့် နိုင်ငံသားပြုခွင့်ပေးအပ်ရန်အတွက် ဖြစ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် ကွန်ဗင်းရှင်းက ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံများအား မေတ္တာရပ်ခံထားသည်။ "သဟဇာတဖြစ်မှု" (assimilation) ဟူသော စကားရပ်သည် ပါဝင်သူများ၏ သီးခြားစရိုက်လက္ခဏာကို လက်လွှတ်ဆုံးရှုံးစေခြင်းဟု

မဆိုလိုပါ။ ထိုနိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဘဝတွင် ပေါင်းစည်းသွားခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ အထူးသဖြင့် နိုင်ငံသားဖြစ်မှု လျှောက်ထားလာသည့်အခါ အမြန်ပြီးမြောက်ရေးအတွက် လွယ်ကူသော လုပ်ထုံးလုပ်နည်းများ ချမှတ်ထားရမည့်အပြင်၊ ဖြစ်နိုင်သမျှ စရိတ်စကကို လျှော့ချကောက်ခံခြင်း အပါအဝင်ဖြစ်သည်။

တီမောလက်(စ်)တေ (Timor-Leste) နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ လွတ်လပ်ရေးရပြီးနောက်၊ အင်ဒိုနီးရှားနိုင်ငံအတွင်း၌ နေထိုင်လျက်ရှိကြသော အရှေ့တီမောလူမျိုးများအား အင်ဒိုနီးရှားနိုင်ငံသားအဖြစ် ဆက်ခံယူရန် သို့မဟုတ် Timor-Leste နိုင်ငံသား နိုင်ငံခြားသားအဖြစ်ခံယူပြီး အင်ဒိုနီးရှားတွင် ဆက်လက်နေထိုင်သူများကို တရားဝင်နေထိုင်ခွင့်ပါမစ်ဖြင့် ဆက်လက် နေထိုင်ရန်ဟူသော နည်းလမ်းနှစ်ရပ် ရွေးချယ်ခွင့် ပြုခဲ့သည်။

အချို့သောနိုင်ငံများသည် နိုင်ငံသားအဖြစ်ခံယူလိုသော ဒုက္ခသည်များနှင့် နိုင်ငံမဲ့များအား နိုင်ငံသားအဖြစ် ခံယူနိုင်ရေးအတွက် ၎င်းတို့၏ နိုင်ငံသားပြုရေး ဥပဒေတွင် တရားဝင်ခွင့်ပြုထားသည့် နေထိုင်ခွင့်ကာလကို လျှော့ချသတ်မှတ်ပေးထားသည်။

၁၉၉၇ ခုနှစ် နိုင်ငံသားဖြစ်မှုဆိုင်ရာ ဥရောပကွန်ဗင်းရှင်း(ECN)က ပြည်တွင်း ဥပဒေတွင် တရားဝင်အမြဲတမ်းနေထိုင်သော နိုင်ငံခြားသားများ နိုင်ငံသားပြုခွင့်ရရှိရေး စည်းမျဉ်းများ ပါဝင်ဆောင်ရွက်ရန် မေတ္တာရပ်ခံချက်ဖြင့် ဤတိုက်တွန်းချက်ကို ထွက်ပေါ်စေခဲ့သည်။ ထို့အပြင် အဆိုပါ ကွန်ဗင်းရှင်းက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် နိုင်ငံသားပြုခွင့်ရရှိရန် လျှောက်ထားခြင်း မပြုမီ အများဆုံး ၁၀ နှစ်နေထိုင်ပြီး ဖြစ်ရန်လိုအပ်ကြောင်း ကန့်သတ်ပေးသည်။ ကွန်ဗင်းရှင်းက အဖွဲ့ဝင်နိုင်ငံများအား နိုင်ငံမဲ့များနှင့် ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရပြီးသူများအတွက် မြန်ဆန်သော နိုင်ငံသားပြုမှု လုပ်ထုံးလုပ်နည်းများ အသုံးပြုရေး လက်ခံစဉ်းစားရန် တိုက်တွန်းသည်။

## ကွန်ဗင်းရှင်း ရေးဆွဲရေးဆိုင်ရာ ညီလာခံအပြီးသတ်ဆုံးဖြတ်ချက် **(Final Act of the Convention)** ၏ ထူးခြားမှုမှာ အဘယ်နည်း

တစ်ဦးတစ်ယောက်သောသူသည် ၎င်းနိုင်ငံသားအဖြစ်ရှိခဲ့သည့် နိုင်ငံ၏ အကာအကွယ်ပေးမှုကို စွန့်ပယ်ရာ၌ အကြောင်းအချက်ခိုင်လုံသည်ဟု စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံတစ်နိုင်ငံက အသိအမှတ်ပြုသည့်အခါ ထိုသူအား ကွန်ဗင်းရှင်းက (Convention) နိုင်ငံမဲ့ဖြစ်နေသူအဖြစ် လက်ခံ စဉ်းစားသည့်အတိုင်း ကိုယ်ချင်းစာနာမှုဖြင့် သက်ညှာစွာ လက်ခံစဉ်းစားရန် အပြီးသတ်ဆုံးဖြတ်ချက်က ထောက်ခံတိုက်တွန်းသည်။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားလက်မှတ်ကိုင်ဆောင်ထားသော်လည်း ယေဘုယျအားဖြင့် နိုင်ငံသားဖြစ်မှုနှင့် ဆက်နွယ်နေသော အခွင့်အရေးများ မရရှိသော အထူးသဖြင့် ကာကွယ်စောင့်ရှောက်မှု မရရှိသူ အမှန်တကယ် နိုင်ငံမဲ့ဖြစ်နေသူ (de facto stateless) များကို ကိုယ်စားပြုလျက် တိုက်တွန်းချက်ကို ထည့်သွင်းထားပါသည်။

## နိုင်ငံမဲ့ဖြစ်နေသူများအား အကာအကွယ်ပေးရာတွင် မည်သည့်နည်းလမ်းများသည် အကောင်းဆုံး ဖြစ်သနည်း

နိုင်ငံမဲ့ဖြစ်နေသူများအား ဦးစွာပထမ အကောင်းဆုံးနှင့် အထိရောက်ဆုံး အကာအကွယ်ပေးသည့် နည်းလမ်းမှာ ဥပဒေပြဋ္ဌာန်းရာ၌ ယင်းဥပဒေတွင် နိုင်ငံမဲ့ဖြစ်ပေါ်မှုအခြေအနေ မပေါ်ပေါက်အောင် ထည့်သွင်းပြဋ္ဌာန်းပေးရန်ပင် ဖြစ်သည်။ (၁၉၆၁ ခုနှစ်၊ နိုင်ငံမဲ့ဖြစ်နေသူများ လျှော့ချရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် နိုင်ငံမဲ့ဖြစ်မှုလျှော့ချရေး သို့မဟုတ် ပပျောက်ရေးအတွက် နိုင်ငံများက လက်ခံကျင့်သုံးနိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ အပြည့်အဝ ဆွေးနွေးတင်ပြထားသည့် အခန်း–၃ ကို ကြည့်ပါ။)

သို့ရာတွင် နိုင်ငံမဲ့ဖြစ်မှုနှင့် ပတ်သက်သည့်ပြဿနာများ ပပျောက်သွားသည့် အချိန်အထိ နိုင်ငံမဲ့အဖြစ် အသိအမှတ်ပြုထားခြင်း ခံရသူများအား အကာအကွယ်ပေးရမည် ဖြစ်သည်။ ၁၉၅၄ ခုနှစ် နိုင်ငံမဲ့ဖြစ်နေသူများ၏ အဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းအား လက်ခံခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း နှင့် ဥပဒေပြဋ္ဌာန်း ဆောင်ရွက်ခြင်းတို့သည်သာလျှင် နိုင်ငံမဲ့ ဖြစ်နေသူများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို လေးစားလိုက်နာရာ ရောက်သည်။

အထက်တွင် ဆွေးနွေးတင်ပြထားသကဲ့သို့ ၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်းသည် လူတစ်ဦးတစ်ယောက်၏ နိုင်ငံသားဖြစ်မှုကို အပြောင်းအလဲဖြစ်စေခြင်း မရှိသကဲ့သို့ ဒုက္ခသည်မဟုတ်သော နိုင်ငံမဲ့များအား မိမိတို့၏ နိုင်ငံအတွင်း လက်ခံထားရန် နိုင်ငံများကိုလည်း တိုက်တွန်းတာဝန် ပေးထားခြင်း မရှိပါ။ **၁၉၅၄ ခုနှစ် ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို လက်ခံ ကျင့်သုံးခြင်းသည် နိုင်ငံသားအဖြစ် ခွင့်ပြုခြင်းအတွက် အစားထိုးချက်တစ်ရပ် မဟုတ်ပါ။** ဖြစ်နိုင်သည့်အခါတိုင်း၌ နိုင်ငံများသည် နိုင်ငံသားဖြစ်မှု ဥပဒေပြဋ္ဌာန်းခြင်းနှင့် ယင်းဥပဒေအား ကျင့်သုံးခြင်းဖြင့် မိမိနယ်နိမိတ်အတွင်း၌ နေထိုင်လျက်ရှိသော နိုင်ငံမဲ့ ဖြစ်နေသူများအား နိုင်ငံသားများနှင့် သဟဇာတ ဖြစ်သွားစေရန်နှင့် နိုင်ငံသားဖြစ်လာစေရန် အားပေးရမည် ဖြစ်သည်။ ဤပြဿနာဖြေရှင်းနည်းကို **ဒေသတွင်း ဝင်ဆံ့ နေသားတကျဖြစ်စေခြင်း (Local Integration)** ဟုခေါ်သည်။

၂၀၀၅ ခုနှစ် အတွင်းက ခါကစ်စတန်နှင့် တပ်ခ်မင်နစ်စတန် (Kyrgyzstan and Turkmenistan) အစိုးရများသည် တာဂျစ်ကစ်စတန် (Tajikistan) နိုင်ငံမှ ရောက်ရှိလာသည့် နိုင်ငံမဲ့ဒုက္ခသည် အမြောက်အမြားကို နိုင်ငံသားအဖြစ် အလျင်အမြန် လက်ခံ ဆောင်ရွက်ပေးခဲ့ရာ၊ ၎င်းတို့သည် ခိုလှုံရာနိုင်ငံ၌ ၎င်းတို့ ဘဝ ပြန်လည်တည်ဆောက်နိုင်ခဲ့ကြသည်။

အများနှင့်မတူ၊ တမူထူးခြားသည့် အချို့သောဖြစ်ရပ်များတွင် နိုင်ငံမဲ့ဖြစ်နေသူများအတွက် ၎င်းတို့နေထိုင်ရာနိုင်ငံ၌ တရားဝင် အဆင့်အတန်းတစ်ရပ် ရရှိရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များအတွက် အခြားသင့်တော်သည့် နိုင်ငံတစ်နိုင်ငံသို့ သွားရောက် **အခြေချနေထိုင်ခြင်းသည်** သင့်တော်သော ဖြေရှင်းမှုတစ်ရပ် ဖြစ်နိုင်သည်။ နိုင်ငံအများအပြား၏ ပြန်လည်နေရာချထားရေး စံနှုန်းများသည် နိုင်ငံမဲ့ဖြစ်နေသူများအတွက် အကျုံးမဝင်သောကြောင့် (ပြန်လည် နေရာချထားရေးသည် များသောအားဖြင့် ဒုက္ခသည်များအတွက်သာ ဖြစ်သည်) UNHCR ၏ အမှုဆောင်ကော်မတီက နိုင်ငံများအား ၎င်းတို့၏စံနှုန်းများတွင် နိုင်ငံမဲ့များပါ ပါဝင်အောင်ရေးဆွဲကြရန် မကြာသေးမီက ဆော်ဩမေတ္တာရပ်ခံထားသည်။ ၎င်း၏ဆုံးဖြတ်ချက် အမှတ် ၉၅ (၂၀၀၃) အမှုဆောင်ကော်မတီ (ExCom) ၌ ဤသို့ဖော်ပြထားသည်။



“အမှုဆောင်ကော်မတီဝင် နိုင်ငံများအား နိုင်ငံမဲ့ဖြစ်နေမှုနှင့်ပတ်သက်၍ ဖြေရှင်းရန် နည်းလမ်းများအတွက် UNHCR နှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံမဲ့တစ်ဦး လက်ရှိ နေထိုင်လျက်ရှိသော နိုင်ငံတွင် ပြဿနာဖြေရှင်းနိုင်ခြင်း မရှိလျှင် သို့မဟုတ် ၎င်းယခင်က နေထိုင်ခဲ့သည့် နိုင်ငံတွင်လည်း ဖြေရှင်းနိုင်ခြင်း မရှိခဲ့ဘဲ မရေမရာဆက်လက်ရှိနေခဲ့လျှင်၊ ထိုသူအခြေချ နေထိုင်နိုင်ရေးအတွက် UNHCR နှင့်အတူ ပူးပေါင်းစဉ်းစားကြရန် ဆော်ဩထားသည်။”

နိုင်ငံမဲ့ဖြစ်နေသူများ နေသားတကျဖြစ်ရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် UNHCR သည် နိုင်ငံများသို့ အကြံဉာဏ်နှင့်အကူအညီများ ပေးနိုင်သည်။

❑

# အခန်း (၃)

## နိုင်ငံမဲ့ဖြစ်မှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများ ပပျောက်စေခြင်း

အခြေအနေကြောင်းအရာတစ်မျိုးမျိုးကြောင့် နိုင်ငံမဲ့ဖြစ်မှုပေါ်ပေါက်လာနိုင်သည်။ နိုင်ငံမဲ့ဖြစ်မှု ဖြစ်ပေါ်လာရခြင်း၏ အဓိကအကြောင်းရင်းအချို့နှင့် ဤအခြေနေများကို ရှောင်ရှားရန် အထူးသဖြင့် နိုင်ငံသားဖြစ်မှု ဥပဒေများကို သုံးသပ်ရာတွင် နိုင်ငံများအနေဖြင့် လက်တွေ့ဆောင်ရွက်နိုင်သည့် အဆင့်များကို အောက်တွင် ဆွေးနွေး တင်ပြသွားပါမည်။

### နည်းပညာပိုင်းဆိုင်ရာအကြောင်းရင်းများ

#### ဥပဒေများအချင်းချင်းပဋိပက္ခဖြစ်မှု

တစ်စုံတစ်ဦးအား မည်သည့်နိုင်ငံ၏ နိုင်ငံသားအဖြစ်မှ မရရှိသည့် အနေအထား ရောက်ရှိသွားစေရသည့် ပြဿနာသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားဖြစ်မှု ဥပဒေ ပြဋ္ဌာန်းချက်သည် အခြားနိုင်ငံတစ်နိုင်ငံ၏ ဥပဒေနှင့် ပဋိပက္ခဖြစ်လျှင် ပေါ်ပေါက်လာနိုင်သည်။ ဥပဒေနှစ်ရပ်စလုံး တိကျသေချာစွာ မူကြမ်းရေးဆွဲထားခြင်း ဖြစ်နိုင်သော်လည်း ယင်းဥပဒေနှစ်ရပ်စလုံးအား အတူတကွ အကောင်အထည် ဖော်ရာတွင် ပြဿနာများ ပေါ်ပေါက်လာရတော့သည်။ ဥပမာအားဖြင့် မိမိပိုင် နယ်နိမိတ်အတွင်း မွေးဖွားလာသူတစ်ဦးအား နိုင်ငံ–အေတွင် ဆင်းသက်လာသည့်

မျိုးရိုးစဉ်ဆက် (jus sanguinis) အရသာလျှင် နိုင်ငံသားအဖြစ် ခွင့်ပြုသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်၏ မိဘနှစ်ပါးသည် နိုင်ငံ–ဘီ၏ နိုင်ငံသားများ ဖြစ်ကြသည်။ အခြား တစ်ဖက်၌ နိုင်ငံ–ဘီ သည်မွေးဖွားရာဒေသ (jus soli) အပေါ်ခြေခံ၍ နိုင်ငံသား အဖြစ် ခွင့်ပြုသည်။ သို့ရာတွင် တစ်ဦးတစ်ယောက်သည် "နိုင်ငံ–အေ" တွင် မွေးဖွားလာသည်။ ထိုအခါ ထိုသူသည် နိုင်ငံမဲ့ ဖြစ်သွားရသည်။

**ဤသို့သော ပြဿနာများကို ရှောင်ရှားရန်အတွက်** –

- ၁၉၃၀ ပြည့်နှစ် ဟိတ်ကွန်ဗင်းရှင်း (Hague Convention) ၌ ဖော်ပြထားသကဲ့သို့ နိုင်ငံတိုင်းသည် မိမိတို့၏ဥပဒေများတွင် မည်သူသည် မိမိနိုင်ငံ၏ နိုင်ငံသားဖြစ်သည်ဟု အဆုံးအဖြတ်ပေးသည်။ အခြားနိုင်ငံများက အသိအမှတ်ပြုထားသော ဤဥပဒေသည် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းများနှင့် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သည့် ပြဿနာနှင့်စပ်လျဉ်း၍ လိုက်နာကျင့်သုံးမှုတွင် အများလက်ခံအသိအမှတ်ပြုထားသော အခြေခံမူများနှင့် သဟဇာတ ဖြစ်ရမည်။ ထို့ကြောင့် နိုင်ငံများသည် အခြားနိုင်ငံများ၏ နိုင်ငံသားဖြစ်မှု ဥပဒေများ စုစည်းပြီး မိမိဥပဒေကို ခေတ်မီအောင် ပြုစုပြဋ္ဌာန်းရမည့်အပြင် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သည့် ပဋိပက္ခဖြစ်မှုများ ဖြေရှင်းနိုင်ရန် ယင်းဥပဒေများ လက်တွေ့ကျင့်သုံးမှုကို နားလည်ရမည် ဖြစ်သည်။
- အခြားတစ်နည်းအားဖြင့် နိုင်ငံမဲ့ဖြစ်သွားရန် အခြေအနေရှိသူများအား အောက်ပါတို့နှင့် ကိုက်ညီပါက နိုင်ငံသားအဖြစ်ခွင့်ပြုရန် ၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်သူများလျော့ချရေးဆိုင်ရာ ကွန်ဗင်းရှင်းက တိုက်တွန်းထားသည်။

  – နိုင်ငံနယ်နိမိတ်အတွင်း၌ မွေးဖွားလာသူတစ်ဦးအား မွေးဖွားသည့် အချိန်၌ပင် ဥပဒေအရ နိုင်ငံသားအဖြစ် ခွင့်ပြုခြင်း၊

  – နိုင်ငံ၏နယ်နိမိတ်အတွင်း၌ မွေးဖွားလာသူတစ်ဦးအား ယင်းနိုင်ငံ၏ ဥပဒေပါ စည်းကမ်းချက်များအရ ဥပဒေက သတ်မှတ်သည့် အသက်ပြည့်သည့်အချိန်၌ နိုင်ငံသားအဖြစ် ခွင့်ပြုခြင်း၊

  – နိုင်ငံ၏နယ်နိမိတ်အတွင်း၌ မွေးဖွားလာသူတစ်ဦးအား နိုင်ငံသားအဖြစ် လျှောက်ထားလာလျှင် ခွင့်ပြုခြင်း (နိုင်ငံသားအဖြစ် လျှောက်ထားခြင်းကို အောက်ဖော်ပြပါအချက်များအရ လျှောက်ထားနိုင်ရမည်။ လျှောက်လွှာကို သတ်မှတ်သည့်ကာလအတွင်း လျှောက်ထားခြင်း၊ သတ်မှတ်ထားသည့် နေထိုင်ရာကာလ လိုအပ်ချက်များနှင့် ပြည့်စုံခြင်း၊ သတ်မှတ်ဖော်ပြထားသည့် ပြစ်မှုတစ်စုံတစ်ရာ မကျူးလွန်ခြင်းနှင့်/ သို့မဟုတ် ထိုသူသည် အမြဲတမ်းနိုင်ငံမဲ့ ဖြစ်နေခြင်း)၊

  – တရားဝင်လက်ထပ်ရာမှ ရရှိသော ကလေးငယ်ဖြစ်ပြီး ကလေးငယ် မွေးဖွားရာနိုင်ငံတွင် မိခင်ဖြစ်သူသည် ယင်းနိုင်ငံ၏နိုင်ငံသားဖြစ်လျှင် မွေးဖွားချိန်နိုင်ငံသားအဖြစ် ခွင့်ပြုခြင်း၊

  – အကယ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အသက် သို့မဟုတ် နေထိုင်ရာ ကာလလိုအပ်ချက်ကြောင့် သူ / သူမ မွေးဖွားရာ စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံသားအဖြစ်ကို မရရှိနိုင်ပါက မွေးဖွားချိန်တွင် မိဘနှစ်ပါး၏ နိုင်ငံသားဖြစ်မှုအရ နိုင်ငံသားပေးအပ်ခြင်း၊ (ယင်းသို့ ခွင့်ပြုရာတွင် အောက်ပါအချက်တစ်ရပ် သို့မဟုတ် တစ်ရပ်ထက် ပိုသောအချက်များနှင့် သက်ဆိုင်စေရမည်။ သတ်မှတ်ထားသော ကာလအတွင်း လျှောက်လွှာတင်သွင်းခြင်း၊ သတ်မှတ်ထားသော နေထိုင်ရာ ကာလလိုအပ်ချက်နှင့် ပြည့်စုံခြင်းနှင့် သို့မဟုတ် ထိုသူသည် အမြဲတမ်း နိုင်ငံမဲ့ဖြစ်နေခြင်း)

  – စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံ၏ နယ်နိမိတ်အတွင်း၌ တွေ့ရှိ ကောက်ယူရရှိသည့်ကလေးငယ်ဖြစ်ခြင်း၊

  – အခြားတစ်နေရာတွင် မွေးဖွားခဲ့သော သူတစ်ဦးတစ်ယောက်သည် အကယ်၍ ၎င်း၏ မိဘနှစ်ဦးအနက် တစ်ဦးဦးက ၎င်းမွေးဖွားသည့် အချိန်၌ စာချုပ်တွင်လက်မှတ်ရေးထိုးသည့် နိုင်ငံ၏ နိုင်ငံသားဖြစ်၍ ထိုသူအား ဥပဒေအရ မွေးစကပင် နိုင်ငံသားအဖြစ် ခွင့်ပြုရမည်။

  – အခြားတစ်နေရာတွင် မွေးဖွားခဲ့သော သူတစ်ဦးတစ်ယောက်၏ မိဘနှစ်ဦးအနက် တစ်ဦးဦးသည် ၎င်းမွေးဖွားချိန်၌ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံ၏ နိုင်ငံသားဖြစ်လျှင် ထိုသူအား ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း လျှောက်လွှာ တင်သွင်းသည့် အချိန်တွင် နိုင်ငံသားအဖြစ်ခွင့်ပြုရမည်။ (နိုင်ငံသားအဖြစ် လျှောက်ထားခြင်းသည် အောက်ဖော်ပြပါ အချက်များအရ ဖြစ်ရမည်။ လျှောက်လွှာကို သတ်မှတ်ကာလအတွင်းတင်သွင်းခြင်း၊ သတ်မှတ်

ထားသည့် နေထိုင်ရာကာလ လိုအပ်ချက်များနှင့် ပြည့်စုံခြင်း၊ နိုင်ငံလုံခြုံရေးနှင့်ပတ်သက်သည့်ပြစ်မှုတစ်စုံတစ်ရာ မကျူးလွန်ခြင်းနှင့် သို့မဟုတ် ထိုသူသည် အမြဲတမ်းနိုင်ငံမဲ့ဖြစ်နေခြင်း။)

- နိုင်ငံတော်၏ကနဦးနိုင်ငံသားများ၏ အစုအဖွဲ့နှင့်မွေးဖွားချိန်၌ မည်သူ့ကို နိုင်ငံသား ပေးအပ်ရမည်ဟု အဆုံးအဖြတ်ပေးရန်အတွက် နိုင်ငံအများ အပြားသည် ယင်းတို့၏ နိုင်ငံသားဖြစ်မှု ဥပဒေများတွင် မွေးဖွားရာ နယ်ပယ် (jus soli)နှင့် မွေးဖွားချိန်တွင် မိဘ၏နိုင်ငံသား ဖြစ်မှုအခြေခံမူ နှစ်ရပ်ကို ပေါင်းစပ်ကျင့်သုံးသည်။ နိုင်ငံနှစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် တစ်ပြိုင်နက် ရယူခြင်းကို လက်မခံသည့်နိုင်ငံများသည် သတ်မှတ်သည့် အသက်အရွယ်သို့ ရောက်ရှိချိန်၌ တစ်ဦးတစ်ယောက် သို့မဟုတ် ထိုသူ၏ မိဘများအား မည်သည့် နိုင်ငံသားဖြစ်လိုကြောင်း ရွေးချယ်ခွင့်ပေးရမည် ဖြစ်သည်။

## စွန့်လွှတ်မှုနှင့် ဆက်နွယ်နေသည့် ဥပဒေများအချင်းချင်း ပဋိပက္ခဖြစ်မှု

လူပုဂ္ဂိုလ်များသည် အခြားသောနိုင်ငံ၏ နိုင်ငံသားအဖြစ် ဦးစွာပထမ မရရှိသေးမီ သို့မဟုတ် ရရှိရန်အာမခံချက်မရရှိသေးဘဲ ယင်းတို့၏ နိုင်ငံသားဖြစ်မှုကို စွန့်လွှတ်ရန် အချို့သောနိုင်ငံများ၏ နိုင်ငံသားဖြစ်မှုဥပဒေများက ခွင့်ပြုထားသည်။ သို့ဖြစ်ရာ မကြာခဏဆိုသလို နိုင်ငံမဲ့မှုများ ဖြစ်ပေါ်လေ့ရှိသည်။ နိုင်ငံတစ်နိုင်ငံက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အခြားနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ်ကို ဦးစွာပထမ မရရှိသေးပါက နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခွင့်ပေးလိမ့်မည် မဟုတ်ဘဲ၊ အခြားပါဝင် ပတ်သက်မှုရှိသောနိုင်ငံက ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က သူ/သူမ၏ နိုင်ငံသားဖြစ်မှုကို ဦးစွာပထမ မစွန့်လွှတ်ရသေးပါက ယင်း၏ နိုင်ငံသားအဖြစ် ပေးအပ်လိမ့်မည်မဟုတ်သောအခါ ဤကိစ္စနှင့် စပ်လျဉ်းသော ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်မှုများ ပေါ်ပေါက်လာသည်။ တစ်ခါတစ်ရံ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် သူ/ သူမနေထိုင်ရာနိုင်ငံ၏ နိုင်ငံသားအဖြစ်ကို သူ/သူမ လျှောက်ထားခြင်းမပြုနိုင်မည့် နေရာဒေသတစ်ခုခုမှ ရရှိပြီးဖြစ်သော နိုင်ငံသားဖြစ်မှုကို စွန့်လွှတ်ရန်လိုအပ်လေ့ ရှိပါသည်။ ဤသို့ဖြင့် အဆိုပါပုဂ္ဂိုလ်သည် နိုင်ငံသားဖြစ်မှုအသစ်မရရှိသေးမီ နိုင်ငံမဲ့ ဖြစ်နေပါသည်။



**ဤသို့သောပြဿနာကိုရှောင်ရှားရန်အတွက်** –

- ၁၉၆၁ ခုနှစ်၊ ကွန်ဗင်းရှင်းအရ နိုင်ငံသားအဖြစ်ဆုံးရှုံးမှု သို့မဟုတ် လက်လွှတ်ရမှုသည် နောက်တစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ရရှိပြီးမှသာလျှင် သို့မဟုတ် ရရှိရန် အာမခံချက်ရရှိပြီးမှသာလျှင် ဆုံးရှုံးမှု သို့မဟုတ် လက်လွှတ်မှု ပြုလုပ်ရန်ဟူသည့် စည်းကမ်းကန့်သတ်ချက် ရှိသင့်သည်။ နိုင်ငံသားအဖြစ် ခံယူထားပြီးဖြစ်သည့် သူများသည် သတ်မှတ်ထားသည့် ဆောင်ရွက်ရမြဲဖြစ်သော ကျင့်စဉ် လုပ်ထုံးလုပ်နည်းများနှင့် အချိန်ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပြီး နိုင်ငံပြင်ပတွင် နှစ်ပေါင်းများစွာ နေထိုင်လျက် ခွင့်ပြုထားသည့်နိုင်ငံသားဖြစ်မှုကို ဆက်လက် လက်ခံကြောင်း၊ ဆန္ဒဖော်ပြရန် ပျက်ကွက်သူများအား ချွင်းချက်အဖြစ် ထားရှိနိုင်သည်။ ဤကိစ္စရပ်တွင် နိုင်ငံသားပြုခြင်းခံရသူ (naturalized person) ဆိုသည်မှာ သက်ဆိုင်ရာစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံထံမှနိုင်ငံသားဖြစ်မှု လျှောက်ထားရရှိထားသူကို ဆိုလိုပြီး ယင်းနိုင်ငံသည် နိုင်ငံသားအဖြစ် လျှောက်ထားမှုကို ငြင်းပယ်ခဲ့ပြီး ဖြစ်နိုင်သည်။ နိုင်ငံသားအဖြစ်မှ ဆုံးရှုံးမှုသည် ဥပဒေနှင့် အညီသာ ဖြစ်ရမည်ဖြစ်ပြီး အာမခံချက်ပေးထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း အပြည့်အဝဆောင်ရွက်မှုလည်း ရှိရမည်။ ဥပမာအားဖြင့် တရားရုံး သို့မဟုတ် လွတ်လပ်ပြီး အမှီအခိုကင်းသောအဖွဲ့က ကြားနာစစ်ဆေးမှုမျိုး ဖြစ်သည်။
- နိုင်ငံသားဖြစ်မှုလက်ခံရရှိပြီးမှသာ သို့မဟုတ် အခြားနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် လက်ခံရရှိပြီးမှသာ သို့မဟုတ် အခြားနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ရရှိမည်ဟု သက်ဆိုင်ရာအာဏာပိုင်၏ စနစ်တကျအရေးအသားဖြင့် အာမခံချက် လက်ခံရရှိပြီးမှသာ လက်ရှိနိုင်ငံ၏နိုင်ငံသားအဖြစ်မှ စွန့်လွှတ်ခွင့်ပြုကြောင်း ပြဋ္ဌာန်းချက် ထည့်သွင်းဖော်ပြသင့်သည်။
- အချို့နိုင်ငံများသည် မိမိနိုင်ငံ၏ နိုင်ငံသားဖြစ်ခဲ့ဖူးသူအား အခြားနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ်မှ လက်လွှတ်ဆုံးရှုံးခဲ့ရသော် သို့မဟုတ် နိုင်ငံသားအဖြစ်လက်ခံခြင်း မရှိခဲ့သော် ထိုသူအားမိမိနိုင်ငံသားအဖြစ် ပြန်လည်လက်ခံသည့်ပြဋ္ဌာန်းချက်များ ဥပဒေတွင် ထည့်သွင်းဖော်ပြထားသည်။
- နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ၏နိုင်ငံသားအဖြစ်ခံယူခြင်းကို လက်သင့်

မခံသော နိုင်ငံများအတွက် နိုင်ငံသားဥပဒေပြဌာန်းချက်တွင် နိုင်ငံသားအဖြစ် ရယူရန် သို့မဟုတ် ဆက်လက်ထိန်းသိမ်းရန်အတွက် ကြိုတင်စည်းကမ်းချက်အဖြစ် အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ် စွန့်လွှတ်ရန် သို့မဟုတ် ဆုံးရှုံးရန်လိုအပ်ချက်ကို ထိုသို့စွန့်လွှတ်ရန် သို့မဟုတ် ဆုံးရှုံးရန် မဖြစ်နိုင်သောအခါ လျှော့ပေါ့ပေးပြီးဖြစ်ကြောင်း သေချာမှုရှိလာရန် လိုအပ်ပါသည်။ ဥပမာ ဒုက္ခသည်များသည် မိမိတို့၏မူရင်း နိုင်ငံသို့ ပြန်လာရန် သို့မဟုတ် မူရင်းနိုင်ငံ၏ အာဏာပိုင်များနှင့် ဆက်သွယ်၍ ၎င်းတို့၏ လက်ရှိနိုင်ငံသားဖြစ်မှုကို စွန့်လွှတ်ကြောင်း မျှော်လင့်မထားရန် ဖြစ်သည်။

**ကောင်းသောကျင့်စဉ်များ - ယူကရိန်းနိုင်ငံ**

ဝင်ရောက်ကျူးကျော် သိမ်းပိုက်ထားသော နာဇီတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သည်ဟု အစွပ်စွဲခံရကာ ကရိုင်းမီးယန်း (Crimean) တာတာလူမျိုး (၂၀၀၀၀၀) ကျော်တို့သည် Crimea ဒေသမှ နှင်ထုတ်ပြီး ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ (USSR) ဒေသအနှံ့အပြားသို့ ၁၉၄၄ ခုနှစ်က ပို့ဆောင်ခံခဲ့ရသည်။ အများစုမှာ ဥဇဘက်ဆိုရှယ်လစ်သမ္မတနိုင်ငံ (Uzbek Soviet Socialist Republic) သို့ နှင်ထုတ်ခံခဲ့ကြရပါသည်။ နောင်အနှစ် နှစ်ဆယ်ကြာသောအခါ ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဥဿျောင် (Supreme Soviet of the USSR) ၏ သမ္မတဖြစ်သူက ကရိုင်းမီးယန်း (Crimean) တာတာလူမျိုးတို့အပေါ် စွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း ကြေညာပြီး ကရိုင်းမီးယန်း (Crimean) ကျွန်းဆွယ်အပါအဝင် ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ (USSR) ၏ မည်သည့် နယ်နိမိတ်အတွင်း၌မဆို တာတာလူမျိုးတို့ အခြေချနေထိုင်နိုင်ကြောင်း ကြေညာသည်။

သို့သော်လည်း ကရိုင်းမီးယန်း (Crimean) ဒေသသို့ ပြန်လည်ခြေချနေထိုင်ရန် ဆုံးဖြတ်ခဲ့ကြသော တာတာလူမျိုးတို့သည် မှတ်ပုံတင်ရရှိရန် အခက်အခဲတွေ့ခြင်း၊ အလုပ်အကိုင် အိမ်ခြံမြေ ပိုင်ဆိုင်ခွင့်ရရှိရန် အခက်အခဲ တွေ့ရခြင်းတို့ဖြင့် ရင်ဆိုင်ခဲ့ရသည်။ ၁၉၈၇ ခုနှစ်က ဆိုဗီယက်ပြည်ထောင်စု (USSR)၏ ဝန်ကြီးများကောင်စီက တာတာလူမျိုးတို့အား ကျွန်းဆွယ်ဒေသ၏အတွင်းပိုင်းရှိ ခရိုင်(၈) ခု၌သာ နေရာချထားပေးရန် ကန့်သတ်ချက်ပြု၍ ဆုံးဖြတ်ခဲ့သည်။ တာတာတို့အား ၎င်းတို့၏ မူလနေထိုင်ရာဒေသဖြစ်ခဲ့သော မြေပြင်ဇာ ပိုမိုကောင်းမွန် ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သော တောင်ဘက်ကမ်းရိုးတန်းဒေသသို့ ဝင်ရောက်နေထိုင်ခွင့် တားမြစ်ခဲ့သည်။ ဆိုဗီယက်ဥဿျောင် (Surpreme Soviet) အဖွဲ့က "အတင်းအဓမ္မ နှင်ထုတ်ခြင်းခံခဲ့ရသော လူများအား ၎င်းတို့ရသင့်သည့် အခွင့်အရေးများ ငြင်းပယ်ထားခြင်းသည် တရားမဝင်ကြောင်းနှင့် ရာဇဝတ်မှု မြောက်ကြောင်း" ကြေညာပြီးနောက်ပိုင်း နှစ်နှစ်အကြာတွင်တာတာလူမျိုးတို့သည် အလုံးအရင်းဖြင့် ကရိုင်းမီးယား (Crimea) ဒေသသို့ ဝင်ရောက်လာခဲ့ကြသည်။

၁၉၉၁ ခုနှစ်၊ ဆိုဗီယက်ပြည်ထောင်စု ဖျက်သိမ်းပြီးသောအခါ ပိုင်နက်နယ်နိမိတ် ပြဿနာများနှင့် နိုင်ငံသားဖြစ်မှုပြဿနာများအပါအဝင် နိုင်ငံရေးအရှုပ်ထွေးနှင့် နိုင်ငံဆက်ခံရေး (state succession) ကြောင့် ဥပဒေရေးရာ ပြဿနာများ တစ်မုဟုတ်ချင်း ပေါ်ပေါက်လာခဲ့သည်။

ကရိုင်းမီးယားနယ်ပယ်တွင် အပါအဝင်ဖြစ်သော ယူကရိန်းသည် ယခင် ယူကရိန်းဆိုဗီယက် ဆိုရှယ်လစ်ပြည်ထောင်စုကို ဆက်ခံသည်။ နိုင်ငံ၏ပထမဦးဆုံး ၁၉၉၁ ခုနှစ်၊ နိုင်ငံသားဖြစ်မှုဥပဒေအရ ဇစ်မြစ် (Origin)၊ လူမှုအဆင့်အတန်း ( Social Status)၊ လူမျိုး၊ နိုင်ငံသားဖြစ်မှု၊ ကျား၊ မ၊ ပညာအရည်အချင်း၊ ပြောဆိုသုံးနှုန်းသည့် တိုင်းရင်းသားဘာသာစကား၊ နိုင်ငံရေးအယူအဆ သို့မဟုတ် ကိုးကွယ်သည့်ဘာသာမရွေး ယခင်ဆိုဗီယက်ပြည်ထောင်စုနိုင်ငံသား ဖြစ်ခဲ့သူများနှင့် ကရိုင်းမီးယား အပါအဝင် ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့တွင် လွတ်လပ်သော နိုင်ငံအဖြစ် ကြေငြာခဲ့သော ယူကရိန်းနယ်ပယ်တွင် အမြဲတမ်း နေထိုင်ခဲ့သူများသည် အလိုအလျောက် (ex lege) ယူကရိန်းနိုင်ငံသားများဖြစ်သည်ဟု ဖော်ပြပါရှိသည်။ ယူကရိန်းနိုင်ငံ၏ နိုင်ငံသားအဖြစ် အလိုအလျောက်မရရှိနိုင်ကြောင်း ကန့်သတ်ထားသည့် စည်းကမ်းချက်များမှာ ၎င်းတို့သည် အခြားနိုင်ငံ၏ နိုင်ငံသားဖြစ်ခြင်းနှင့် ၎င်းတို့သည် ယူကရိန်းနိုင်ငံ၏ နိုင်ငံသားအဖြစ်ခံယူရန် ကန့်ကွက်ခံရသူများ ဖြစ်သည်။ ယူကရိန်းနိုင်ငံ လွတ်လပ်ရေးရရှိသည့်နေ့မှ နိုင်ငံသား ဖြစ်မှုဥပဒေ စတင် အကျိုးသက်

ရောက်သည့်နေ့များအကြား (၃)လတာ ကာလအတွင်း ယူကရိန်းနိုင်ငံတွင် တရားဝင်နေထိုင်လျက်ရှိကြောင်း မှတ်ပုံတင်ထားသူများကိုပင် အလိုအလျှောက် ယူကရိန်းနိုင်ငံသားအဖြစ် လက်ခံခွင့်ပြုသည်။ ကရိုင်းမီးယန်း တာတာလူမျိုး ၁၅၀၀၀၀ ခန့်သည် ဤပြဋ္ဌာန်းချက်များကြောင့် ယူကရိန်းနိုင်ငံသားအဖြစ် ရရှိခဲ့ကြသည်။

၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလတွင် နိုင်ငံသားဖြစ်မှုဥပဒေ စတင်အကျိုးသက်ရောက်ပြီးနောက် ယူကရိန်းနိုင်ငံသို့ ပြန်လာကြသော ကရိုင်းမီးယန်း တာတာလူမျိုး ၁၀၈၀၀၀ ခန့်သည် ယူကရိန်းနိုင်ငံသားဖြစ်ရန် လျှောက်ထားကြရာ၌ ပြဿနာအသစ်များနှင့် ရင်ဆိုင်ကြရသည်။ လူပေါင်း ၂၈၀၀၀ ခန့်သည် အခြားနိုင်ငံများ၌ အမြဲတမ်းနေထိုင်လျက်ရှိရာမှ ယင်းနိုင်ငံများ၌ နိုင်ငံသားဖြစ်မှုဥပဒေ မပြဋ္ဌာန်းမီ ယင်းနိုင်ငံများ၏ နိုင်ငံသားအဖြစ်မှ ပယ်ဖျက်လိုက်ကြခြင်းကြောင့် တရားဝင်နိုင်ငံမဲ့ (de jure stateless) ဖြစ်သွားကြသည်။ အခြားလူ ၈၀၀၀၀ ခန့်သည် မိမိတို့၏ ယခင်နေထိုင်ခဲ့သည့် နိုင်ငံ၏ နိုင်ငံသားအဖြစ် ဆက်လက်မှတ်ပုံတင်ထားကြရာ၊ ထိုနိုင်ငံများ၌ နိုင်ငံသားဖြစ်မှုဥပဒေ ပြဋ္ဌာန်းလိုက်သောအခါ ဥပဒေအရ ယင်းနိုင်ငံများ၏နိုင်ငံသားများ ဖြစ်လာကြသည်။ ထို့ကြောင့် ၄င်းတို့သည် ယူကရိန်းနိုင်ငံ၏ နိုင်ငံသားများအဖြစ် အလိုအလျှောက် မရရှိနိုင်တော့ပေ။ ၄င်းတို့အား နိုင်ငံသားပြုရေး လုပ်ထုံးလုပ်နည်းများအရ ယူကရိန်းနိုင်ငံသားအဖြစ် လျှောက်ထားရယူရန် အခွင့်အလမ်းပေးထားသော်လည်း တင်းကြပ်သော လုပ်ထုံးလုပ်နည်းများအရ လိုအပ်ချက်များ ဖြည့်ဆည်းတင်ပြနိုင်မှု မရှိခြင်းကြောင့် ပြန်လည်ရောက်ရှိလာသူ အများအပြားသည် နိုင်ငံသားအဖြစ် မရရှိခဲ့ကြပါ။ တင်းကြပ်သော လုပ်ထုံးလုပ်နည်းများတွင် ယူကရိန်းနိုင်ငံ၌ အနည်းဆုံး ငါးနှစ် နေထိုင်ကြသူဖြစ်ရခြင်း၊ လုံလောက်သောဝင်ငွေရရှိခြင်း၊ ယူကရိန်းဘာသာစကားတတ်ကျွမ်းခြင်း စသည်တို့ ပါဝင်သည်။

UNHCR၊ ဥရောပ လုံခြုံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (Organization for Security and Cooperation in Europe OSCE) နှင့် ဥရောပကော်မတီ (Council of Europe) တို့က ဤပြဿနာရပ်များကို



ဖြေရှင်းရန် ယူကရိန်းအစိုးရအား နိုင်ငံသားဖြစ်မှု ဥပဒေပြင်ဆင်ပေးရန် ဖျောင်းဖျကြသည်။ UNHCR သည် ယူကရိန်းနိုင်ငံကူးလက်မှတ်နှင့် နိုင်ငံသားပြုမှုဌာန (Ukrainian Passport and Naturalization Service) မှ ဝန်ထမ်းများအား သင်တန်းပို့ချခြင်းနှင့် လက်တွေ့အကူအညီပေးခြင်းတို့ ဆောင်ရွက်သည့်အပြင်၊ မီဒီယာများမှတဆင့် နိုင်ငံသားဖြစ်ရေး ကိစ္စကို စည်းရုံးဖော်ပြသည်။ UNHCR က ကြီးကြပ်သည့် ဒေသတွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများက နိုင်ငံသားဖြစ်ရန် လျှောက်ထားလာသူများကို ဥပဒေအကြံပေးခြင်းနှင့် ယူကရိန်းအာဏာပိုင်များက စုံစမ်းစစ်ဆေးသော မှုခင်းများတွင် တစ်ဦးချင်းစီအား ကိုယ်စားပြုလျက် ဆောင်ရွက်ခဲ့သည်။

နိုင်ငံမဲ့ဖြစ်မှုလျှော့ချရေးနှင့် အဆုံးစွန်တွင် နိုင်ငံမဲ့များထပ်မံမဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းသည့်အနေဖြင့် ယူကရိန်းပါလီမန်က UNHCR ၏ အကြံဉာဏ်ယူလျက် ဥပဒေစတင် ပေါ်ပေါက်သည့်နေ့မှ ပထမ (၁၀)နှစ်အတွင်း နိုင်ငံ၏နိုင်ငံသားဖြစ်မှုဥပဒေကို ခုနစ်ကြိမ်တိတိ ပြင်ဆင်ခဲ့သည်။ ၁၉၉၇ ခုနှစ်၊ မေလတွင် ဘာသာစကားနှင့် ဝင်ငွေလိုအပ်ချက်များကို ဖယ်ရှားနိုင်ခဲ့သည့် အပြင်၊ ယခင်က ပြည်နှင်ဒဏ်ခံရသည့်ပုဂ္ဂိုလ်များမှ ဆင်းသက်လာသူများအား ၄င်းတို့၏ဘိုးဘေးများ ကရိုင်းမီးယားနယ်နိမိတ်အတွင်း နေထိုင်ခဲ့မှုကို အကြောင်းပြု၍ နိုင်ငံသားအဖြစ် ခံယူခွင့်ပြုခဲ့သည်။ ဤအကျိုးပြု ပြင်ဆင်ပြောင်းလဲမှုများကြောင့် လူ ၂၈၀၀၀ ခန့်မှာ ဥပဒေအရ နိုင်ငံမဲ့ဖြစ်နေရာမှ ယူကရိန်းနိုင်ငံသားအဖြစ် ရရှိလာခဲ့ကြသည်။

ဤဥပဒေ ပြင်ဆင်ပြောင်းလဲမှုများသည် နိုင်ငံမဲ့ဖြစ်နေသူများ၏ ပြဿနာများဖြေရှင်းရာတွင် အချိန်ကြာမြင့်စွာ ဆောင်ရွက်ခဲ့ရသော်လည်း ယူကရိန်းနိုင်ငံ၏အခြေခံဥပဒေက နိုင်ငံနှစ်နိုင်ငံ၏ နိုင်ငံသားဖြစ်မှု တစ်ပြိုင်နက်ရယူမှုကို ပိတ်ပင်ထားသည့်ကိစ္စအပါအဝင် ယူကရိန်း နိုင်ငံသား ဖြစ်မှုနှင့်ပတ်သက်သည့် အခြားပြဿနာရပ်များ ကျန်ရှိနေသေးသည်။ ဥပမာအားဖြင့် ကရိုင်းမီးယားသို့ ပြန်သွားခြင်းမပြုမီကာလ ဥပဒေအရ ဥဇဘက် (Uzbek)၏ နိုင်ငံသားဖြစ်နေသူများသည် ယူကရိန်းနိုင်ငံ

သား အဖြစ် ရယူခြင်းမပြုနိုင်မီ ဥဇဘက်နိုင်ငံသားအဖြစ်မှ တရားနည်းလမ်းတကျ စွန့်လွှတ်ခဲ့ရသူများ ဖြစ်ရမည်။ ဥဇဘက် နိုင်ငံသားအဖြစ်မှ စွန့်လွှတ်ကြရာတွင် အမေရိကန်ဒေါ်လာ ၁၀၀ ပေး ဆောင်ရသည်။ ကီ(ဗ်) (Kiev) ရှိ ဥဇဘက် ရုံးသို့သွားရောက်ရခြင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကြောင့် တစ်နှစ်ကျော် ကြာမြင့်တတ်သည်။

UNHCR နှင့် OSCE တို့က နှစ်နိုင်ငံအကြား သဘောတူညီချက်တစ်ရပ် ရရှိရန်အတွက် ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြရာ ၁၉၉၈ ခုနှစ်တွင် နှစ်နိုင်ငံ သဘောတူညီချက် ရရှိခဲ့ကြသည်။ ယင်းသဘောတူညီချက်သည် နိုင်ငံသားဖြစ်မှု အပြောင်းအလဲပြုလုပ်ရာတွင် ပိုမို ရိုးရှင်းသည့် လုပ်ထုံးလုပ်နည်းတစ်ရပ် ရရှိခဲ့သည်။ ဥဇဘက်ကစ်စတန် (Uzbekistan) နိုင်ငံက နိုင်ငံသားအဖြစ်မှ စွန့်လွှတ်မှုအတွက် ကောက်ခံသည့် ငွေကြေး မကောက်ခံတော့ရန် သဘောတူညီပြီး ယူကရိန်းပြည်ထဲရေး ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ရုံးများက နိုင်ငံသား စွန့်လွှတ်သည့်လျှောက်လွှာများ စုစည်းပြီး ဥဇဘက်အာဏာပိုင်အဖွဲ့အစည်းများထံ ပေးပို့ခြင်းကို လက်ခံသဘောတူသည်။ UNHCRက ၎င်း၏စိုးရိမ်ပူပန်မှုများ တင်ပြလာရာ ယင်းကို တုန့်ပြန်သည့်အနေဖြင့် အုပ်ချုပ်ရေးပေါ်လစီတစ်ရပ် ချမှတ်ခဲ့သည်။ ယင်းပေါ်လစီအရ ယူကရိန်းနိုင်ငံသားအဖြစ် ပေးအပ်ခြင်းဖြစ်ရာ လုပ်ငန်းဆောင်ရွက်စဉ်အတွင်း နိုင်ငံမဲ့ဖြစ်မှု ပေါ်ပေါက်ခြင်း မရှိတော့ပေ။ ယင်းနှစ်ဦးသဘောတူညီချက်ရရှိပြီး (၃)နှစ် ကာလအတွင်း ဥဇဘက်ကစ်စတန်မှ ရောက်ရှိ လာကြသောလူ ၈၀၀၀၀ ခန့်သည် ယူကရိန်းနိုင်ငံသားများ ဖြစ်လာကြသည်။ နောင်သောအခါ ယူကရိန်းနိုင်ငံသည် အလားတူ သဘောတူညီချက်မျိုးကို ဘီလာရုစ် (Belarus) နှင့် ၁၉၉၉ ခုနှစ် တွင်လည်းကောင်း၊ ကာဇာကစ်စတန် (Kazakhstan) နှင့် ၂၀၀၀ ပြည့်နှစ်တွင် လည်းကောင်း၊ တာဂျီကစ်စတန် (Tajikistan)နှင့် ၂၀၀၁ ခုနှစ်တွင်လည်းကောင်း၊ ကာဂျစ်သမ္မတနိုင်ငံ (Kyrgyz Republic) နှင့် ၂၀၀၃ ခုနှစ်တွင်လည်းကောင်း ချုပ်ဆိုခဲ့သည်။

၂၀၀၁ခုနှစ်၊ ဇန်နဝါရီလတွင် ယူကရိန်းပါလီမန်သည် နိုင်ငံသားဖြစ်မှုဥပဒေအသစ်တရပ် လက်ခံအတည်ပြုခဲ့ရာ နိုင်ငံမဲ့ဖြစ်မှုကို ပို၍ဟန့်တားနိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ပြန်လည်သုံးသပ်ပြုပြင်ခဲ့သည့် ဤဥပဒေတွင် အခြားပြဋ္ဌာန်းချက်များအပြင် ယူကရိန်းနိုင်ငံသားအဖြစ်ခံယူပြီးနောက်ပိုင်း တစ်နှစ်အတွင်း အခြားနိုင်ငံ၏ နိုင်ငံသားဖြစ်မှုစွန့်လွှတ်ရန် ခွင့်ပြုခဲ့သည့်အပြင် အကယ်၍ နိုင်ငံသားဖြစ်မှုစွန့်လွှတ်ခြင်းအတွက် အခကြေးငွေပေးဆောင်ရန် တောင်းဆိုခြင်း ခံရသော် ယင်းငွေကြေးသည် ယူကရိန်းနိုင်ငံ၏ အနည်းဆုံးလုပ်ခငွေထက် ပိုနေလျှင် နိုင်ငံသားစွန့်လွှတ်ခြင်းအတွက် လိုအပ်သည့် လိုအပ်ချက်များကို လျှော့ပေါ့ပေးသည်။

## အထူးသဖြင့် ကလေးငယ်များအပေါ် အကျိုးသက်ရောက်စေသော ဥပဒေများနှင့် ကျင့်သုံးမှုများ

ပြည်သူ့ရေးရာနှင့် နိုင်ငံရေးရာအခွင့်အရေးများနှင့် စပ်လျဥ်းသောအပြည်ပြည်ဆိုင်ရာ စာချုပ် (International Covenant on Civil and Political Rights ICCPR) နှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (Convention on the Rights of the Child CRC) နှစ်ရပ်စလုံးတွင် ဖော်ပြထားသကဲ့သို့ အားလုံးသော ကလေးသူငယ်များသည် မည်သည့်အရပ်ဒေသတွင် မွေးဖွားသည်ဖြစ်စေ၊ ၎င်းတို့ကို မွေးလျှင်မွေးချင်း မှတ်ပုံတင်ပေးထားရမည်။ ကလေးအားလုံးသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ရပိုင်ခွင့်ရှိသည်။ ကလေးငယ်တစ်ယောက်သည် မည်သည့်နိုင်ငံသားဖြစ်သည် ဆိုသည့်အချက်ကို ဆုံးဖြတ်နိုင်ရန် သက်ဆိုင်ရာ ပါဝင်ဆက်နွယ်သည့် နိုင်ငံများ၏ ဥပဒေနှင့်အညီ ဖြစ်ရမည်။ နိုင်ငံအားလုံးသည် ကလေးငယ် မည်သည့်နေရာ၌ မွေးဖွားသည် ဆိုသည့်အချက်ကို ရှင်းလင်းစွာ ဖော်ပြရန်လိုသကဲ့သို့ မိဘမည်သူ မည်ဝါဖြစ်သည်ကိုလည်း ဖော်ပြရန်လိုသည်။ မွေးဖွားသည့် အထောက်အထားမရှိဘဲ ဆိုလိုသည်မှာ အသိအမှတ်ပြုထားသည့် မွေးစာရင်းမရှိဘဲ ကလေးငယ်တစ်ယောက်သည် မည်သူမည်ဝါဖြစ်သည် ဆိုသည့်အချက်ကို ဖော်ပြနိုင်ခြင်း ရှိတော့မည် မဟုတ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ရရှိရန် မဖြစ်နိုင်တော့ပေ။

### ဤပြဿနာကိုရှောင်ရှားရန်အတွက် –

- နိုင်ငံများသည် မိမိတို့၏သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့သို့ CRC ၏ အပိုဒ် (၇) နှင့် ICCPR ၏ အပိုဒ် (၂၄)တို့အရ စနစ်တကျ မွေးစာရင်းမှတ်ပုံတင်နိုင်ရန် လိုအပ်သည့် အရင်းအမြစ်များကို

ဖြည့်ဆည်း ပေးထားရမည်။ လိုအပ်လျှင် UNICEF မှတဆင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်းသို့ အကူအညီ တောင်းခံနိုင်သည်။

– မွေးဖွားမှုကို မှတ်ပုံတင်သည့်အခါ၌ နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သည့် အငြင်းပွားမှုကို နိုင်ငံများက ဖော်ထုတ်သင့်ပြီး ကလေးငယ်သည် နိုင်ငံမဲ့ဖြစ်သွားရန်အကြောင်းရှိပါက တစ်ပါတည်း နိုင်ငံသားအဖြစ် ပေးအပ်ရမည်။ ၁၉၆၁ ခုနှစ် နိုင်ငံမဲ့လျှော့ချရေးဆိုင်ရာ ကွန်ဗင်းရှင်းကို နောက်မှ ပါဝင်ချုပ်ဆိုပြီးသည့်နောက်ပိုင်း၌ နိုင်ငံများသည် မိမိတို့၏ဥပဒေပြဋ္ဌာန်းချက်များတွင် ယင်းကွန်ဗင်းရှင်း၏ စပ်ဆိုင်သော ပြဋ္ဌာန်းချက်များကို ထည့်သွင်း ဖော်ပြသင့်သည်။ အကယ်၍ နိုင်ငံတစ်နိုင်ငံသည် ၁၉၆၁ခုနှစ် ကွန်ဗင်းရှင်းကို လက်ခံအတည်ပြုထားခြင်း မရှိသည့်တိုင်အောင် ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို မိမိနိုင်ငံ၏ဥပဒေတွင် ထည့်သွင်းဖော်ပြသင့်သည်။
– နိုင်ငံ၏နိုင်ငံသားဖြစ်မှုဥပဒေတွင် မိမိနိုင်ငံ၌ မွေးဖွားသည့် ကလေးငယ်အား နိုင်ငံသားအဖြစ် ရယူနိုင်ရေးအတွက် ပြဋ္ဌာန်းချက်များ ဖော်ပြပါရှိသင့်သည်။ ကလေးငယ်မွေးဖွားသည့်အချိန်၌ မည်သည့် နိုင်ငံသား ဖြစ်သည်ဆိုသည့်အချက်ကို ဆုံးဖြတ်ရာတွင် အမှားအယွင်းရှိခဲ့ပါက ထိုကလေးငယ်သည် နိုင်ငံမဲ့ဖြစ်ခြင်းကို ဤဆောင်ရွက်ချက်က အကာအကွယ်ပေးပေလိမ့်မည်။
– မိဘများတရားဝင် လက်ထပ်ထိမ်းမြားခြင်း မရှိဘဲ မွေးဖွားလာသည့် ကလေးများကို နိုင်ငံ၏ ဥပဒေနှင့်အညီ တရားဝင်လက်ထပ်၍ မွေးဖွားလာသည့်ကလေးများကဲ့သို့ပင် ဖြစ်နိုင်သရွေ့ နိုင်ငံသားဖြစ်မှု အခွင့်အရေး ပေးသင့်သည်။

**နိုင်ငံအများအပြားတွင် အမျိုးသမီးများအား မိမိ၏နိုင်ငံသားဖြစ်မှုကို မိမိတို့၏ ကလေးငယ်များဆီသို့ လွှဲပြောင်းသက်ဆင်းခွင့် မပြုပေ။** ထိုကလေးငယ်သည် မိခင်၏နိုင်ငံ၌ မွေးဖွားခဲ့သော်လည်း ဖခင်ဖြစ်သူမှာ နိုင်ငံမဲ့ဖြစ်နေလျှင် ထိုကလေးငယ်သည် မိခင်၏နိုင်ငံသားအဖြစ် ခံယူခွင့်မရပါ။ ဤအခြေအနေများတွင် ကလေးငယ်များသည် နိုင်ငံမဲ့ဖြစ်သွားသည်။



**ဤပြဿနာကိုရှောင်ရှားရန်အတွက် –**

– ၁၉၅၇ခုနှစ်၊ ထိမ်းမြားလက်ထပ်ပြီးအမျိုးသမီးများ၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (Convention on the Nationality of Married Women) နှင့် ၁၉၇၉ ခုနှစ် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (Convention on the Elimination of All Forms of Discrimination Against Women) တို့နှင့်အညီ အမျိုးသမီးများသည် ၎င်းတို့၏ ကလေးငယ်များ နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ အမျိုးသားများနည်းတူ တူညီသော အခွင့်အရေးများ ရရှိသင့်သည်။ ဤအခြေခံမူများကို လိုက်နာကျင့်သုံးခြင်းဖြင့် အမျိုးသမီးများအပေါ် ခွဲခြားမှုပြုရာ မရောက်တော့သည့်အပြင် ကလေးငယ်သည်လည်း နိုင်ငံမဲ့ဖြစ်သူ ဖခင်ထံမှ နိုင်ငံမဲ့အဖြစ် ဆက်ခံခြင်းကို ရှောင်ရှားပေးနိုင်လိမ့်မည် ဖြစ်သည်။
– နိုင်ငံများသည် မိမိတို့၏နိုင်ငံသားဖြစ်မှု ဥပဒေများတွင် လိင်ခွဲခြားမှုမပြုသော ပြဋ္ဌာန်းချက်များ ထည့်သွင်းဖော်ပြသင့်သည်။

**မိဘမဲ့များနှင့် စွန့်ပစ်ခံထားရသော ကလေးငယ်များ**သည် နိုင်ငံသားအဖြစ် လက်ခံ အတည်ပြုထားခြင်းမရှိကြောင်း မကြာခဏ တွေ့ရမည်။ တရားမဝင် မွေးဖွားလာသော ကလေးငယ်များမှာလည်း နိုင်ငံသားအဖြစ်ခံယူခြင်းမှ တားမြစ်ခံထားရသည်။

**ဤပြဿနာကိုရှောင်ရှားနိုင်ရန်အတွက် –**

– နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်း၌ စွန့်ပစ်ထားသော ကလေးငယ်အား တောက်ယူရရှိလျှင် ထိုကလေးငယ်အား ထိုနိုင်ငံ၏နိုင်ငံသားအဖြစ် ခွင့်ပြုသင့်သည်။ ဤအခြေခံမူသည် နိုင်ငံအများအပြား၏ နိုင်ငံသားဖြစ်မှုဥပဒေနှင့် နိုင်ငံသားဖြစ်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများတွင် ထည့်သွင်းဖော်ပြထားသည်။
– ကလေးငယ်၏ နိုင်ငံသားဖြစ်မှုကို စဉ်းစားဆုံးဖြတ်ရာတွင် ကလေးငယ်၏ အကောင်းဆုံး အကျိုးစီးပွားကို ဦးစားပေးသင့်သည်။

သားသမီးအဖြစ် **မွေးစားခြင်း** ပြုသည့်ကိစ္စ၌ မွေးစားမိဘ၏နိုင်ငံသားအဖြစ် ကလေးငယ်က ရယူနိုင်ခြင်းမရှိလျှင် ထိုကလေးငယ်သည် နိုင်ငံမဲ့ဖြစ်သွားနိုင်သည်။

**ဤပြဿနာများကိုရှောင်ရှားနိုင်ရန်အတွက် –**

- နိုင်ငံများသည် မိမိနိုင်ငံပြင်ပ၌ သားသမီးမွေးစားခြင်းကို အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်ခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ မိမိနိုင်ငံ၏ ဥပဒေတွင် ပြဋ္ဌာန်းချက်များ ထည့်သွင်း အသိအမှတ် ပြုသင့်သည်။ ၁၉၆၇ ခုနှစ် ဥရောပ ကလေးသူငယ်များကို မွေးစားခြင်း ဆိုင်ရာကွန်ဗင်းရှင်း (European Convention on the Adoption of Children) က တိုက်တွန်းထားသည်မှာ မိမိနိုင်ငံသားများက ကလေးငယ်များအား မွေးစားလျှင် ထိုကလေးငယ်များအား နိုင်ငံသားအဖြစ် ခွင့်ပြုခြင်းကို လွယ်ကူမှုရှိစေရန် ဆောင်ရွက်ပေးရေး ဖော်ပြထားသည်။

## အုပ်ချုပ်ရေးဆိုင်ရာကျင့်စဉ်များ

နိုင်ငံသားအဖြစ်ရရှိရန် လျှောက်ထားခြင်း၊ နိုင်ငံသားအဖြစ်ပြန်လည်ရယူလိုမှုနှင့် နိုင်ငံသားအဖြစ် ဆုံးရှုံးမှုတို့နှင့်ပတ်သက်၍ အုပ်ချုပ်ရေးဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ ပြဿနာအမြောက်အများ ရှိသည်။ တစ်ဦးတစ်ယောက်သည် နိုင်ငံသားအဖြစ် ခံယူထိုက်သော်လည်း ဆိုလိုသည်မှာထိုသူသည် နိုင်ငံသားအဖြစ် လျှောက်ထားပြီးဖြစ်သော်လည်း များပြားလှစွာသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အခကြေးငွေ ကောက်ခံခြင်း၊ နောက်ဆုံးသတ်မှတ်ရက်အတွင်း မဆောင်ရွက်နိုင်ခြင်းနှင့် / သို့မဟုတ် ၎င်း ယခင်နေထိုင်ခဲ့သည့်နိုင်ငံ၏လက်ဝယ်တွင် စာရွက်စာတမ်းများ ရောက်ရှိနေခြင်းကြောင့် လိုအပ်သည့်စာရွက်စာတမ်း ထောက်အထားများ တင်ပြနိုင်မှုမရှိခြင်း စသည်တို့ကြောင့် နိုင်ငံသားဖြစ်မှု လျှောက်ထားရာတွင် အဟန့်အတား ဖြစ်နေသည်။

**ဤပြဿနာကိုရှောင်ရှားရန်အတွက် –**

- နိုင်ငံသားအဖြစ်ရရှိရေး၊ နိုင်ငံသားအဖြစ် ဆက်လက်ထိန်းသိမ်းရေး၊ နိုင်ငံသားအဖြစ်မှ ဆုံးရှုံးမှုပြန်လည်ရရှိမှု သို့မဟုတ် နိုင်ငံသားဖြစ်ကြောင်း ထောက်ခံသည့်လက်မှတ် လျှောက်ထားသည့်ကိစ္စနှင့် ပတ်သက်၍သင့်တင့်မျှတသော အချိန်ကာလအတွင်း ဆောင်ရွက်ပေးသင့်သည်။
- နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် စာဖြင့်ရေးသားထားသော မှတ်တမ်းများရှိရန် နိုင်ငံများသို့ ယေဘူယျအားဖြင့် အကြံပြုထားသော်လည်း နိုင်ငံဆက်ခံခြင်း (State Succession) ကြောင့် အမြဲတမ်းနှင့် တရားဝင်နေထိုင်သူများ အလိုအလျောက် (ex Lege) နိုင်ငံသားအဖြစ်မှဆုံးရှုံးခြင်း သို့မဟုတ် နိုင်ငံသားအဖြစ်မှ ပြန်လည်လျှောက်ထားရခြင်း ကိစ္စများတွင် စာဖြင့်ရေးသားထားသည့် ကျမ်းကျိန်လွှာ တောင်းဆိုခြင်း မပြုသင့်ပါ။
- နိုင်ငံသားအဖြစ်ရရှိရေး၊ နိုင်ငံသားအဖြစ်ဆက်လက်ထိန်းသိမ်းရေး၊ နိုင်ငံသားအဖြစ်မှ ဆုံးရှုံးမှုပြန်လည်ရရှိမှု သို့မဟုတ် နိုင်ငံသားဖြစ်ကြောင်း ထောက်ခံသည့်လက်မှတ် လျှောက်ထားရာတွင် လည်းကောင်း ပြန်လည်သုံးသပ်မှုပြုရာတွင် လည်းကောင်း အခကြေးငွေကောက်ခံခြင်းသည် သင့်တင့်မျှတမှု ရှိသင့်သည်။

## အထူးသဖြင့်အမျိုးသမီးများအပေါ် အကျိုးသက်ရောက်စေသည့် ဥပဒေများနှင့်ကျင့်စဉ်များ

အမျိုးသမီးတစ်ဦးသည် မိမိနိုင်ငံသား မဟုတ်သူနှင့် လက်ထပ်ထိမ်းမြားပါက အချို့သောနိုင်ငံများသည် ထိုအမျိုးသမီး၏ နိုင်ငံသားဖြစ်မှုကို အလိုအလျောက် ပြောင်းလဲပစ်သည်။ အကယ်၍သူမ၏ ခင်ပွန်းဖြစ်သူသည် နိုင်ငံမဲ့ဖြစ်နေလျှင် သို့မဟုတ် သူမ၏ခင်ပွန်းဖြစ်သူ၏နိုင်ငံက သူမအား အလိုအလျောက်နိုင်ငံသားအဖြစ် လက်မခံလျှင် ထိုအမျိုးသမီးသည် နိုင်ငံမဲ့ဖြစ်သွားနိုင်သည်။

အမျိုးသမီးသည် သူမ၏ခင်ပွန်းသည်၏ နိုင်ငံသားအဖြစ် လက်ခံရရှိပြီးနောက် ၎င်းတို့၏ အိမ်ထောင်ရေးပြိုကွဲခဲ့သော် လက်ထပ်ထိမ်းမြားခြင်းကြောင့် ရရှိထားသည့် နိုင်ငံသားဖြစ်မှု ဆုံးရှုံးသွားသည်ဖြစ်ရာ အကယ်၍သူမ၏မူရင်းနိုင်ငံက နိုင်ငံသားအဖြစ် အလိုအလျောက် ပြန်လည်လက်မခံလျှင် သူမသည် နိုင်ငံမဲ့ ဖြစ်သွားနိုင်သည်။

### ဤပြဿနာများကို ရှောင်ရှားရန်အတွက် –

- နိုင်ငံသားအဖြစ် ရယူရာတွင် လည်းကောင်း၊ နိုင်ငံသားအဖြစ် ပြောင်းလဲရာတွင် လည်းကောင်း၊ သို့မဟုတ် ဆက်လက်ထိန်းသိမ်းရာတွင် လည်းကောင်း၊ အမျိုးသမီးများအား အမျိုးသားများနှင့် တန်းတူအခွင့်အရေးပေးရမည်ဖြစ်ကြောင်း ၁၉၅၇ ခုနှစ် ထိမ်းမြား လက်ထပ်ပြီး အမျိုးသမီးများ၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ၁၉၇၉ ခုနှစ် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းတွင် ဖော်ပြထားသည်။ ဤကွန်ဗင်းရှင်းစာချုပ်များတွင် ပါရှိသည့် အခြေခံမူများနှင့်အညီ ဇနီးသည်၏နိုင်ငံသားဖြစ်မှုကို ၄င်း၏ခင်ပွန်းသည်၏ နိုင်ငံသားဖြစ်မှုသို့ အလိုအလျောက် ပြောင်းလဲခြင်း မပြုသင့်သကဲ့သို့ သူမအား နိုင်ငံမဲ့ မဖြစ်စေသင့်ပါ။ ထို့အတူ သူမအား သူမ ခင်ပွန်းသည်၏ နိုင်ငံသားအဖြစ်သို့ အတင်းအကြပ် မပြောင်းခိုင်းသင့်ပါ။
- အမျိုးသမီးများသည် အမျိုးသားများကဲ့သို့တူညီသော အခွင့်အရေး မရရှိသည့် နိုင်ငံများတွင် ယင်းအမျိုးသမီးများ လက်ထပ်ထိမ်းမြားသည့်အခါ ၄င်းတို့၏ နိုင်ငံသားဖြစ်မှု အလိုအလျှောက် ဆုံးရှုံးသွားနိုင်သည်။ သို့မဟုတ် ၄င်းတို့၏ မူလနိုင်ငံသားဖြစ်မှုကို လက်ထပ်သည့်အခါ စွန့်လွှတ်ရလေ့ ရှိသည်။ ထိုသို့သော နိုင်ငံများသည် မိမိတို့၏ နိုင်ငံသားဖြစ်မှုဥပဒေတွင် အမျိုးသမီးများ အိမ်ထောင်ပြုကွဲပါက ရိုးစင်းသောကြေညာချက် ပြုလုပ်ရုံမျှဖြင့် မူလ နိုင်ငံသားဖြစ်မှုကို အလိုအလျှောက် ပြန်လည်ရယူနိုင်အောင် ပြဋ္ဌာန်းချက်များ ထည့်သွင်းပေးသင့်သည်။

## နိုင်ငံသားဖြစ်မှုအလိုအလျှောက်ဆုံးရှုံးခြင်း

တစ်ဦးတစ်ယောက်သောသူသည် မိမိနိုင်ငံမှ ထွက်ခွာသွားလျှင် သို့မဟုတ် နိုင်ငံပြင်ပတွင် သွားရောက်နေထိုင်လျှင် အချို့နိုင်ငံများသည် ထိုသူအား မိမိနိုင်ငံသားအဖြစ်မှ အလိုအလျောက် ရုပ်သိမ်းပစ်သည်။ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းမှုသည် ထိုသူနိုင်ငံမှ ထွက်ခွာပြီး လအနည်းငယ်ကြာရုံမျှဖြင့် ဖြစ်ပေါ်သည်။ ယင်းသို့ရုပ်သိမ်းမှုသည် အုပ်ချုပ်ရေးဆိုင်ရာကျင့်သုံးမှု မှားယွင်းခြင်းကြောင့်



ဖြစ်သည်။ ထိုသူသည် မိမိနိုင်ငံ၏ အာဏာပိုင်များနှင့် ပုံမှန်ဆက်သွယ်မှတ်ပုံတင်ခြင်း မပြုလုပ်ပါက ရုပ်သိမ်းခံသည်ကို မသိရှိလိုက်ပေ။ တစ်ဦးတစ်ယောက်သောသူသည် ထိုနိုင်ငံတွင် မွေးဖွားခြင်း မဟုတ်ဘဲ ဥပဒေအရ နိုင်ငံသားအဖြစ် ခံယူထားသူဖြစ်လျှင် သို့မဟုတ် မျိုးရိုးစဉ်ဆက်ဆင်းသက်မှုကြောင့် နိုင်ငံသားအဖြစ် ရရှိထားသူဖြစ်လျှင် ပုံမှန် မှတ်ပုံတင်ပြုလုပ်ထားသူပင်ဖြစ်သော်လည်း နိုင်ငံသားအဖြစ်မှ ပြန်လည်ရုပ်သိမ်းခံရနိုင်ခြင်းမရှိ ဟု လုံလောက်သော အာမခံချက် မရရှိနိုင်ပါ။ နိုင်ငံမဲ့ဖြစ်မှုသည် ဤကျင့်သုံးမှုများကြောင့် မကြာခဏ ပေါ်ပေါက်ရခြင်း ဖြစ်သည်။

### ဤပြဿနာကိုရှောင်ရှားရန်အတွက် –

- ၁၉၆၁ခုနှစ် နိုင်ငံမဲ့မှုလျှော့ချခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ အပိုဒ်–၇ (၃)တွင် မည်သူတစ်ဦးတစ်ယောက်မျှ နိုင်ငံရပ်ခြားတွင် သွားရောက်နေထိုင်ခြင်း၊ မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း သို့မဟုတ် အလားတူအကြောင်းကြောင်းကြောင့် ၄င်း၏နိုင်ငံသားဖြစ်မှုမှ မဆုံးရှုံးစေသင့်ကြောင်းနှင့် နိုင်ငံမဲ့မဖြစ်စေသင့်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။ ကွန်ဗင်းရှင်းတွင် နိုင်ငံသားပြုခြင်းခံရသူများ နိုင်ငံရပ်ခြားတွင် ခုနှစ်နှစ်ကျော်ဆက်တိုက် နေထိုင်ခဲ့လျှင် ၄င်းနှင့်ပတ်သက်သည့် ဤအခြေခံမူ သက်ရောက်ခြင်း မရှိစေရန်အတွက် ခြွင်းချက်အဖြစ် ထည့်သွင်းဖော်ပြထားသည်။ နိုင်ငံများသည် နိုင်ငံပြုခြင်းခံရသူများကို ဤမူဝါဒနှင့်စပ်လျဉ်း၍ နယ်စပ်ဒေသတွင် လည်းကောင်း၊ ကောင်စစ်ဝန်ရုံးများမှတစ်ဆင့် နိုင်ငံခြားတိုင်းပြည်များတွင်လည်းကောင်း အပြည့်အစုံ အသိပေးသင့်သည်။
- မကြာသေးမီက ချုပ်ဆိုခဲ့ကြသည့် စာချုပ်စာတမ်းများ ဥပမာ–ဥရောပနိုင်ငံသားဖြစ်မှုဆိုင်ရာ ကွန်ဗင်းရှင်းတွင် အကယ်၍ တစ်ဦးတစ်ယောက်သည် နိုင်ငံရပ်ခြားတွင် နေသားတကျဖြစ်လျှင် ထိုသို့နေထိုင်ခြင်းကြောင့် နိုင်ငံမဲ့ဖြစ်လာရန် အကြောင်းရှိလျှင် ထိုသူအား ဤအကြောင်းကြောင့် နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်း မပြုနိုင်ရန် နိုင်ငံများကို တားမြစ်သည်။

## နိုင်ငံဆက်ခံခြင်း (State Succession) နှင့် ဆက်စပ်နေသည့် အကြောင်းရင်းများ

### ပိုင်နက်နယ်မြေ သို့မဟုတ် အချုပ်အခြာအာဏာလွှဲပြောင်းခြင်း

အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများနှင့် အခြေခံမှုများတွင် ဤအချက်ကို ကိုင်တွယ် ဖြေရှင်းရန် တစ်စိတ်တစ်ပိုင်းမျှလောက်သာ ဖော်ပြထားသော်လည်း ပိုင်နက်နယ်နိမိတ် သို့မဟုတ် အချုပ်အခြာအာဏာ လွှဲပြောင်းခြင်းသည် အချိန်ကာလကြာမြင့်စွာကပင် နိုင်ငံမဲ့ဖြစ်မှုပေါ်ပေါက်စေသည့် အကြောင်းရင်းတစ်ရပ်အဖြစ် တည်ရှိနေခဲ့သည်။ ဥပမာ–နိုင်ငံတစ်နိုင်ငံသည် ကိုလိုနီလက်အောက်ခံအဖြစ်မှ လွတ်လပ်ရေးရရှိပြီးနောက် ထိုမူလနိုင်ငံအား ဖျက်သိမ်းပြီး နိုင်ငံသစ်တစ်နိုင်ငံ သို့မဟုတ် နိုင်ငံသစ်များပေါ်ပေါက်လာပြီး နိုင်ငံဟောင်းနေရာတွင် ဆက်ခံလာသော သို့မဟုတ် ဖျက်သိမ်းလိုက်သောနိုင်ငံသည် မူလအနေအထားအတိုင်း ပြန်လည်ရရှိလာလျှင် ထိုအခါများ၌ ပိုင်နက်နယ်မြေပြောင်းလဲမှု သို့မဟုတ် အချုပ်အခြာအာဏာပြောင်းလဲမှု နက်နက်နဲနဲဖြစ်ပေါ်လေ့ရှိရာ နိုင်ငံ၏ ဥပဒေများနှင့် ကျင့်စဉ်များလည်း မလွှဲမရှောင်သာ ပြောင်းလဲသွားတတ်သည်။ ဤသို့သော အဖြစ်အပျက်များ ပေါ်ပေါက်လာခြင်းသည် နိုင်ငံသားဖြစ်မှုဥပဒေသစ်များ သို့မဟုတ် အမိန့်ဒီကရီသစ်များနှင့် သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းသစ်များ ထွက်ပေါ်လာစေနိုင်သည်။ ဤသို့သော အခြေအနေများတွင် လူအများသည် နိုင်ငံမဲ့ဖြစ်သွားနိုင်သည်။ ဥပဒေသစ်ပြဋ္ဌာန်းချက် သို့မဟုတ် အမိန့်ဒီကရီထုတ်ပြန်ချက်နှင့် သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းသစ်များအောက်တွင် နိုင်ငံသားဖြစ်မှု ပြန်လည်ရယူနိုင်ခြင်း မရှိပါက နိုင်ငံမဲ့ ဖြစ်သွားနိုင်သည်။ သို့မဟုတ် အသစ်ပြဋ္ဌာန်းလိုက်သောဥပဒေ၊ ဒီဂရီ သို့မဟုတ် လုပ်ထုံးလုပ်နည်းများတွင် ယခင် ဥပဒေများနှင့် ကျင့်စဉ်များပါ အဓိပ္ပာယ်ဖွင့်ဆို ချက်များကို ပြန်လည် ပြင်ဆင် အဓိပ္ပာယ်ဖွင့်ဆိုခြင်းကြောင့် လူအများ နိုင်ငံသားအဖြစ်မှ ငြင်းပယ်ခံရနိုင်သည်။

#### ဤပြဿနာများကို ရှောင်ရှားရန်အတွက် –

- ၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်မှုလျှော့ချရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ အပိုဒ်–၁၀ သည် စာချုပ်တွင်ပါဝင် လက်မှတ်ရေးထိုးသည့် နိုင်ငံများသည် ပိုင်နက်နယ်မြေ လွှဲပြောင်းခြင်းကြောင့် နိုင်ငံမဲ့ဖြစ်မှု မပေါ်ပေါက်စေရန် ဂရုပြုအာရုံစိုက်ရမည်ဟု ဖော်ပြ ပြဋ္ဌာန်းထားသည်။ ဤသို့နယ်မြေ လွှဲပြောင်းခြင်းကြောင့် နိုင်ငံမဲ့မှု မပေါ်ပေါက်ရေးအတွက် နှစ်နိုင်ငံ အချင်းချင်း သို့မဟုတ် နိုင်ငံများအချင်းချင်း ယင်းကိစ္စနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များ ပါဝင်သော စာချုပ်များ ချုပ်ဆိုသင့်သည်။ သဘောတူစာချုပ်လက်မှတ်ရေးထိုးထားခြင်းမရှိသည့်ကိစ္စရပ်တွင် သက်ဆိုင်ရာနိုင်ငံများသည် နိုင်ငံမဲ့ဖြစ်သွားနိုင်သူများအား နိုင်ငံသားအဖြစ် လက်ခံသင့်သည်။
- လက်တွေ့အားဖြင့် လူဦးရေသည် ပိုင်နက်နယ်မြေများနှင့် ယေဘူယျအားဖြင့် ဆက်စပ်မှုရှိသည်။ သို့သော်ငြားလည်း အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များ၊ အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံသားဖြစ်မှုဆိုင်ရာ ဥပဒေများတွင် ဆက်ခံသော နိုင်ငံများအကြား နိုင်ငံသားဖြစ်မှုကို မိမိသဘောအတိုင်း ရွေးချယ်ခွင့်ပြုထားသည်။
- နိုင်ငံဆက်ခံရေးစာချုပ်များတွင် နိုင်ငံဖျက်သိမ်းခြင်း သို့မဟုတ် နိုင်ငံများခွဲထွက်ခြင်းပြုရာတွင် နိုင်ငံသားဖြစ်မှုအပေါ် ထိခိုက်မှုရှိနိုင်ပုံကို ပြဋ္ဌာန်းချက်များတွင် အလေးပေးထည့်သွင်း ဖော်ပြထားနိုင်သည်။
- နိုင်ငံဆက်ခံခြင်းနှင့် ဆက်နွယ်ဖြစ်ပေါ်သည့် နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာဥပဒေကို စနစ်တကျ စီစဉ်ပြဋ္ဌာန်းရန် လိုအပ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင် (International Law Commission ILC) သည် ဤအကြောင်းအရာနှင့် ပတ်သက်၍ မူကြမ်းတစ်ရပ်ပြုစုရာ ယင်းမူကြမ်းကို ကုလသမဂ္ဂအထွေထွေ ညီလာခံ ဆုံးဖြတ်ချက်အမှတ် –၅၅/ ၁၅၃/ ၂၀၀၁ ခုနှစ်၏ နောက်ဆက်တွဲအဖြစ် ပူးတွဲထားသည်။ ယင်းမူကြမ်းတွင် ဤသို့ ဖော်ပြထားသည်။
  - နိုင်ငံများဆက်ခံမှု စတင်ဖြစ်ပေါ်သည့်နေ့၌ ယခင်ရှိခဲ့သည့်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူထားသူများသည် နိုင်ငံဆက်ခံမှုအကြောင်းကြောင့် နိုင်ငံမဲ့ဖြစ်မလာစေရန်အတွက် သက်ဆိုင်ရာနိုင်ငံအားလုံးသည် သင့်တော်သော ဆောင်ရွက်မှုများ ပြုလုပ်ထားသင့်သည်။
  - တစ်ဦးတစ်ယောက်၏ အစဉ်အလာအရ နေထိုင်ရာဒေသသည် နိုင်ငံဆက်ခံမှုကြောင့် အကျိုးသက်ရောက်လျှင် ထိုသူသည် နိုင်ငံဆက်ခံမှုပြုသည့်နေ့မှအစပြု၍ ဆက်ခံသည့်နိုင်ငံသား ဖြစ်သည် ဟုမှတ်ယူရမည်။
  - နိုင်ငံမဲ့ဖြစ်သွားရန် အလားအလာရှိသည့်အခါမှအပ အခြားနိုင်ငံတွင်

အစဉ်အလာအရ နေထိုင်သူများအား ၎င်းတို့၏ဆန္ဒမပါရှိဘဲ ထိုသူများအား ဆက်ခံသည့်နိုင်ငံ၏ နိုင်ငံသားအဖြစ် သတ်မှတ်ခြင်း မပြုသင့်ပေ။

- နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ၏နိုင်ငံသားအဖြစ် တစ်ပြိုင်နက် ခံယူရန် အရည်အချင်းရှိသူများ၏ သဘောဆန္ဒကို သက်ဆိုင်ရာနိုင်ငံများက ထည့်သွင်းစဉ်းစားရမည်။ ထိုသူများသည် နိုင်ငံမဲ့ဖြစ်သွားရန် အကြောင်းရှိပါက သက်ဆိုင်ရာနိုင်ငံ တစ်ခုချင်းစီသည် ထိုနိုင်ငံနှင့် ထိုက်သင့်သော ဆက်နွယ်မှုရှိသောပုဂ္ဂိုလ်များအား ၎င်းတို့သဘောဆန္ဒအတိုင်း နိုင်ငံသားဖြစ်မှု ရွေးချယ်ခွင့်ပေးရမည်။
- မည်သည့် အကြောင်းပြချက်ကြောင့်မျှ ခွဲခြားဆက်ဆံမှုပြုလျက် သက်ဆိုင်ရာ နိုင်ငံများသည် သက်ဆိုင်ရာပုဂ္ဂိုလ်များအား ၎င်းတို့သဘောဆန္ဒအတိုင်း ၎င်းတို့၏ နိုင်ငံသားဖြစ်မှု ဆက်လက် ထိန်းသိမ်းခွင့် သို့မဟုတ် နိုင်ငံသားအဖြစ် လျှောက်ထားရယူပိုင်ခွင့်ကို ငြင်းပယ်ခြင်း မပြုရ။

ဥရောပနိုင်ငံသားဖြစ်မှုဆိုင်ရာကွန်ဗင်းရှင်း (European Convention on Nationality) နှင့် **နိုင်ငံဆက်ခံခြင်းမှပေါ်ပေါက်လာသည့် နိုင်ငံမဲ့ဖြစ်မှု ရှောင်ရှားရေး ကွန်ဗင်းရှင်း** ( Convention on the Avoidance of Statelessness in relation to State Succession) တို့၌ ၁၉၆၁ ခုနှစ် ကွန်ဗင်းရှင်းတွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များနှင့် အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင် (ILC) မူကြမ်းတွင် ပါဝင်သည့် အပိုဒ်များကို ထည့်သွင်းလက်ခံထားသည်။ ဥရောပကွန်ဗင်းရှင်းသည် နိုင်ငံဆက်ခံခြင်းနှင့် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သည့် အခန်းတစ်ခုလုံးကို အထူးဖော်ပြထားပြီး အောက်ပါအခြေခံမူလေးရပ်ကို မီးမောင်းထိုးပြထားသည်။

- သက်ဆိုင်ရာ ပုဂ္ဂိုလ်နှင့် နိုင်ငံတော်ကြား စစ်မှန်သော၊ ထိရောက်မှုရှိသော ဆက်ဆံမှု
- နိုင်ငံဆက်ခံသည့်အချိန်၌ သက်ဆိုင်ရာပုဂ္ဂိုလ်၏ အစဉ်အလာအရ နေထိုင်မြဲဖြစ်သော နေရာဒေသ
- သက်ဆိုင်ရာ ပုဂ္ဂိုလ်၏သဘောဆန္ဒနှင့်
- သက်ဆိုင်ရာ ပုဂ္ဂိုလ်၏မူလနယ်မြေဒေသ တို့ဖြစ်သည်။



ထို့အပြင်ဥရောပ ကွန်ဗင်းရှင်းက ပြဋ္ဌာန်းထားသည်မှာ ယခင်ကတည်ရှိခဲ့သည့် နိုင်ငံ (predecessor State) တွင် နေထိုင်ခဲ့သော်လည်း၊ ယင်းနိုင်ငံ၏ နိုင်ငံသား မဟုတ်သူများသည် ဆက်ခံသည့်နိုင်ငံသို့ ၎င်းနေထိုင်ရာနယ်မြေ လွှဲပြောင်းပေးရာတွင် ပါဝင်နေပါက ထိုသူတို့သည် ဆက်ခံသည့်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူခြင်း မပြုပါက ဆက်ခံသည့်နိုင်ငံသည် ၎င်းတို့အား ဆက်လက်နေထိုင်ခွင့် ပေးရမည်ဖြစ်ပြီး၊ မိမိနိုင်ငံသားများနည်းတူ လူမှုရေး၊ စီးပွားရေး အခွင့်အရေးများ ခံစားခွင့် ပေးရမည် ဖြစ်သည်။

နိုင်ငံဆက်ခံခြင်းမှ ပေါ်ပေါက်လာသည့် နိုင်ငံမဲ့ဖြစ်မှုရှောင်ရှားရေး ကွန်ဗင်းရှင်းသည် နိုင်ငံဆက်ခံခြင်းကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သော ကိစ္စများအတွက် သက်သေ အထောက်အထား ပြဆိုရန် စည်းကမ်းနည်းလမ်းများကို အောက်ပါအတိုင်း ဖော်ပြထားသည်။ (အပိုဒ်–၈)။

“ဆက်ခံသည့်နိုင်ငံသည် နိုင်ငံဆက်ခံခြင်းကြောင့် ပေါ်ပေါက်လာသည့် နိုင်ငံမဲ့ဖြစ်သူများ သို့မဟုတ် နိုင်ငံမဲ့ဖြစ်သွားရန် အလားအလာရှိသူများနှင့် ပတ်သက်၍ နိုင်ငံသားအဖြစ်လက်ခံရာတွင် လိုအပ်သည့် အထောက်အထားများ တင်ပြစေရာ၌ တင်းကြပ်သော လိုအပ်ချက်များ ချမှတ်မထားရန်နှင့် ထိုသူများ ဆီလျော်အဆင်ပြေစွာ တင်ပြခြင်း မပြုနိုင်သော လိုအပ်ချက်များ ပြဋ္ဌာန်းထားခြင်း မပြုသင့်ကြောင်း အကြံပြုထားသည်။

ဆက်ခံသည့်နိုင်ငံသည် နိုင်ငံဆက်ခံခြင်းမှ ရလဒ်အဖြစ် ပေါ်ထွက်လာသော မိမိ၏ရလဒ်ရှိ နယ်နိမိတ်အတွင်း၌ ဆက်ခံချိန်တွင် နေထိုင်လျက်ရှိသောသူများနှင့် နိုင်ငံမဲ့ဖြစ်သွားရန် အလားအလာ ရှိသောသူများအား နိုင်ငံသားအဖြစ် အပ်နှင်းခြင်း မပြုမီ အခြားနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူထားခြင်း မရှိကြောင်း အထောက်အထား တင်ပြရန် တောင်းဆိုခြင်းမပြုရန် တားမြစ်ထားသည်။

အပိုဒ်(၈) ၏ **အပိုဒ်ခွဲ ၁** တွင် တစ်စုံတစ်ယောက်သောသူသည် နိုင်ငံသားရရှိရန်အတွက် ချမှတ်ထားသော စည်းကမ်းချက်များ၊ လိုအပ်ချက်များဖြည့်ဆည်းပေးရန် မဖြစ်နိုင်သည့် သို့မဟုတ် အခက်အခဲများစွာ တွေ့ကြုံနိုင်သည့် အခြေအနေများကို ထည့်သွင်းစဉ်းစားထားကြောင်း တွေ့ရသည်။ အချို့သောဖြစ်ရပ်များ၌ တစ်ဦးတစ်ယောက်သည် မိမိ မည်သည့်မျိုးရိုးစဉ်ဆက်မှ ဆင်းသက်လာသည် ဆိုသည့်အချက်ကို အထောက်အထားအပြည့်အစုံ တင်ပြရန် မဖြစ်နိုင်ပေ။ ဥပမာ

အားဖြင့် မော်ကွန်းထိန်းဌာနများ၊ မှတ်ပုံတင်ရုံးများ ပျက်စီးသွားခြင်းမျိုး ဖြစ်သည်။ မိမိ နေထိုင်ရာနေရပ်လိပ်စာကို မှတ်ပုံတင်ထားခြင်း မပြုလျှင် မိမိနေထိုင်ရာဒေသနှင့် ပတ်သက်သည့်အထောက်အထား ဖြည့်ဆည်းပေးနိုင်ရန် မဖြစ်နိုင်ပေ။ ဤပြဋ္ဌာန်းချက်သည် တစ်ဦးတစ်ယောက်အတွက် အထောက်အထား တင်ပြနိုင်သည့် အခြေအနေရှိသော်လည်း ယင်းသို့ အထောက်အထား တောင်းဆိုခြင်းမှာ ကျိုးကြောင်းဆီလျော်မှု မရှိပါ။ ဥပမာအားဖြင့် အထောက်အထား ဖြည့်ဆည်းပေးရာတွင် ထိုသူ၏ အသက်အန္တရာယ်နှင့် ကျန်းမာရေးအတွက် အခက်အခဲတွေ့နိုင်သည်။ အထောက်အထားဖြည့်ဆည်းပေးရန် အခက်အခဲဖြစ်ပေါ်စေသည့် ပတ်ဝန်းကျင်အခြေအနေသည် နိုင်ငံဆက်ခံခြင်းမှ အမြဲပေါ်ပေါက်လေ့ရှိသည်ဟု မဆိုနိုင်ပေ။ ဤသို့သောအခြေအနေများသည် နိုင်ငံဆက်ခံမှုမတိုင်မီ သို့မဟုတ် ဆက်ခံပြီးနောက်ပိုင်းတွင် ပေါ်ပေါက်နိုင်သည်။ ဥပမာ နိုင်ငံဆက်ခံခြင်း မပြုမီတည်ရှိခဲ့သည့် နိုင်ငံ၏အစိုးရလက်အောက်ရှိ မှတ်ပုံတင်ဌာန ပျက်စီးသွားနိုင်သကဲ့သို့ အရေးပါသော စာရွက်စာတမ်း အထောက်အထားများကို လူဦးရေ၏ အချို့သော အစိတ်အပိုင်းမှ လူများအား ထုတ်ပေးခြင်း မပြုဘဲထားနိုင်သည်။ ဤသို့သောအခြေအနေများ ဖြစ်ပေါ်နေပါက ဖြစ်နိုင်ဖွယ်ရာအလားအလာရှိသော လွတ်လပ်သောအထောက်အထား စာရွက်နှင့် သို့မဟုတ် ထောက်ခံချက် တစ်စုံတစ်ရာရှိ၍ ချမှတ်ထားသည့်စည်းကမ်းချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးသည် ဟုယူဆပြီး ဆက်ခံသည့်နိုင်ငံက ထိုသူတို့အား နိုင်ငံသားအဖြစ် လက်ခံရမည်သာ ဖြစ်သည်။

နိုင်ငံဆက်ခံခြင်းမပြုမီ တည်ရှိခဲ့သည့်နိုင်ငံသည် လုံးဝပျောက်ကွယ်ပျက်သုန်းသွားပြီးသည့်အခါ ယင်းသို့ နိုင်ငံပြိုပျက်သွားခြင်းနှင့်အတူ ပြည်သူများသည်လည်း အလိုအလျောက် နိုင်ငံသားအဖြစ်မှ လက်လွှတ်ဆုံးရှုံးရသည့်အခါမျိုး ဖြစ်ပေါ်မှသာ အပိုဒ်–၈ **အပိုဒ်ခွဲ ၂** သည် စပ်ဆိုင်မှုရှိမည် ဖြစ်သည်။ အကယ်၍ ဆက်ခံသော နိုင်ငံသစ်သည် တစ်နိုင်ငံထက်ပိုသော နိုင်ငံသားဖြစ်မှု (Multiple Nationalities)ကို ဟန့်တား သို့မဟုတ် အရေအတွက်ကို လျှော့ချလျှင် သက်ဆိုင်သူ ပုဂ္ဂိုလ်ထံမှ ၎င်းသည် နိုင်ငံသားဖြစ်မှု မရရှိသေးကြောင်း သို့မဟုတ် နိုင်ငံမဲ့ဖြစ်နေကြောင်း အထောက်အထားများ တောင်းဆိုနိုင်သည်။ တစ်ဦးတစ်ယောက်သောသူသည် အခြားနိုင်ငံ၏ နိုင်ငံသား မဟုတ်ကြောင်း သို့မဟုတ် နိုင်ငံမဲ့ဖြစ်နေကြောင်း အထောက်အထားတင်ပြရန် တောင်းဆိုသည့်အခါ ဖြည့်ဆည်းပေးရန် မဖြစ်နိုင်သည့်အခြေအနေ မကြာခဏ ပေါ်ပေါက်တတ်သည်။ အဘယ်ကြောင့်ဆိုသော် ဤတောင်းဆိုချက် များသည် အခြားနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် အမှီပြုရသောကြောင့် ဖြစ်သည်။ နိုင်ငံဆက်ခံမှုကြောင့် တစ်ဦး တစ်ယောက်သောသူသည် နိုင်ငံမဲ့ဖြစ်ရန် အခြေအနေရှိပါက ဆက်ခံသောနိုင်ငံသည် ထိုသူထံမှ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူထားခြင်းရှိ/ မရှိ သို့မဟုတ် နိုင်ငံမဲ့ဟုတ်မဟုတ် ဆိုသည့်အချက်နှင့် ပတ်သက်၍ အထောက်အထားများ တင်ပြစေခြင်း မပြုသင့်ပါ။ ဤစည်းကမ်းချက်သည် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်းက ပမာဏလက်ခံထားသည့် နိုင်ငံမဲ့ဖြစ်မှုမှ ကာကွယ်ရေးဆိုသည့် လွှမ်းခြုံထားသည့်အမြင်အပေါ် အခြေပြုထားခြင်းဖြစ်ပြီး တစ်နိုင်ငံထက်ပိုသော နိုင်ငံသားဖြစ်မှု (Multiple Nationalities) ဖြစ်မှု လက်ခံခြင်း / ငြင်းပယ်ခြင်းမှာ နိုင်ငံတစ်ခုချင်းစီက ဆုံးဖြတ်ရမည့်အချက် ဖြစ်သည်။

အခြားနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နိုင်ငံသားအဖြစ်ရယူခြင်းနှင့် ဆုံးရှုံးခြင်းတို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ဖလှယ်ခြင်းတို့ ပြုလုပ်ခြင်းဖြင့် မိမိနယ်နိမိတ်အတွင်း ရှိနေသည့် နိုင်ငံတစ်ခုထက်ပိုသည့် နိုင်ငံသားများတည်ရှိမှုကို လျှော့ချလိုသော နိုင်ငံများအတွက် ဤပြဋ္ဌာန်းချက်များသည် အဟန့်အတား မဖြစ်စေပါ။ နိုင်ငံများ၏နိုင်ငံသားအဖြစ် ခံယူထားသူများသည် မိမိသဘောဆန္ဒအလျောက် အခြားနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူလျက် လက်ရှိနိုင်ငံ၏ နိုင်ငံသားအဖြစ်မှ အလိုအလျောက် ရပ်ဆိုင်းသွားကြောင်းကို ၁၉၃၀ ပြည့်နှစ် နိုင်ငံသားဖြစ်မှုဥပဒေများ အချင်းချင်း ပဋိပက္ခဖြစ်မှုနှင့် စပ်လျဉ်းသော အချို့သောပြဿနာရပ်များဆိုင်ရာ ဟိတ်ကွန်ဗင်းရှင်း (Hague Convention on Certain Questions Relating to the Conflict of Nationality Laws) နှင့် ဥရောပကွန်ဗင်းရှင်း (European Convention) ၏ အပိုဒ် ၇–၁က တွင် ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရသည်။ နိုင်ငံတစ်နိုင်ငံသည် သက်ဆိုင်ရာပုဂ္ဂိုလ်အား အခြားနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူထားခြင်း မရှိကြောင်း သို့မဟုတ် ခံယူမည်မဟုတ်ကြောင်း စာဖြင့်ရေးသား ကြေညာစေနိုင်သည်။ ဤသို့ ဆောင်ရွက်မှုသည် လိမ်လည်၍ ကြေညာကြောင်း ဖော်ထုတ်တွေ့ရှိရသည့်အခါ နိုင်ငံသည် မိမိ၏နိုင်ငံသားအား ထုတ်ပေးထားသည့် နိုင်ငံသားဖြစ်မှုကို ပျက်ပြယ်အောင် ပြုလုပ်နိုင်သည်။

## ကောင်းသောကျင့်စဉ်များ/ ချက်သမ္မတနိုင်ငံ

ယခင်ကတည်ရှိခဲ့သည့် ချက်ကိုဆလိုဗက် (Czechoslovakia)နိုင်ငံကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့က နည်းလမ်းတကျ ဖျက်သိမ်းလိုက်ပြီးနောက် အသစ်ပေါ်ပေါက်လာသည့် နိုင်ငံနှစ်နိုင်ငံဖြစ်သည့် ချက်သမ္မတနိုင်ငံနှင့် ဆလိုဘက်သမ္မတနိုင်ငံတို့သည် မိမိတို့နိုင်ငံအသီးသီးတွင် နိုင်ငံသားဖြစ်မှု ဥပဒေအသစ်များ ပြဋ္ဌာန်းရာ ယင်းဥပဒေများတွင် နိုင်ငံတစ်နိုင်ငံချင်းစီ၏ မူလနိုင်ငံသားများသည် မည်သူမည်ဝါဖြစ်သည်ကို အဓိပ္ပါယ်ဖွင့်ဆိုထားပြီး ယင်းဖွင့်ဆိုချက်များဖြင့် ပြည်သူများသည် ယင်းနိုင်ငံ တစ်ခုချင်းစီ၌ နိုင်ငံသားအဖြစ် ခံယူနိုင်ကြသည်။ ဥပဒေနှစ်ရပ်လုံးသည် ၁၉၆၉ ခုနှစ်တွင် မူကြမ်းရေးဆွဲခဲ့သော ချက်ကိုဆလိုဗက် (Czechoslovak) နိုင်ငံ၏ နိုင်ငံသားဖြစ်မှု ဥပဒေများအပေါ်တွင် အခြေပြုထားရာ မည်သည့်ဥပဒေကမှ အခြေအနေသစ်တစ်ရပ်တွင် ကျင့်သုံး၍မရပေ။

ပေါ်ထွန်းစဖြစ်သော နိုင်ငံနှစ်နိုင်ငံစလုံး၏ ပြည်တွင်းနိုင်ငံသားဖြစ်မှု ဥပဒေများတွင် ၁၉၅၄ ခုနှစ် မတိုင်မီမွေးဖွားသူများသည် ဆိုလိုသည်မှာ – အသက် (၁၅) နှစ် သို့မဟုတ် ၁၅ နှစ် အထက် ရှိသူများသည် ချက်ကိုဆလိုဗက် ဆိုရှယ်လစ်သမ္မတနိုင်ငံ အဖြစ်မှ ပြည်ထောင်စုနိုင်ငံနှစ်နိုင်ငံမတည်ထောင်မီက မွေးဖွားပြီးသူများ ဖြစ်သည်။ ယင်းနယ်မြေများအတွင်း၌ မွေးဖွားသူဖြစ်လျှင် မွေးဖွားခြင်းအရ ယင်းပြည်နယ်များ၏ နိုင်ငံသားများ ဖြစ်ကြသည် (Jus Soli)။ ၁၉၅၄ ခုနှစ် နောက်ပိုင်း မွေးဖွားလာသူများသည် နှစ်ပြည်နယ်စလုံး (နှစ်နိုင်ငံစလုံး)၏ နိုင်ငံသားများဖြစ်သည် (Jus Soli)။ (ချက်နှင့် ဆလိုဘက် သွေးနှောမိဘများမှ ဆင်းသက်လာသူများသည် ၎င်းတို့မွေးဖွားရာ ဒေသကိုအခြေပြု၍ နိုင်ငံသားအဖြစ် ခံယူလေ့ရှိကြသည်။) သို့မဟုတ် မိဘများသည် လူမျိုးကွဲပြားသော်လည်း နှစ်ဦးစလုံး၏ နိုင်ငံသားဖြစ်မှု တူညီလျှင် သားသမီးများသည် မိဘများ၏ နိုင်ငံသားဖြစ်မှုအတိုင်း နိုင်ငံသား ဖြစ်ကြသည် (Jus Sanguinis)။ ဤသို့အားဖြင့် ရလဒ်မှာ ချက်သမ္မတနိုင်ငံတွင် ၎င်းတို့၏ဘဝတစ်လျှောက် နေထိုင်ခဲ့ကြသူအများအပြားကို ဆလိုဘက်နိုင်ငံသား သို့မဟုတ် ချက်နိုင်ငံသားအဖြစ် ပေးအပ်သည်။ ချက်သမ္မတနိုင်ငံ (Czech Republic) တိုင်းရင်းသား လူနည်းစု ရိုမာ(Roma) လူမျိုးတို့သည် ဤဥပဒေ၏ပစ်ပယ်မှုကို ခံကြရသည်။ ၎င်းတို့ထဲမှ ဆလိုဘက် (Slovak) အများစုသည် ၎င်းတို့၏ ဆလိုဘက် (Slovak) တွင် မွေးဖွားသော ဘိုးဘွားများမှ ဆင်းသက်လာကြသူများ ဖြစ်ကြသည်။

အသစ်ပြဋ္ဌာန်းသော ဆလိုဘက် နိုင်ငံသားဖြစ်မှုဥပဒေသည် ယခင်ချက်ကို ဆလိုဘက်ကီးယား နိုင်ငံသားများအားလုံးအား ကန့်သတ်ချုပ်ချယ်ခြင်း မပြုဘဲ နိုင်ငံသားအဖြစ် ပေးအပ်ပြီး အသစ်ဖြစ်သော ချက်နိုင်ငံသားဖြစ်မှု ဥပဒေသည် တင်းကြပ်သောစည်းကမ်းချက်များ သတ်မှတ်ထားရာ ယင်းစည်းကမ်းချက်များနှင့် ညီညွတ်ပါက ချက်နိုင်ငံသားအဖြစ် ခံယူနိုင်သည်။ ချက်နိုင်ငံသားဖြစ်ရန် အောက်ပါ အရည်အချင်းများနှင့် ကိုက်ညီရမည်။

– ဖက်ဒရေးရှင်း ဖျက်သိမ်းခြင်းမပြုမီ အနည်းဆုံး နှစ်နှစ်တိတိ ချက်သမ္မတနိုင်ငံ (Czech Republic) နယ်နိမိတ်အတွင်း နေထိုင်သူ ဖြစ်ရမည်ဖြစ်ပြီး ယင်းသို့နေထိုင်ကြောင်း စဉ်ဆက်မပြတ်မှတ်ပုံတင်ပြုလုပ်သူ ဖြစ်ရမည်။
– ဆလိုဘက်နိုင်ငံသားအဖြစ်မှ ကင်းလွတ်ခွင့်ပေးထားခြင်း ခံရသူဖြစ်ရမည်။
– လွန်ခဲ့သည့် (၅) နှစ်အတွင်း အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုဖြင့် အပြစ်ပေးခံရသူ မဖြစ်စေရ။

ဆလိုဘက်နိုင်ငံအစိုးရများသည် ၎င်းတို့၏ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်မှုကြောင့် ထောင်ပေါင်းများစွာသောသူများ နိုင်ငံမဲ့ဖြစ်မှုခံစားကြရရာ ၎င်းကိစ္စကို ဖြေရှင်းရန်အတွက် ၁၉၉၀ ပြည့်နှစ်အလယ်ပိုင်းလောက်တွင် UNHCR ၏ အကူအညီ တောင်းခံလာကြသည်။ UNHCR သည် ၎င်း၏ အချက်အလက်ရှာဖွေရေး မစ်ရှင်အဖွဲ့နှစ်ဖွဲ့ ကွင်းဆင်းစေလွှတ်ပြီးနောက် တွေ့ရှိချက်များနှင့်ပတ်သက်၍ ၎င်းတို့၏နိုင်ငံသားဖြစ်မှု ဥပဒေ မည်သို့ဆောင်ရွက်ရမည်ကို အစိုးရများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သည်။

၁၉၉၆ ခုနှစ်တွင် ပရပ် (Prague)မြို့တွင် အခြေစိုက်သောနိုင်ငံသားဖြစ်မှု အကြံပေးရေး ဗဟိုဌာန (Citizenship Advisory Centre) ဖွဲ့စည်းတည်ထောင်ရေးတွင် UNHCR က အကူအညီပေးခဲ့သည်။ အဆိုပါ Centre သည် ချက်သမ္မတနိုင်ငံနှင့် စစ်မှန်သောဆက်ဆံရေးနှင့် ရေရှည်ဆက်ဆံရေးများ ရှိခဲ့ကြသော်လည်း နိုင်ငံမဲ့ဖြစ်နေကြသည့် ယခင် ချက်ကိုစလိုဗက်ကီးယား နိုင်ငံသားများအား ဥပဒေရေးရာနှင့် လူမှုရေးကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးမှုများ ပြုလုပ်ပေးသည်။ အဆိုပါ ဗဟိုဌာနသည် တစ်နှစ်အတွင်း၌ ယာယီ ပြုစုစောင့်ရှောက်ထားရသော ကလေးသူငယ် (၉၀၀) နီးပါး၊ ချက်အကျဉ်းထောင်များတွင် အကျဉ်းချထားခြင်းခံရသောသူ (၃၅၀၀) ကျော်နှင့် မည်သည့်နိုင်ငံသားအဖြစ် ခံယူရမည်ကို ဆုံးဖြတ်ချက် မချမှတ်နိုင်သောသူ (၂၀၀၀) ကျော် စုစုပေါင်းလူ (၆၀၀၀) အား အကူအညီ ပေးခဲ့သည်။

UNHCR နှင့် ဥရောပကောင်စီ (Council of Europe) တို့ကပေးသည့် အကြံဉာဏ်များကို လိုက်နာလျက် ချက်အစိုးရသည် နိုင်ငံသားအဖြစ် ရယူခြင်းနှင့် ပတ်သက်သည့် ကန့်သတ်ထိန်းချုပ်မှုများ စတင်လျှော့ချခဲ့သည်။ ၁၉၉၆ ခုနှစ် ဧပြီလအတွင်းက ချက်ဥပဒေပြုလွှတ်တော်သည် နိုင်ငံသားဖြစ်မှု အက်ဥပဒေတွင် ပြင်ဆင်ချက်တစ်ရပ် ပြုလုပ်ခဲ့ပြီး ယခင်က စလိုဘက်နိုင်ငံသားများ ဖြစ်ခဲ့ကြသည့် ချက်သမ္မတနိုင်ငံတွင် စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြသော ယင်းသို့နေထိုင်ခဲ့ကြောင်း တရားဝင် အထောက်အထား ပြနိုင်သူများအား ပြည်ထဲရေးဝန်ကြီးဌာနက မိမိသဘောထားအတိုင်း ရာဇဝတ်မှု ကင်းရှင်းကြောင်းမှတ်တမ်း (Clean Criminal Record) လိုအပ်ချက်ကို မကျင့်သုံးဘဲ နေနိုင်ခွင့်ပေးအပ်သည်။

ထို့နောက် ၁၉၉၉ ခုနှစ်အတွင်းက ချက်ဥပဒေပြုလွှတ်တော်သည် ဥပဒေပြင်ဆင်ချက်တစ်ရပ် ထပ်မံအတည်ပြုသည်။ ယင်းပြင်ဆင်ချက်အရ ချက်သမ္မတနိုင်ငံဖြစ်လာမည့် ယခင် ချက်ကိုဆလိုဗက်ကီးယားနိုင်ငံ၌ အမြဲတမ်းနေထိုင်ခဲ့သူများအား နိုင်ငံသားအဖြစ် လက်ခံသည်။ သို့သော် တရားဝင်ထုတ်ပေးထားခဲ့သော နေထိုင်ခွင့်ပါမစ် လက်ဝယ်မရှိသူများကို ချက်သမ္မတနိုင်ငံ၏ နိုင်ငံသားအဖြစ် လက်မခံပေ။ ယခုပြင်ဆင်ချက်အရ



ထိုသူများသည် ၄င်းနယ်မြေတွင် နေထိုင်ခဲ့သည့်ကာလ၊ အလုပ်လုပ်ကိုင်ကြောင်း အထောက်အထားနှင့် သို့မဟုတ် အိုးအိမ်စာချုပ်နှင့်/ သို့မဟုတ် အသိသက်သေများပြနိုင်လျှင် နိုင်ငံသားဖြစ်လာနိုင်သည်။ ၄င်းတို့သည် ရာဇဝတ်မှုကင်းရှင်းကြောင်း အထောက်အထား တင်ပြရန် မလိုတော့ပေ။ တဖြည်းဖြည်းချင်း UNHCR, NGOs များနှင့် ချက်အာဏာပိုင်များ၏ ပူးပေါင်းအားထုတ်မှုကြောင့် ပြည်ထောင်စု (Federation) ပြိုကွဲသွားပြီးနောက် ချက်သမ္မတနိုင်ငံတွင် အမြဲတမ်းနေထိုင်ခဲ့ကြသော ချက်ကို ဆလိုဘက် လူမျိုးတို့ကို အဟန့်အတားမရှိ ချက်သမ္မတနိုင်ငံ၏ နိုင်ငံသားအဖြစ် ပေးအပ်ခဲ့သည်။

## ခွဲခြားသတ်မှတ်ခြင်း သို့မဟုတ် အဆင်အခြင်ကင်းမဲ့စွာ နိုင်ငံသားအဖြစ် မပေးဘဲထားခြင်း တို့နှင့် ဆက်စပ်နေသည့် အကြောင်းရင်းများ

### ခွဲခြားဆက်ဆံမှု

နိုင်ငံတော်က မိမိသဘောအတိုင်း နိုင်ငံသားအဖြစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း စသည့် အခြေခံမှုသည် လူမျိုးရေးခွဲခြားမှုဖြစ်ပေါ်လာရန် အန္တရာယ်ရှိသည်။ ဤအချက်ကို နည်းမျိုးစုံဖြင့် လူမျိုးခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (Convention on the Elimination of all Forms of Racial Discrimination) နှင့် အခြားသော စာချုပ်စာတမ်းများတွင် ဖော်ပြထားသည်။ ၂၀၀၄ ခုနှစ် အောက်တိုဘာလ (၁) ရက်ဖြင့် နိုင်ငံသား မဟုတ်သူများအပေါ် ခွဲခြားဆက်ခံမှု ဆိုင်ရာ အထွေထွေ တိုက်တွန်းချက် (General Recommendation on Discrimination against Non-citizens) ထုတ်ပြန်ရာတွင် ကမ္ဘာ့ကုလသမဂ္ဂ လူမျိုးခွဲခြားမှု ပပျောက်ရေးဆိုင်ရာကော်မတီ (United Nations Committee on the Elimination of Racial Discrimination) က လူမျိုး၊ အသားအရောင်၊ ဆင်းသက်လာသည့် မျိုးရိုး သို့မဟုတ် နိုင်ငံသား သို့မဟုတ် တိုင်းရင်းသားလူမျိုးစုအပေါ် အခြေခံ၍ နိုင်ငံသား ခံယူခွင့်မပေးဘဲထားခြင်းသည် နိုင်ငံတော်၏ တာဝန်ဖြစ်သော ခွဲခြားမှုမပြုဘဲ နိုင်ငံသားအဖြစ် ခံစားခွင့်ရှိစေရမည် ဆိုသည့် အချက်ကိုလည်း ချိုးဖေါက်ခြင်း ဖြစ်သည်ဟု ဖော်ပြထားသည်။

မည်သို့ပင်ဆိုစေ ရံဖန်ရံခါ အချို့သောသူများသည် ထိုနိုင်ငံနှင့် ခိုင်မာသော ဆက်ဆံရေး ရှိသော်ငြားလည်း ယင်းနိုင်ငံ၏ နိုင်ငံသားဖြစ်မှုရယူရာတွင် မရရှိဘဲ ဖြစ်နေတတ်သည်။ ခိုင်မာသော ဆက်ဆံရေးဆိုရာတွင် အခြားသူများ၌ နိုင်ငံသားအဖြစ် ခွင့်ပြုရန်လုံလောက်မှုရှိသော်လည်း အထက်ပါ နိုင်ငံမျိုးတွင် လက်မခံဘဲ ရှိတတ်သည်။ ခွဲခြားဆက်ဆံမှုပြုခြင်းကို လူမျိုး၊ အသားအရောင်၊ တိုင်းရင်းသားလူမျိုးဖြစ်မှု၊ ကိုးကွယ်သည့်ဘာသာ၊ လိင်၊ နိုင်ငံရေးအယူအဆ သို့မဟုတ် အခြားအကြောင်းအရာများအပေါ် အခြေခံပြီး တဖက်သတ်ပြုလုပ်ခြင်း သို့မဟုတ် ဥပဒေပြဋ္ဌာန်းရာတွင် အမှတ်တမဲ့ ဆောင်ရွက်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ဥပဒေများတွင် ထိရောက်စေသော စကားအသုံးအနှုန်းများပါရှိပါက သို့မဟုတ် ဥပဒေများကို ကျင့်သုံးရာတွင် ခွဲခြားမှုဖြစ်ပေါ်စေပါက ယင်းသို့သော ဥပဒေကို ခွဲခြားမှုပြုသော ဥပဒေ ဟုဆိုရပေမည်။

### ဤပြဿနာကို ရှောင်ရှားရန်အတွက် –

- အခြေခံဥပဒေနှင့် နိုင်ငံသားဖြစ်မှုနှင့် ဆက်နွယ်သည့်ဥပဒေများတွင် ခွဲခြားဆက်ဆံရေးမှု ပါဝင်မှုမရှိသည်မှာ သေချာကြောင်း ထည့်သွင်းဖော်ပြရမည့်အပြင် အုပ်ချုပ်ရေးနှင့် တရားရေးဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ခွဲခြားသတ်မှတ်မှုမရှိကြောင်းနှင့် အဆိုပါအခြေခံမှုကို အောင်မြင်စွာ အကောင်အထည်ဖော်ကြောင်း ပေါ်လွင်စေရမည်။
- ပြည်တွင်း၌ဖြစ်စေ၊ အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်ဖြစ်စေ၊ ကလေးငယ်တစ်ဦး မွေးဖွားလာတိုင်း နိုင်ငံသားအဖြစ် ရရှိနိုင်အောင် သင့်တော်သော အရေးယူဆောင်ရွက်မှုများ ထားရှိရန် လိုအပ်သည်။ ထို့ကြောင့် ထိမ်းမြားလက်ထပ်ထားသော မိဘများမှ မွေးလာသည့် ကလေးများ၊ လက်ထပ်ထိမ်းမြားမှုမရှိဘဲ မွေးလာသော ကလေးများနှင့် နိုင်ငံမဲ့မိဘနှစ်ပါးမှ မွေးဖွားလာသည့် ကလေးများ အားလုံးသည် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ နိုင်ငံသားဖြစ်မှုတွင် တူညီသောအခွင့်အရေး ရရှိရမည်။
- ၁၉၅၇ ခုနှစ် ထိမ်းမြားလက်ထပ်ပြီး အမျိုးသမီးများ၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ၁၉၇၉ ခုနှစ် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းတို့တွင် နိုင်ငံသားအဖြစ် ရယူရာတွင်လည်းကောင်း၊ နိုင်ငံသားခံယူမှု ပြောင်းလဲရာတွင်လည်းကောင်း၊ သို့မဟုတ် ဆက်လက်ထိန်းသိမ်းရာတွင်လည်းကောင်း၊ အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိမည်ဟု သတ်မှတ်ထားသည်။ ဤကွန်ဗင်းရှင်း စာချုပ်များတွင် ပါရှိသည့် အခြေခံမှုများနှင့်အညီ ခင်ပွန်းသည်၏ နိုင်ငံသားဖြစ်မှုသည် ဇနီးဖြစ်သူ၏ နိုင်ငံသားဖြစ်မှုသို့ အလိုအလျောက် ပြောင်းလဲခြင်း မရှိစေရသကဲ့သို့ ခင်ပွန်းသည်၏ နိုင်ငံသားအဖြစ်သို့ အတင်းအကြပ် မပြောင်းခိုင်းသင့်ပါ။

## နိုင်ငံသားဖြစ်မှုမှ ရုပ်သိမ်းခြင်းနှင့် ငြင်းပယ်ခြင်း

မည်သည့်ပုဂ္ဂိုလ်ကိုမဆို ဆင်ခြင်တုံတရားကင်းမဲ့စွာ ၎င်း၏နိုင်ငံသားဖြစ်မှုကို ရုပ်သိမ်းခြင်း မပြုရန် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြထားသည်။ ၁၉၆၁ ခုနှစ် ကွန်ဗင်းရှင်းနှင့် ၁၉၉၇ ခုနှစ် နိုင်ငံသားဖြစ်မှုဆိုင်ရာ ဥရောပကွန်ဗင်းရှင်းတို့တွင် နိုင်ငံများသည် နိုင်ငံသားအဖြစ်မှ ဆုံးရှုံးမှုဖြစ်ပေါ်စေမည့် မည်သည့်လုပ်ရပ်မျိုးကိုမှ ဆောင်ရွက်ခြင်းမပြုရန် တင်းကြပ်စွာပိတ်ပင် တားမြစ်ထားသည်။ ဤသို့ နိုင်ငံသားအဖြစ်ဆုံးရှုံးမှု ဖြစ်ပေါ်စေနိုင်သည့်ကိစ္စ ဆောင်ရွက်သည့်အခါတိုင်း လုပ်ထုံးလုပ်နည်းဆိုင်ရာ အာမခံချက် အပြည့်အဝပါရှိရမည့်အပြင် နိုင်ငံမဲ့ဖြစ်ရသည့် အဖြေမျိုး မဖြစ်စေရပါ။

နိုင်ငံသားအဖြစ်မှပယ်ဖျက်ခြင်း ဖြစ်ပွားရခြင်းမှာ နိုင်ငံတော်သည် နိုင်ငံသားတစ်ဦးချင်းစီ၏ ခံစားခွင့်ကိုမပေးဘဲ ပိတ်ပင်ထားခြင်းကြောင့်ဖြစ်ရာ ထိုသို့ ဖြစ်ရခြင်းမှာ များသောအားဖြင့် နိုင်ငံတော်သည် ခွဲခြားဆက်ဆံမှုကို ကျင့်သုံးလုပ်ဆောင်နေသောကြောင့် ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အား နှင်ထုတ်ခြင်း အမြဲတစေ ကပ်၍ပါလာစမြဲ ဖြစ်သည်။

### ဤပြဿနာများကို ရှောင်ရှားရန်အတွက် –

- နိုင်ငံသားအဖြစ် ရုပ်သိမ်းခံရခြင်းကြောင့် နိုင်ငံမဲ့ဖြစ်လာရန် အခြေအနေရှိပါက အပြည်ပြည်ဆိုင်ရာဥပဒေ၏ အခြေခံမှုမှာ မည်သူ့ကိုမျှ နိုင်ငံသားအဖြစ်မှ မရုပ်သိမ်းရေးပင် ဖြစ်သည်။
- ဤအခြေခံမှုနှင့်ပတ်သက်၍ ၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်မှုလျှော့ချရေးဆိုင်ရာ ကွန်ဗင်းရှင်းက အောက်ပါချွင်းချက်များ ပြဋ္ဌာန်းထားသည်–

- လွဲမှား တင်ပြပြီး သို့မဟုတ် လိမ်လည်တင်ပြပြီးရယူထားသည့် နိုင်ငံသားဖြစ်မှု
- နိုင်ငံပြင်ပတွင် သွားရောက်နေထိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံသားအဖြစ်မှ ဆုံးရှုံးမှု (အထက်တွင်ကြည့်ပါ)
- နိုင်ငံသားတစ်ဦးထားရှိရမည့် နိုင်ငံအပေါ် သစ္စာရှိမှုနှင့် မလျော်ညီသော အပြုအမူများ ဆောင်ရွက်ခြင်း၊ အခြားနိုင်ငံတစ်နိုင်ငံ၏ တာဝန်များထမ်းဆောင်ခြင်း မပြုရဟု အတိအလင်း တားမြစ်ထားသည်ကို ချိုးဖောက်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအပြုအမူသည် နိုင်ငံ၏အရေးပါသော အကျိုးစီးပွားကို ထိခိုက်နစ်နာမှုဖြစ်ခြင်း (ဤအချက်များသည် နိုင်ငံ၏ဥပဒေတွင် ကွန်ဗင်းရှင်း လက်မှတ်မရေးထိုးမီကပင် ဖော်ပြပါရှိပြီး ဖြစ်ရမည်။) သို့မဟုတ်
- အခြားနိုင်ငံတစ်နိုင်ငံ၏ သစ္စာခံယူပါမည်ဟု ကျမ်းကျိန်ဆိုခြင်း သို့မဟုတ် တရားဝင်ကြေညာခြင်း သို့မဟုတ် မိမိနိုင်ငံ၏သစ္စာကို ခံယူရန် ငြင်းပယ်ခြင်း(ဤအချက်များသည် နိုင်ငံ၏ဥပဒေတွင် ကွန်ဗင်းရှင်း လက်မှတ်မရေးထိုးမီကပင် ဖော်ပြပါရှိပြီး ဖြစ်ရမည်။)

၁၉၆၁ ခုနှစ် ကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံသည် အထက်တွင် ဖော်ပြခဲ့သည့် အကြောင်းများကြောင့် တစ်ဦးတစ်ယောက်အား နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းလျှင် စာချုပ် လက်မှတ်ရေးထိုးချိန်၊ အတည်ပြုချိန်၊ လက်ခံချိန်တွင် ဥပဒေ၌ ပြဋ္ဌာန်းပြီးဖြစ်ရမည့်အပြင် တရားမျှတသော ကြားနာစစ်ဆေးမှုကဲ့သို့သော ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းဆိုင်ရာ အာမခံချက်အပြည့်အဝ ပါရှိရမည်။ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည့်နိုင်ငံသည် လူမျိုး၊ တိုင်းရင်းသားလူမျိုးစု၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးအယူအဆ စသည်တို့အပေါ် အခြေခံ၍ တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ လူတစ်စုကိုဖြစ်စေ၊ နိုင်ငံသားဖြစ်မှုမှ မရုပ်သိမ်းရ။

၁၉၉၇ခုနှစ် နိုင်ငံသားဖြစ်မှုဆိုင်ရာ ဥရောပကွန်ဗင်းရှင်း (European Convention on Nationality) က အကယ်၍ နိုင်ငံမဲ့ဖြစ်ပေါ်လာနိုင်ပါက နိုင်ငံများသည် ပြည်သူများ၏ နိုင်ငံသားဖြစ်မှုကို ရုပ်သိမ်းခြင်းမပြုရန် ကန့်သတ်တားမြစ်ထားသည်။ ထိုကွန်ဗင်းရှင်းအရ လွဲမှားတင်ပြထားသော သို့မဟုတ် လိမ်ညာပြုလုပ်ထားသော နိုင်ငံသားဖြစ်မှုကိုသာ ရုပ်သိမ်းခြင်းသည် မျှတသည်ဟုဖော်ပြသည်။ သို့သော်ငြားလည်း အကယ်၍နိုင်ငံသားဖြစ်မှု ရုပ်သိမ်းခြင်းကြောင့် နိုင်ငံမဲ့ဖြစ်မလာလျှင် အောက်ပါအကြောင်းများကြောင့် နိုင်ငံသားတစ်ဦးအား နိုင်ငံသားဖြစ်မှုမှ ရုပ်သိမ်းနိုင်သည်။

- အခြားနိုင်ငံ၏ နိုင်ငံသားဖြစ်မှု မိမိသဘောအလျောက်ရယူခြင်း။
- နိုင်ငံခြားတပ်ဖွဲ့တွင် မိမိသဘောအလျောက် ပါဝင်ထမ်းဆောင်ခြင်း။
- ၎င်း၏အပြုအမူကြောင့် နိုင်ငံ၏အရေးပါသော အကျိုးစီးပွားထိခိုက်နစ်နာခြင်း။
- အစဉ်အလာအရ ပြည်ပနိုင်ငံတွင် အစဉ်နေထိုင်သဖြင့် နိုင်ငံတော်နှင့် နိုင်ငံသား စစ်မှန်သော ဆက်ဆံမှု ပြတ်တောက်ခြင်း။
- နိုင်ငံ၏ ပြည်တွင်းဥပဒေ၌ ဖော်ပြထားသည့် အလိုအလျောက်နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ ကြိုတင်စည်းကမ်းချက်များကို လိုက်နာဖြည့်ဆည်းရန် ပျက်ကွက်ခြင်း (ဤအချက်သည် အရွယ်မရောက်သူများနှင့်သာ သက်ဆိုင်သည်။) သို့မဟုတ်
- မွေးစားကလေးသည် ၎င်း၏ မွေးစားမိဘနှစ်ဦးအနက်မှ တစ်ဦးဦး သို့မဟုတ် နှစ်ဦးစလုံး၏ နိုင်ငံခြားသားအဖြစ် ခံယူနိုင်ခြင်း သို့မဟုတ် နိုင်ငံခြားသားဖြစ်ခြင်း။

၁၉၆၁ခုနှစ် နိုင်ငံမဲ့ဖြစ်မှု လျှော့ချရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် ပါရှိသည့် အဓိကကျသော ပြဋ္ဌာန်းချက်များ

**နိုင်ငံသားအဖြစ်ခွင့်ပြုခြင်း (အပိုဒ် – ၁၊ ၂၊ ၃ နှင့် ၄)**

မွေးဖွားခြင်းကြောင့်ဖြစ်စေ၊ ဆင်းသက်လာသည့်မျိုးရိုးကြောင့်ဖြစ်စေ၊ နိုင်ငံတော်နှင့်ထိရောက်သော ဆက်ဆံမှုရှိသူသည် နိုင်ငံမဲ့ဖြစ်ရန်အကြောင်းရှိပါက ထိုသူအား နိုင်ငံသားအဖြစ် ခွင့်ပြုရမည်။ နိုင်ငံသားဖြစ်မှုကို အောက်ပါအချက်များနှင့် ညီညွတ်လျှင် ခွင့်ပြုရမည်။

- ဥပဒေ၏အကျိုးသက်ရောက်မှုဖြင့် မွေးဖွားစဉ်က နိုင်ငံ၏ နယ်နိမိတ်အတွင်း၌ မွေးဖွားသူ
- ပြည်တွင်းဥပဒေပါ စည်းကမ်းချက်များကို လိုက်နာလျက် နိုင်ငံ၏ နယ်နိမိတ်အတွင်း၌ မွေးဖွားပြီး ဥပဒေအရသတ်မှတ်ထားသည့် အသက်ပြည့်သူ
- နိုင်ငံ၏ နယ်နိမိတ်အတွင်း မွေးဖွားသူသည် လျှောက်လွှာ လျှောက်ထားပြီးသည်နှင့် (ဖော်ပြထားသော စည်းကမ်း ချက်များ အနက် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စည်းကမ်းချက်များ နှင့် မဆန့်ကျင်စေဘဲ သတ်မှတ်ထားသည့်အချိန်အတွင်း လျှောက် လွှာတင်သွင်းခြင်း၊ သတ်မှတ်ထားသောအချိန်ကာလလိုအပ်ချက်၊ သတ်မှတ်ထားသောပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း မခံရဘူး ခြင်းနှင့်/ သို့မဟုတ် ထိုသူသည် အမြဲတမ်း နိုင်ငံမဲ့ဖြစ်ခဲ့ခြင်း) များနှင့် ညီညွတ်ရမည်။
- ကလေးသည် တရားဝင်ကလေးဖြစ်ပြီး ၄င်း၏မိခင်သည်ကလေး ကို မွေးဖွားစဉ်က ထိုနိုင်ငံ၏ နိုင်ငံသားဖြစ်ရမည်
- တစ်ဦးတစ်ယောက်သည် စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုး သည့် နိုင်ငံ၌ မွေးဖွားသူဖြစ်လျှင် အသက်အရွယ်ကြောင့်ဖြစ်စေ၊ သို့မဟုတ် သတ်မှတ်ထားသည့် နေထိုင်စဉ်ကာလနှင့်ပတ်သက် သည့် လိုအပ်ချက်များကြောင့်ဖြစ်စေ ၄င်းဆင်းသက်လာသည့် မျိုးရိုးအရ နိုင်ငံသားအဖြစ်ရယူရန် မဖြစ်နိုင်လျှင် (ဤအချက်နှင့် ပတ်သက်၍ အောက်ဖော်ပြပါ အကြောင်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် အကြောင်းဖြစ်သော သတ်မှတ်ထားသည့် ကာလအတွင်း လျှောက်လွှာတင်သွင်းခြင်း၊ နေထိုင်ရာဒေသနှင့် ပတ်သက်သည့် လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းနှင့်/ သို့ မဟုတ် ထိုသူသည် ယခင်က အမြဲပင် နိုင်ငံမဲ့ဖြစ်နေခြင်း)
- စာချုပ်တွင် လက်မှတ် ရေးထိုးသည့်နိုင်ငံ၏ နယ်နိမိတ်အတွင်း၌ ကောက်ယူရရှိသော ကလေး၊
- မိဘတစ်ဦးဦးသည် ၄င်းမွေးဖွားစဉ်က စာချုပ်တွင် လက်မှတ် ရေးထိုးသည့်နိုင်ငံတွင် မွေးဖွားခဲ့လျှင် ၄င်းမှ မွေးဖွားသည့် ကလေးသည် မည်သည့်နိုင်ငံ၌ မွေးသည်ဖြစ်စေ၊ ဥပဒေအရ နိုင်ငံသားအဖြစ် ခွင့်ပြုရမည်။
- မွေးဖွားသည့်အချိန်၌ မိဘတစ်ဦးဦးသည် စာချုပ်တွင်လက်မှတ် ရေးထိုးသည့်နိုင်ငံ၏ နိုင်ငံသားဖြစ်လျှင် ထိုသူသည် မည်သည့် နေရာ၌ မွေးသည်ဖြစ်စေ၊ နိုင်ငံသားဖြစ်ရန် လျှောက်ထားလျှင် ပြည်တွင်းဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ခွင့်ပြုရမည်။ (လျှောက်ထားချက်သည် အောက်ဖော်ပြပါ အကြောင်းတစ်ရပ် ရပ် သို့မဟုတ် အကြောင်းရပ်များနှင့် ညီညွတ်ရမည်။ သတ်မှတ် ထားသည့်ကာလအတွင်း လျှောက်လွှာ တင်သွင်းရမည်။ နေထိုင် ရာကာလနှင့် ပတ်သက်သည့် လိုအပ်ချက် ဖော်ပြဖြည့်ဆည်း ပေးနိုင်ရမည်။ အမျိုးသားလုံခြုံရေးကို ဆန့်ကျင်သော ပြစ်မှု ကျူးလွန်ခြင်း မရှိစေရန်နှင့် သို့မဟုတ် ထိုသူသည် အမြဲတမ်း နိုင်ငံမဲ့ ဖြစ်နေသူ ဖြစ်ရမည်)

## နိုင်ငံသားဖြစ်မှုဆုံးရှုံးခြင်း သို့မဟုတ် စွန့်လွှတ်ခြင်း (အပိုဒ်–၅၊ ၆ နှင့် ၇)

နိုင်ငံသားအဖြစ်ဆုံးရှုံးခြင်း သို့မဟုတ် စွန့်လွှတ်ခြင်းသည် အခြား တစ်နိုင်ငံ၏ နိုင်ငံသားဖြစ်မှု ကြိုတင်ရရှိပြီးခြင်း သို့မဟုတ် ရရှိရန် အာမခံ ချက် ရရှိပြီးခြင်းအပေါ် မူတည်သည်။ သတ်မှတ်ပြဋ္ဌာန်း ထုတ်ပြန် ကြေညာထားသည့် စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းနှင့် အချိန် ကန့်သတ်ချက်များကို လိုက်နာခြင်း မပြုဘဲ နိုင်ငံရပ်ခြားတွင် အချိန် ကာလတစ်ရပ် သွားရောက်နေထိုင်ပြီး နိုင်ငံသားအဖြစ် ဆက်လက် ရယူလိုကြောင်း ဖော်ပြရန်ပျက်ကွက်သည့် နိုင်ငံသားအဖြစ်ပြုထားသည့် ကိစ္စတွင် ချွင်းချက်အဖြစ် ထားရှိနိုင်သည်။ နိုင်ငံသားအဖြစ် ပြုထား သူများဆိုသည်မှာ သက်ဆိုင်ရာ ကွန်ဗင်းရှင်းစာချုပ်တွင် လက်မှတ်ရေးထိုး သည့် နိုင်ငံထံ လျှောက်လွှာတင်သွင်း၍ နိုင်ငံသားအဖြစ်ရယူထားသည့်သူ ဖြစ်ပြီး စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံသည် ၄င်း လျှောက်လွှာကို ငြင်းပယ်နိုင်သည့် အခွင့်အရေး ရှိသည်။ နိုင်ငံသားအဖြစ် ဆုံးရှုံးမှုသည် ဥပဒေနှင့်အညီ ဖြစ်ရမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းဆိုင်ရာ

အာမခံချက် အပြည့်အဝ ပါဝင်ရမည်။ ဥပမာအားဖြင့် တရားရုံး သို့မဟုတ် လွတ်လပ်သော အဖွဲ့အစည်းတစ်ရပ်က တရားမျှတစွာကြားနာ စစ်ဆေးခွင့်ရှိခြင်း ဖြစ်သည်။

## နိုင်ငံသားအဖြစ်မရရှိရန် လက်လွတ်မှုဖြစ်အောင်လုပ်ခြင်း (အပိုဒ်– ၈ နှင့် ၉)

အောက်ပါ အကြောင်းကိစ္စများကြောင့်မှအပ တစ်ဦးတစ်ယောက်အား နိုင်ငံမဲ့ဖြစ်သွားစေနိုင်လျှင် ထိုသူအား နိုင်ငံသားအဖြစ် မရရှိစေရန် ဟန့်တား၊ တားဆီး၊ ရုပ်သိမ်းခြင်း မပြုရ။

- လွဲမှားတင်ပြခြင်း သို့မဟုတ် လိမ်လည်တင်ပြ၍ နိုင်ငံသားအဖြစ် ရယူထားခြင်း၊
- အတိအလင်းဖော်ပြတားမြစ်ထားသော ကိစ္စတစ်ရပ်ရပ်အား ချိုးဖောက်ခြင်း သို့မဟုတ် နိုင်ငံ၏အရေးပါသော အကျိုးစီးပွားကို ထိခိုက်နစ်နာစေသော အပြုအမူပြုလုပ်ခြင်း စသည်တို့ လုပ်ဆောင်ခြင်းဖြင့် နိုင်ငံသားတစ်ဦးက နိုင်ငံအပေါ် သစ္စာရှိမှုနှင့် မလျော်ညီသော လုပ်ရပ်များ ဆောင်ရွက်ခြင်း၊
- တစ်ဦးတစ်ယောက်သည် အခြားနိုင်ငံတစ်နိုင်ငံ၏ သစ္စာခံယူခြင်း သို့မဟုတ် ယင်းသို့ သစ္စာခံယူကြောင်း ကြေညာခြင်း သို့မဟုတ် စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံထံသစ္စာခံထားမှုကို ပစ်ပယ်ခြင်း၊
- နိုင်ငံသားပြုထားသူတစ်ဦးသည် စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံနှင့် ထိရောက်သောဆက်ဆံမှု မရှိတော့ခြင်းနှင့် ပတ်သက်၍ မိမိသည် ထိုနိုင်ငံသားအဖြစ် ဆက်လက်ထိန်းသိမ်းထားရန် ဆန္ဒရှိ/ မရှိ ဖော်ထုတ်ပြောကြားရန် ပျက်ကွက်ခြင်း၊

စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံတစ်နိုင်ငံသည် အထက်ဖော်ပြထားသည့် အကြောင်းများကြောင့် တစ်ဦးတစ်ယောက်သောသူအား ၎င်း၏နိုင်ငံသားဖြစ်မှုကို ပိတ်ပင်တားဆီး ရုပ်သိမ်းနိုင်သည်။ ထိုစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည့်နိုင်ငံသည် လက်မှတ်ရေးထိုးချိန်၊ စာချုပ်



အတည်ပြုချိန် သို့မဟုတ် လက်ခံချိန်တွင် ယင်းအချက်များကို အတိအလင်း ဖော်ပြထားလျှင် ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းဆိုင်ရာ အာမခံချက်များနှင့်အတူ လိုက်နာဆောင်ရွက်လျှင် ဥပမာ တရားမျှတသော ကြားနာစစ်ဆေးမှုရှိလျှင် အထက်ပါအကြောင်းများအရ နိုင်ငံသားအဖြစ်မှ ပိတ်ပင်တားဆီး ရုပ်သိမ်းနိုင်သည်။ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည့် မည်သည့်နိုင်ငံမျှ တစ်ဦးတစ်ယောက် သို့မဟုတ် လူတစ်စုအား လူမျိုးရေး၊ တိုင်းရင်းသားလူမျိုးစု၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် နိုင်ငံရေးအကြောင်း ပြချက်များဖြင့် နိုင်ငံသားအဖြစ်မှ ပိတ်ပင်တားဆီးခြင်း မပြုရ။

## ပိုင်နက်နယ်မြေလွှဲပြောင်းပေးအပ်ခြင်း (အပိုဒ်–၁၀)

အပြည်ပြည်ဆိုင်ရာစာချုပ်များတွင် နယ်မြေလွှဲပြောင်းပေးအပ်မှုကြောင့် နိုင်ငံမဲ့မဖြစ်ပေါ်စေရ ဟူသောအချက်ကို ဖော်ပြရမည်။ အပြည်ပြည်ဆိုင်ရာစာချုပ် ချုပ်ဆိုရာတွင် လက်မှတ်ရေးထိုးခြင်း မရှိခဲ့လျှင် ပါဝင်ပတ်သက်သည့်နိုင်ငံများသည် နယ်မြေလွှဲပြောင်းပေးရမှု သို့မဟုတ် နယ်မြေရယူမှုကြောင့် အကျိုးဆက်အဖြစ် ပေါ်ပေါက်လာနိုင်သည့် နိုင်ငံမဲ့ဖြစ်သူများကို နိုင်ငံသားအဖြစ် ပေးအပ်ရမည်။

## အပြည်ပြည်ဆိုင်ရာအေဂျင်စီ (အပိုဒ်–၁၁)

ကွန်ဗင်းရှင်းက ကုလသမဂ္ဂဘောင်အတွင်း၌ရှိသော အဖွဲ့အစည်းတစ်ရပ် ထူထောင်ထားရန် တောင်းဆိုသည်။ ဤကွန်ဗင်းရှင်းကပေးသည့် အကျိုးခံစားခွင့်များတောင်းဆိုသူသည် ယင်းအဖွဲ့အစည်းသို့ ၎င်း၏ တောင်းဆိုချက်ကို စစ်ဆေးပေးရန်နှင့် သက်ဆိုင်ရာအာဏာပိုင်များသို့ တင်ပြပေးရန် လျှောက်ထားနိုင်သည်။ အထွေထွေညီလာခံက ဤလုပ်ငန်းရပ်များကို တာဝန်ယူ ဆောင်ရွက်ပေးရန် UNHCR သို့ တာဝန်ပေးအပ်သည်။

## အငြင်းပွားမှုဖြေရှင်းခြင်း (အပိုဒ်–၁၄)

စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံများအကြား စာချုပ်ပါကိစ္စရပ်များ အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် စာချုပ်အားကျင့်သုံးခြင်း

ဆိုင်ရာ အငြင်းပွားမှုများပေါ်ပေါက်ပြီး အခြားနည်းလမ်းများဖြင့် ဖြေရှင်းခြင်း မပြုနိုင်ခဲ့လျှင် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice) သို့ အငြင်းပွားမှုကို ဖြေရှင်းပေးရန်အတွက် တစ်ဖက်ဖက်က မေတ္တာရပ်ခံ တင်ပြရမည်။

**အပြီးသတ်ဆုံးဖြတ်ချက် (Final Act)**

အပြီးသတ်ဆုံးဖြတ်ချက်က ထောက်ခံအကြံပြုထားသည်မှာ de facto stateless များအား ဖြစ်နိုင်သမျှ de jure statelss အဖြစ် သဘော ထားပြီး ၎င်းတို့အား အမှန်တကယ် နိုင်ငံသားဖြစ်ရေးအတွက် ဆောင်ရွက် ပေးရန် ဖြစ်သည်။

❑

# အခန်း (၄)

## UNHCR ၏ အခန်းကဏ္ဍ

UNHCR သည် ၁၉၅၀ ခုနှစ် လုပ်ငန်းများ စတင်ဆောင်ရွက်သည့်အချိန်မှ စ၍ နိုင်ငံမဲ့ဖြစ်နေမှု ပြဿနာများနှင့် နိုင်ငံမဲ့ဖြစ်နေသူများကိစ္စတွင် ပါဝင်ပတ်သက် ဆောင်ရွက်လာရသည်။ ဤအဖွဲ့အစည်းသည် ဒုက္ခသည်များ အား အကာအကွယ် ပေးရန်၊ အကူအညီပေးရန်နှင့် ၎င်းတို့၏ဘေးဒုက္ခများကို ရှာဖွေဖြည့်ဆည်း ဖြေရှင်း ဆောင်ရွက်ရန် ကုလသမဂ္ဂက တာဝန်ပေးအပ်ထားသည်။ ဤအဖွဲ့အစည်းက နှစ်ပေါင်းများစွာ အကူအညီပေးခဲ့သည့် ဒုက္ခသည်များတွင် နိုင်ငံမဲ့ဖြစ်နေသူများ လည်း ပါဝင်သည်။ အမှန်ဆိုရသော် လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာအတွင်း နိုင်ငံသားအဖြစ် ဆုံးရှုံးမှုများ သို့မဟုတ် နိုင်ငံ၏ကာကွယ် စောင့်ရှောက်မှု ငြင်းပယ် ခံရမှုများနှင့် နိုင်ငံသားအဖြစ်ဆုံးရှုံးခြင်း သို့မဟုတ် ငြင်းပယ်ခံရခြင်းတို့အကြား ဆက်နွယ်မှုကို သေချာစွာ ဖြစ်ပေါ်စေခဲ့သည်။ ထိရောက်သောနိုင်ငံအဖြစ် ရရှိ ထားမှုနှင့် ပင်ကိုယ်ရှိရင်းစွဲဖြစ်သော နိုင်ငံသား ဖြစ်နိုင်ခွင့် အခွင့်အရေးများက သာလျှင် လူများအား မိမိသဘောအလျောက် နိုင်ငံသားဖြစ်လိုမှုမှ ငြင်းပယ်ခံရမှုနှင့် အတင်းအကြပ် ရွှေ့ပြောင်းခံရမှုမှ အကာအကွယ်ပေးနိုင်ကြောင်း ယခုအခါ ယေဘူယျအားဖြင့် နားလည်လာကြသည်။

## နိုင်ငံမဲ့ဖြစ်မှုပြဿနာနှင့် UNHCR မည်သို့ ပါဝင်ပတ်သက်လာရသနည်း

နှစ်ပေါင်းများစွာအတွင်း UNHCR ၏ အခန်းကဏ္ဍသည် နိုင်ငံမဲ့ဖြစ်ပေါ်မှုများ လျော့နည်းကျဆင်းလာရန် ကူညီဆောင်ရွက်ပေးခြင်းနှင့် အဖွဲ့အစည်း တစ်ရပ်အနေဖြင့် ကြီးထွားလာသည်နှင့်အမျှ နိုင်ငံမဲ့ဖြစ်နေသူများအား တိုးချဲ့ အကူအညီပေးနိုင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာစာချုပ်ဖြင့် သတ်မှတ်ပြဋ္ဌာန်းသည့်အတိုင်း နိုင်ငံမဲ့ဖြစ်မှုနယ်ပယ်တွင်လည်းကောင်း၊ ကုလသမဂ္ဂထွေထွေ ညီလာခံ၏ သတ်မှတ်ဆုံးဖြတ်ချက်များနှင့် ဤအဖွဲ့အစည်း၏ ကိုယ်ပိုင်အကြံပေးအဖွဲ့ဖြစ်သော မဟာမင်းကြီး၏ လုပ်ငန်းစီမံကိန်းဆိုင်ရာ အမှုဆောင်ကော်မတီ (Executive Committee of the High Commissioner's Programme ExCom)၏ ထောက်ခံအကြံပြုချက်များဖြင့်လည်းကောင်း၊ နိုင်ငံမဲ့ဖြစ်မှုအရေး သတ်မှတ်ဆောင်ရွက်ခဲ့သည်။

နိုင်ငံမဲ့ဖြစ်နေသူများ၏ အဆင့်အခြေအနေနှင့် စပ်လျဉ်းသည့် ၁၉၅၄ ခုနှစ်၊ ကွန်ဗင်းရှင်း၌ ယင်းပုဂ္ဂိုလ်များ၏ ကိစ္စဆောင်ရွက်ရာတွင် တိကျမှန်ကန်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားရှိရန် ပြဋ္ဌာန်းထားခြင်းမရှိပါ။ **မည်သို့ပင်ဆိုစေ ၁၉၆၁ခုနှစ် နိုင်ငံမဲ့ဖြစ်မှုလျော့ချရေး ဆိုင်ရာ ကွန်ဗင်းရှင်း** (Convention on the Reduction of Statelessness) **၏ အပိုဒ်(၁၁)**တွင် ကွန်ဗင်းရှင်း၏ အကျိုးခံစားခွင့်များတောင်းဆိုလာသည့် ပုဂ္ဂိုလ်များ၏ လျှောက်ထားလာမှုကို စစ်ဆေးရန်နှင့် သင့်တော်သည့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့သို့ တင်ပြ အကူအညီပေးရန် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းရန် လိုအပ်ကြောင်း ဖော်ပြထားသည်။ ၁၉၇၅ ခုနှစ်၊ ကွန်ဗင်းရှင်းစတင် အကျိုးသက်ရောက်သည့်အခါ ကုလသမဂ္ဂထွေထွေညီလာခံက UNHCR အား ၎င်း၏ အခန်းကဏ္ဍဆောင်ရွက်ရန် တာဝန်ပေးခဲ့သည်။ ဤအဖွဲ့အစည်း၏ တာဝန်ဝတ္တရားများကို နောက်ပိုင်း ဖြစ်ပေါ်လာသည့် ဆုံးဖြတ်ချက်များက တိုးမြှင့်တာဝန်ပေးခဲ့သည်။

၁၉၉၅ ခုနှစ်က မဟာမင်းကြီး၏ လုပ်ငန်းစီမံကိန်းဆိုင်ရာ အမှုဆောင်ကော်မတီသည် နိုင်ငံမဲ့ဖြစ်မှုပြဿနာနှင့် ပတ်သက်၍ ပြီးပြည့်စုံသော လမ်းညွှန်ချက်များကို နိုင်ငံမဲ့ဖြစ်မှု ကာကွယ်တားဆီးလျှော့ချရေးနှင့် နိုင်ငံမဲ့သူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆုံးဖြတ်ချက်အမှတ် ၇၈ (Conculsion on the Prevention and Reduction of Statelessness and the Protection of stateless Persons Conculsion No. 78) အရ ချမှတ်ပေးခဲ့သည်။ (၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့အထိ အမှုဆောင်ကော်မတီ (ExCom) တွင် ဒုက္ခသည် ပြဿနာများကို ဖြေရှင်းပေးရန်စိတ်ဝင်စားမှု ပြသသော အခြေခံဖြင့် စီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC) က ရွေးချယ်ပေးသည့် နိုင်ငံပေါင်း (၇၉) နိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်သည်) အမှုဆောင်ကော်မတီ၏ ၁၉၉၅ ခုနှစ်၊ နိုင်ငံမဲ့ဖြစ်မှုဆိုင်ရာ ကောက်နုတ်ချက်၌ UNHCR အား နိုင်ငံမဲ့ဖြစ်နေ သူများ ကိုယ်စား ၎င်း၏လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန် တွန်းအားပေးသည့်အပြင် ၁၉၅၄ ခုနှစ် နိုင်ငံမဲ့ ဖြစ်နေသူများ၏ အဆင့်အခြေအနေနှင့် စပ်လျဉ်းသည့် ကွန်ဗင်းရှင်းနှင့် ၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်မှုအား လျော့ချရေး ဆိုင်ရာ ကွန်ဗင်းရှင်း တို့ကို UNHCR မှ တက်ကြွစွာနှင့် တိုးမြှင့်ဆောင်ရွက်သွားရန် မေတ္တာရပ်ခံထားသည်။ အမှုဆောင်ကော်မတီ၏ သုံးသပ်ချက်တွင် UNHCR အား နိုင်ငံမဲ့ဖြစ်မှုကို ကာကွယ်ရန်နှင့် လျော့ချရန်အတွက် သတင်းအချက်အလက် များ ဖြန့်ဖြူးခြင်းဖြင့်လည်းကောင်း၊ ဝန်ထမ်းများနှင့် အစိုးရအရာရှိများအား သင်တန်းပို့ချခြင်းဖြင့်လည်းကောင်း တက်ကြွစွာ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် အခြားစိတ်ဝင်စားမှု ရှိသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်ကိုလည်း တောင်းဆိုထားသည်။

၁၉၉၆ ခုနှစ်က **ကုလသမဂ္ဂထွေထွေညီလာခံ**သည် ဆုံးဖြတ်ချက် (A/RES/50/152) ကို လက်ခံ အတည်ပြုပြီး ယင်းဆုံးဖြတ်ချက်က နိုင်ငံမဲ့ဖြစ်နေသူများကိုယ်စား လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် မဟာမင်းကြီး (High Commissioner) အား တိုက်တွန်းပြီး ၁၉၅၄ ခုနှစ်နှင့် ၁၉၆၁ ခုနှစ် ကွန်ဗင်းရှင်းများကို လက်ခံအတည်ပြုရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်အတွက် မဟာမင်းကြီး (High Commissioner) က လုပ်ငန်းမြှင့်တင်ဆောင်ရွက်ရန်လည်း တိုက်တွန်းသည်။

စိတ်ဝင်စားသည့် နိုင်ငံများ မိမိတို့၏နိုင်ငံသားဖြစ်ရေး ဥပဒေများ ပြဋ္ဌာန်းနိုင်ရန်အတွက် ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်သည့် ကိစ္စရပ်များတွင် UNHCR က စပ်ဆိုင်သည့် ပညာရပ်ဆိုင်ရာ အကြံဉာဏ်များ ပေးရန်ကိုလည်း ဤဆုံးဖြတ်ချက်က တိုက်တွန်းဆော်ဩထားသည်။

ဤအလားတူ ဆုံးဖြတ်ချက်ထဲမှာပင် အထွေထွေညီလာခံကြီးက နိုင်ငံများအား မိမိတို့၏ နိုင်ငံသား ဖြစ်မှုဥပဒေပြဋ္ဌာန်းကြရာတွင် နိုင်ငံမဲ့ဖြစ်မှုလျော့ချရေး၊

အပြည်ပြည်ဆိုင်ရာ အခြေခံမူများနှင့် ကိုက်ညီရေး၊ အထူးသဖြင့် အကြောင်းမဲ့ နိုင်ငံသားဖြစ်မှု ဆုံးရှုံးခြင်းမှ ကာကွယ်တားဆီးပေးရေးနှင့် အခြားနိုင်ငံတစ်ခုခု၏ နိုင်ငံသားဖြစ်မှု ကြိုတင်မရရှိဘဲ သို့မဟုတ် လက်ဝယ်ကိုင်ဆောင်ထားခြင်းမရှိဘဲ လက်ရှိနိုင်ငံ၏ နိုင်ငံသားဖြစ်မှု စွန့်လွှတ်ခြင်း၊ ခွင့်ပြုထားသည့်ပြဌာန်းချက်များ ပယ်ဖျက်ရေး ပြုလုပ်ကြရန် တိုက်တွန်းထားသည်။ တစ်ချိန်တည်းမှာပင် ဤ ဆုံးဖြတ်ချက်သည် နိုင်ငံများ၌ နိုင်ငံသားအဖြစ်ရယူခြင်း၊ စွန့်လွှတ်ခြင်း သို့မဟုတ် ဆုံးရှုံးခြင်း တို့နှင့်ပတ်သက်၍ ဥပဒေများ ပြဌာန်းပိုင်ခွင့်ရှိကြောင်းကိုလည်း အသိ အမှတ်ပြုသည်။

ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအစီအစဉ် (The Agenda for Protection) တွင် လူအများ နေရာရွှေ့ပြောင်းခြင်းနှင့် ဒုက္ခသည်များ စီးဆင်း ဝင်ရောက်လာခြင်းတို့ကြောင့် ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ နိုင်ငံမဲ့ဖြစ်မှုကြောင့် ဟု အသိအမှတ်ပြုထားသည်။ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစီအစဉ် (The Agenda for Protection) ကို UNHCR ၏ အမှုဆောင်ကော်မတီ (Executive Committee)က မှန်ကန်ကြောင်း ဆုံးဖြတ်ချက်အမှတ်(Conculsion No. 92 [L111] a) ဖြင့် အတည်ပြုထားပြီးသည်ကို ၂၀၀၂ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံ က ကြိုဆိုသည်။ အပြည်ပြည်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်းသော UNHCR ၏ ကမ္ဘာလုံးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုအရ ဖြစ်ထွန်းလာသော ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်တွင် ရည်မှန်းချက်ပန်းတိုင် ထုတ်ပြန်ချက်နှင့် ဒုက္ခသည်များအား အပြည်ပြည်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးကို ပြန်လည် အားဖြည့်ပေးရန် ဆောက်ရွက်ချက်များ ပါဝင်သည်။ အဆိုပါ အစီအစဉ်သည် နိုင်ငံများ၊ အစိုးရအချင်းချင်းဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒုက္ခသည်များ၏ ကျယ်ပြန့်သော ဘက်ပေါင်းစုံမှ စိုးရိမ်မကင်း ဖြစ်မှုများနှင့် တိုက်တွန်းချက်များကို ထင်ဟပ်စေသည့်အပြင် ခိုင်မာသော အရေးယူ ဆောင်ရွက်မှု ပြုရန်အတွက် လမ်းညွှန်မှုလည်း ဖြစ်ပါသည်။ အဓမ္မ ရွှေ့ပြောင်းခြင်းကို ရှောင်ရှားနိုင်ရန် အကူအညီပေးသည့် နည်းလမ်းဖြစ်စေပြီး နိုင်ငံသားဖြစ်မှု အခွင့်အရေး ရရှိစေရေးကိုလည်း သေချာမှုရှိစေသည်။

နိုင်ငံမဲ့ဖြစ်သူများ၏ အရေးအတွက် လက်မခံနိုင်လောက်အောင် မြင့်မားလာခြင်းနှင့် ၎င်းတို့၏အမှုများကို နှစ်ပေါင်းများစွာ ဖြေရှင်းမပေးဘဲပစ်ထားခဲ့ခြင်း တို့နှင့်ပတ်သက်ပြီး အမှုဆောင်ကော်မတီ (ExCom) က ၂၀၀၄ ခုနှစ်တွင် UNHCR အား ၎င်း၏ အခန်းကဏ္ဍကို ပိုမိုတက်ကြွစွာ ဆောင်ရွက်ရင်း သက်ဆိုင်ရာနိုင်ငံများနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ထိုအခြေအနေများကို ဖြေရှင်းရန် ပန်ကြားခဲ့သည်။ UNHCR က နိုင်ငံများအတွက် လိုအပ်သော နည်းပညာပိုင်း ဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုများ ဆက်လက်ပေးရန် လိုအပ် ကြောင်း အမှုဆောင်ကော်မတီက အတည်ပြုသည်။

မကြာသေးမီ ၂၀၀၅ ခုနှစ်က ချမှတ်ခဲ့သည့် လူ့အခွင့်အရေးနှင့် နိုင်ငံသားအဖြစ် ဆင်ခြင်မဲ့စွာ ဆုံးရှုံးစေခြင်း (Human Rights and Arbitrary Deprivation of Nationality) နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက် (E/CN.4/2005/ L.58) တွင် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကော်မရှင်(UN Commission on Human Rights) က UNHCR အား ဤပြဿနာနှင့် ပတ်သက်သည့် သတင်း အချက်အလက်များ ဆက်လက် စုစည်းနိုင်ရန်နှင့် နိုင်ငံသားဖြစ်မှုမှ ဟန့်တားသည့် ပြဿနာကို ယင်းတို့၏ အစီရင်ခံစာနှင့် လုပ်ငန်းဆောင်ရွက်မှု နယ်ပယ် နှစ်မျိုး စလုံးတွင် ထည့်သွင်းဖော်ပြရန် တွန်းအားပေးထားသည်။ ထို့အပြင် UNHCR ၏ ကွင်းဆင်းဆောင်ရွက်မှု အခြေအနေများကိုလည်း ဖော်ပြရန် ဆော်ဩသည်။

## နိုင်ငံမဲ့ဖြစ်မှုပြဿနာများ ဖြေရှင်းရန် UNHCR က မည်သည့်လုပ်ငန်းများ ဆောင်ရွက်သနည်း

UNHCR သည် နိုင်ငံအစိုးရများအား နိုင်ငံသားဖြစ်မှု ဥပဒေရေးဆွဲရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့တွင် အကူအညီပေးသည့်အပြင် အစိုးရ အရာရှိကြီးများအား သင်တန်းများ ပေးသည်။ ၂၀၀၃ ခုနှစ် နှင့် ၂၀၀၅ ခုနှစ်များ အကြား UNHCR သည် နိုင်ငံပေါင်း (၄၀) ကျော်နှင့်အတူ ပူးတွဲအလုပ်လုပ်ပြီး ၎င်းနိုင်ငံများ၏ နိုင်ငံသားပြုရေးဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းရာတွင် လည်း ကောင်း၊ ဥပဒေဟောင်းများ ပြင်ဆင်ရာတွင်လည်းကောင်း၊ အကူအညီပေး ခဲ့သည်။ UNHCR သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်ပါရှိသော နိုင်ငံသားပြုရေး ဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ် ဝေဖန်ဆန်းစစ်မှု ပြုလုပ်ပေးပြီး နိုင်ငံမဲ့ ဖြစ်နေ သူများ သို့မဟုတ် မည်သည့်နိုင်ငံသားဖြစ်သည် ဟုအဆုံးအဖြတ် မပြုနိုင်သော သူများရှိသည့် နိုင်ငံများကို အကူအညီပေးသည်။

UNHCR သည် နိုင်ငံသားဖြစ်မှု ဥပဒေပြဋ္ဌာန်းရာတွင် လူအများ ရွှေ့ပြောင်းမှု ဦးတည်စေရေးနှင့် နိုင်ငံမဲ့ဖြစ်စေမှုကို ဖန်တီးရာရောက်သည့်

ပြဋ္ဌာန်းချက်များ မပါဝင်စေရေးအတွက် ပြည်သူ့လွှတ်တော်နှင့် အတူ သေချာမှု ရှိစေရန် လုပ်ဆောင်သည်။ (ကမ္ဘာအရပ်ရပ်ရှိ UNHCR ၏ ရုံးများစာရင်းကို နောက်ဆက်တွဲ – ၄ တွင် ကြည့်ပါ။)

ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစီအစဉ် (Agenda for Protection) တွင် ချမှတ်ထားသည့် အစီအမံအတိုင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက နိုင်ငံမဲ့ဖြစ်မှုများကို လျော့ချရေးနှင့် နိုင်ငံမဲ့ဖြစ်နေသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် အကာအကွယ်ပေးရေးအတွက် လုပ်ကိုင်မှုကို UNHCR သည် ပထမဆုံးအကြိမ် ကမ္ဘာတစ်ဝှမ်း စစ်တမ်းကောက်ယူခြင်းကို စတင် ဆောင်ရွက်ခဲ့သည်။ စစ်တမ်းအရ တွေ့ရှိရသည်မှာ ကမ္ဘာ့မည်သည့်ဒေသ၌မဆို နိုင်ငံမဲ့ဖြစ်မှုနှင့် မကင်းဆိုသည့် အချက်ပင် ဖြစ်သည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာအဆင့်နှင့် အမျိုးသားအဆင့်တို့တွင် တရားဥပဒေပြဋ္ဌာန်းချက်များနှင့် နိုင်ငံပေါ်လစီများအကြား ကြီးမားသော ကွာဟချက်များ ရှိနေသည် ဆိုသည့်အချက်ကို တွေ့ရသည်။ နိုင်ငံပေါင်း (၇၄) နိုင်ငံက တုန့်ပြန်ဖြေကြားသည့်အချက်များကို ခွဲခြမ်းစိတ်ဖြာလျက် ပြည့်စုံသော ထောက်ခံအကြံပြုချက်တစ်ရပ်ကို UNHCR က ရေးဆွဲတင်ပြသည်။

မိမိနိုင်ငံ၌ ရှည်ကြာစွာ အစဉ်အလာအရ နေထိုင်လာခဲ့ကြသော နိုင်ငံမဲ့များအား နိုင်ငံသားအဖြစ် ရယူခွင့်ပြုသည့်လုပ်ငန်းများကို UNHCR သည် အားပေး ထောက်ခံမှုပြုသည်။

UNHCR သည် သက်ဆိုင်ရာနိုင်ငံများနှင့် တိုက်ရိုက်ဆွေးနွေးအကြံပြုခြင်းဖြင့် နိုင်ငံမဲ့ဖြစ်နေသူပုဂ္ဂိုလ်များ သို့မဟုတ် အစုအဖွဲ့များ နိုင်ငံသားဖြစ်ရေးအတွက် အကူအညီ ပေးသည်။ UNHCR သည် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ တရားဝင်အဆင့်အခြေအနေ (Legal Status)ကို ရှင်းလင်းဖော်ပြပေးရန် နိုင်ငံများအား အကြံပြုပြီး ဤသို့ မပြုလုပ်လျှင် သက်ဆိုင်ရာ ထိုသူများသည် နိုင်ငံမဲ့ ဖြစ်သွားနိုင်သည့် ပုဂ္ဂိုလ် တစ်ဦးချင်း သို့မဟုတ် အစုအဖွဲ့များနှင့် တရားဝင်ဆက်ဆံရေး တိုးမြှင့်ပေးရန် အကြံပြုသည်။

နိုင်ငံသားအဖြစ်ရရှိရန်အတွက် ဖြေရှင်းဆောင်ရွက်နေသည်ကို စောင့်စားနေစဉ်အတွင်း နိုင်ငံမဲ့များကို ၄င်းတို့နေထိုင်ရာ နိုင်ငံများ၌ အနည်းဆုံး၊ အနိမ့်ဆုံး



လူ့အခွင့်အရေးများ ခံစားပိုင်ခွင့် ရှိစေရမည် ဖြစ်သည်။ UNHCR က ၁၉၅၄ ခုနှစ်၊ နိုင်ငံမဲ့ဖြစ်နေသူများ၏ အဆင့်အခြေအနေ ဆိုင်ရာကွန်ဗင်းရှင်းကို အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းဆော်ဩထားသည်။ ယင်းကွန်ဗင်းရှင်းတွင် နိုင်ငံမဲ့များ၏ အနည်းဆုံးရပိုင်ခွင့်ရှိသည့် အခွင့်အရေးနှင့် ၄င်းတို့၏ ဝတ္တရားများကို ဖော်ပြထားသည်။ ယင်းစာချုပ်၌ပင် စာချုပ်အတိုင်း အကောင်အထည်ဖော်နေသည့် နိုင်ငံများအား လိုအပ်သည့်အကူအညီများ ပေးခြင်းနှင့် လိုအပ်သော အရင်းအမြစ် ခွင့်ပြုခြင်းတို့အပြင် နိုင်ငံမဲ့များအတွက် အကာအကွယ် ပေးခြင်း၊ အကူအညီပေးရေးအစီအစဉ်များ ချမှတ်ခြင်းတို့ ဆောင်ရွက်ပေးသည်။

## နိုင်ငံမဲ့ဖြစ်မှုနှင့် ဆက်နွယ်နေသည့် ပြဿနာများဖြေရှင်းရန် UNHCR နှင့်ယှဉ်၍ လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှာ အဘယ်နည်း

UNHCR နှင့် အဓိကပူးတွဲ၍ နိုင်ငံမဲ့ဖြစ်မှုဖြေရှင်းဆောင်ရွက်နေသည့် **ကုလသမဂ္ဂ အေဂျင်စီများ**မှာ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (Office of the Commissioner for Human Rights)၊ ကမ္ဘာ့ကုလသမဂ္ဂကလေးသူငယ်ရန်ပုံငွေအဖွဲ့ (the United Nations Chidlren's Fund UNICEF) နှင့် The United Nations Development Fund for Women (UNIFEM) တို့ ဖြစ်ကြသည်။ နိုင်ငံမဲ့ဖြစ်မှုအခြေအနေများကို ရေရှည်ဖြေရှင်း ဆောင်ရွက်ရသည့်အခါများ၌ ရံဖန်ရံခါ UNHCR သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (International Labour Organization ILO)၊ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Fund UNDP)နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (World Food Programme WFP) တို့နှင့် အတူ ပူးပေါင်းလျက် အိမ်ရာ၊ ပညာရေး သို့မဟုတ် ဝင်ငွေတိုးပွားရေးအစီအစဉ်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သည်။ ဤသို့ ဆောင်ရွက်ခြင်းသည် လူမှုအဖွဲ့အစည်းအတွင်းမှ ဖယ်ကျဉ်ထားသူများအား နိုင်ငံ၏ လူမှုအဖွဲ့အစည်းအတွင်း ပေါင်းစည်းသွားစေရန် သို့မဟုတ် ပြန်လည်ပေါင်းစည်းသွားစေရန်အတွက် ဖြစ်သည်။

အထက်ဖော်ပြခဲ့သည့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများအပြင် UNHCR သည် ကုလသမဂ္ဂစာချုပ်အရ ဖွဲ့စည်းထားသည့် သက်ဆိုင်ရာ ယန္တရား အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံသားဖြစ်မှု အခွင့်အရေး သေချာမှုရှိစေရေးအတွက် လုပ်ဆောင်သည်။ ဥပမာ ယင်းယန္တရားအဖွဲ့အစည်းများမှာ လူ့အခွင့်အရေးဆိုင်ရာကော်မတီ (Human Rights Committee)၊ ကလေး

သူငယ် အခွင့်အရေးဆိုင်ရာကော်မတီ (the Committee on the Rights of Child)၊ လူမျိုးခွဲခြားမှုပပျောက်ရေး ဆိုင်ရာကော်မတီ (Committee on the Elimination of Racial Discrimination) နှင့် အမျိုးသမီးများအား ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကော်မတီ (Committee on the Elimination of Discrimination Against Women) တို့ဖြစ်သည်။

UNHCR သည် **ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့်** ဥရောပကောင်စီ (Council of Europe)၊ ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Organization for Security and Cooperation in Europe)၊ အမေရိကန်နိုင်ငံများအဖွဲ့ (Organization of American States)၊ အာဖရိကသမဂ္ဂ (the African Union) အာရပ်နိုင်ငံများအဖွဲ့ (the League of Arab States) နှင့် အစ္စလမ်မစ်ညီလာခံအဖွဲ့ (the Organization of the Islamic Conference) တို့နှင့် ပူးပေါင်းဆောင်ရွက်သည်။ UNHCR သည် နိုင်ငံသားဖြစ်မှုဆိုင်ရာ ဥရောပကွန်ဗင်းရှင်း (the European Convention on Nationality) နှင့် နိုင်ငံဆက်ခံခြင်းနှင့် စပ်လျဉ်းသည့် နိုင်ငံမဲ့ဖြစ်ခြင်းကို ရှောင်ရှားခြင်းဆိုင်ရာစာချုပ်မူကြမ်း (the Convention on the avoidance of statelessness in relation to State succession) တို့ကို စံပြုသတ်မှတ်သည့် စာချုပ်စာတမ်းများအဖြစ် ပေါ်ထွန်းလာစေရေးအတွက် ဆောင်ရွက်နေသော ဥရောပကောင်စီ၏ နိုင်ငံသားဖြစ်မှုဆိုင်ရာကော်မတီ (Council of Europe's Committee on Nationality) တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

**အစိုးရမဟုတ်သော အဖွဲ့အစည်းများ**နှင့် လုပ်ငန်းနယ်ပယ်တွင် အနီးကပ် ဆောင်ရွက်လျက်ရှိကြသည်။ ၎င်းအဖွဲ့အစည်းများသည် UNHCR ၏ အစီအစဉ်များတွင် ဆော်ဩထားသည့် လုပ်ငန်းများဆောင်ရွက်သည့်အပြင် UNHCR ၏ လုပ်ငန်းစဉ်များတွင်လည်း အကူအညီပေးကြသည်။ ၂၀၀၇ ခုနှစ်က UNHCR သည် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သဘောတူညီချက် စာချုပ်ပေါင်း (၆၂၉) ခု ချုပ်ဆိုခဲ့ပြီး နိုင်ငံအဆင့်အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် သဘောတူညီချက်ပေါင်း (၄၆၇) ခု ချုပ်ဆိုသည်။

နိုင်ငံမဲ့ဖြစ်မှုနှင့်ဆက်နွယ်နေသည့် အပြည်ပြည်ဆိုင်ရာဥပဒေပြုရေး "စံ"များနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ သတိပြုမိလာစေရန် **နိုင်ငံအချင်းချင်းဆိုင်ရာလွှတ်တော်သမဂ္ဂ** (Inter-Parlimentary Union IPU) နှင့် UNHCR တို့ အနီးကပ် လုပ်ဆောင်နေကြသည့်အပြင် နိုင်ငံမဲ့ဖြစ်မှုတားဆီးနိုင်သည့် ထောက်ခံအကြံပြုချက်များနှင့် ကျင့်စဉ်ကောင်းများ သိရှိလာအောင် ဖြန့်ဖြူးပေးသည်။

ဤအဖွဲ့အစည်းသည် နိုင်ငံသားအဖြစ်ရရှိခြင်းကို ပိတ်ပင်ခြင်းခံရနိုင်သူများ၏ အခွင့်အရေးကို အာမခံလျက် နိုင်ငံမဲ့ဖြစ်မှု ပပျောက်ရေးကို အထောက်အကူဖြစ်စေမည့် နိုင်ငံသားဥပဒေ ပြဋ္ဌာန်းရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များကို အားပေးတိုက်တွန်းသည့်အပြင် နိုင်ငံနှစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူမှု သို့မဟုတ် တစ်နိုင်ငံထက်ပိုသော နိုင်ငံများ၏ နိုင်ငံသားအဖြစ်ခံယူမှုကို ကိုင်တွယ်ဖြေရှင်းပေးသည့် သဘောတူစာချုပ်များကြောင့် မရည်ရွယ်ဘဲ နိုင်ငံမဲ့ဖြစ်စေနိုင်မှု မပေါ်ပေါက်စေရေး၊ သေချာမှုရှိစေရေးအတွက် အကူအညီပေးသည်။

**ကောင်းသောကျင့်စဉ်များ – သီရိလင်္ကာနိုင်ငံ**

သီရိလင်္ကာနိုင်ငံ၏ ကမ္ဘာကျော် လက်ဖက်ခြောက် ထုတ်လုပ်မှုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ကြသည့် အလုပ်သမားအများစုမှာ အိန္ဒိယနိုင်ငံမှ ဆင်းသက်လာကြသူများ ဖြစ်သည်။ ၎င်းတို့ကို (လတ်တလော အိန္ဒိယနွယ်ဖွား တမီးလ်များ) ("Tamils of Recent Indian Origin") ဟုခေါ်ဆိုကြသည်။ သို့သော် လူအများက ၎င်းတို့ကို နိုင်ငံအထက်ပိုင်းမှ တမီလ်လူမျိုးများ ("Up-Country Tamils") ဟုခေါ်ကြသည်။ ဤအလုပ်သမားများသည် ၁၈၁၅ ခုနှစ် မှ ၁၉၄၈ ခုနှစ်အထိ ဗြိတိသျှ တို့ "သီဟိုဠ်" (Ceylon) ကို အုပ်ချုပ်စဉ်က အိန္ဒိယနိုင်ငံမှ ခေါ်ယူလာသည့် သူများမှ ဆင်းသက်လာကြသူများ ဖြစ်သည်။ သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် မှ ၁၉၈၄ ခုနှစ်အထိ အိန္ဒိယ–သီရိလင်္ကာ (Indo-Sri Lankan) စာချုပ်များ ချုပ်ဆိုကြပြီး ယင်းအလုပ်သမားများ၏ တရားဝင်အဆင့်ကို သတ်မှတ်ခဲ့ကြသည်။ နိုင်ငံအထက်ပိုင်းမှ တမီလ်လူမျိုးအချို့ကို ဥပဒေပြဋ္ဌာန်းခြင်းဖြင့် သို့မဟုတ် နှစ်နိုင်ငံ သဘောတူညီချက်ဖြင့် နိုင်ငံတစ်ခုခု၏ နိုင်ငံသားအဖြစ် ခွင့်ပြုပေးခဲ့သည် ။ သို့သော် အများအပြားမှာ နိုင်ငံသားဖြစ်မှု မရရှိကြပါ။ ထို့ကြောင့် အခြေခံ အခွင့်အရေးများ ဆုံးရှုံး

ကြရသည်။ အချို့သောသူများမှာ သီရိလင်္ကာနိုင်ငံသား သို့မဟုတ် အိန္ဒိယနိုင်ငံသားပြုခွင့်ကိုပင်လျှင် အခွင့်အရေး မရရှိကြပေ။

၁၉၈၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံအစိုးရက သီရိလင်္ကာနိုင်ငံအစိုးရအား နိုင်ငံအထက်ပိုင်းမှ တမီလ်များ (Up-Country Tamils) နှင့် ပတ်သက်၍ ယခင်က ချုပ်ဆိုခဲ့သော သဘောတူညီချက်များသည် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အချိန်ကာလ ကုန်ဆုံးသွားသောကြောင့် တာရှည်စည်းနှောင်အား မရှိတော့သည်ကို ထည့်သွင်း စဉ်းစားရန် အကြောင်းကြားခဲ့သည်။ အမှန်ဆိုရသော် ထိုနေ့မှစ၍ နိုင်ငံမဲ့ဖြစ်နေသော မည်သည့် နိုင်ငံအထက်ပိုင်းမှ တမီလ်မှ နိုင်ငံသားအဖြစ် ခံယူခွင့်မရှိတော့ပေ။

အလုပ်သမားသမဂ္ဂလည်းဖြစ်၊ နိုင်ငံရေးပါတီလည်းဖြစ်သော သီဟိုဠ်အလုပ်သမားများ ကွန်ဂရက် ("Ceylon Workers Congress") သည် နိုင်ငံအထက်ပိုင်းမှ တမီလ်လူမျိုးများ ("Up Country Tamils") များ၏ အခွင့်အရေးအတွက် နှစ်ပေါင်းများစွာ တိုက်ပွဲဝင်ခဲ့သည်။ တုန့်ပြန်သည့် အနေဖြင့် သီရိလင်္ကာ ပါလီမန်သည် ဥပဒေမူကြမ်းတစ်ရပ် ရေးဆွဲပြီး ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလက အိန္ဒိယနွယ်ဖွား ပုဂ္ဂိုလ်များအား နိုင်ငံသားဖြစ်မှု အပ်နှင်းရေးအက်ဥပဒေ ("Grant of Citizenship to Persons of Indian Origin Act") ကို တစ်ညီတစ်ညွတ်တည်း ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေအရ –

- ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့မှ အစပြု၍ သီရိလင်္ကာတွင် အမြဲတမ်း နေထိုင်သူ သို့မဟုတ်
- ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့မှ အစပြု၍ သီရိလင်္ကာတွင် အမြဲတမ်း နေထိုင်သူများမှ ဆင်းသက်လာပြီး သီရိလင်္ကာတွင် နေထိုင်လျက်ရှိသူများသည် အလိုအလျောက် သီရိလင်္ကာ နိုင်ငံသားအဖြစ် ပေးအပ်သည်။

ဤအက်ဥပဒေပြဋ္ဌာန်းပြီး နောက်ပိုင်း အထွေထွေမဟာမင်းကြီးရုံး(Office of the Commissioner General)၊ UNHCR နှင့် သီဟိုဠ်အလုပ်သမားများ ကွန်ဂရက် (Ceylon Workers Congress) တို့သည် ဥပဒေအသစ်ပါ သတင်းအချက် အလက်များကို အများသိရှိအောင် စတင် ဖြန့်ဖြူးပေးသည်။



အင်္ဂလိပ်နှင့် ဆင်ဟာလီ ဘာသာဖြင့် ထုတ်ဝေသော "The Tamils" သတင်းစာများက ဆောင်းပါးများရေးခြင်း၊ ရေဒီယိုမှထုတ်လွှင့်ခြင်း၊ ရုပ်မြင်သံကြား အစီအစဉ်များမှ ဥပဒေပါ သတင်းအချက်အလက်များ ကောက်နှုတ်တင်ပြခြင်းနှင့် နိုင်ငံသားဖြစ်မှုကို မည်သို့မည်ပုံ၊ မည်သည့်နေရာတွင် လျှောက်ထားရမည်ဆိုသည့် အချက်များကို အများသိအောင် ဆောင်ရွက်ပေးသည်။

ပြည်ထဲရေးဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးတို့ ရေးဆွဲသော အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများသည် လွယ်ကူရှင်းလင်းပြီး လိုရာရောက်သည့်အပြင် မျှတသည် ဟုဆိုရမည်။ နိုင်ငံမဲ့ဖြစ်နေသူများအတွက် လုပ်ထုံးလုပ်နည်း နှစ်မျိုး သတ်မှတ်ပေးထားသည်။

- အမှန်တကယ် နိုင်ငံမဲ့ဖြစ်နေသူများ (De Facto Stateless Persons) သည် အများအားဖြင့် အိန္ဒိယနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားကြသူများဖြစ်ပြီး ၁၉၈၂ ခုနှစ်က အိန္ဒိယနိုင်ငံ၏ ကြေညာချက် ထွက်ရှိပြီးနောက် ၎င်းနိုင်ငံကူး လက်မှတ်များသည် ပျက်ပြယ် ကုန်ဆုံးသွားသည်။ ၎င်းတို့သည် မိမိတို့သဘောအလျောက် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံသားဖြစ်လိုကြောင်း ဖော်ပြကြရန် လိုအပ်သည်။ ယေဘူယျအားဖြင့် ဤသို့ ဖော်ပြခြင်းကို အိမ်ထောင်စု၏အကြီးအကဲက လုပ်ဆောင်ရသည်။ ယင်းသို့ နိုင်ငံသားဖြစ်လိုကြောင်း ဖော်ပြသည့် အထောက်အထား စာရွက်စာတမ်းကို လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များက ထပ်ဆင့်လက်မှတ်ရေးထိုးကြရသည်။ ၎င်းကို လက်ခံ အတည်ပြုလိုက်ပါက အိမ်ထောင်စုရှိ မိသားစုဝင် အားလုံးသည် နိုင်ငံသားအဖြစ် အပ်နှင်းခံကြရသည်။
- တရားဝင်နိုင်ငံမဲ့ဖြစ်နေသူများ (De Jure Stateless Persons) သည် စာရေးသား ကြေညာချက်တင်ပြရန် မလိုပါ။ သို့သော် ၎င်းတို့သည် အထူးကြေညာချက်တစ်ရပ် လက်မှတ်ရေးထိုးရန် လိုသည်။ ယင်း အထူးကြေညာချက်ကို အစိုးရအရာရှိများက ထည့်သွင်းလက်မှတ်ရေးထိုးလျှင် ၎င်းတို့ မည်သူမည်ဝါ ဖြစ်ကြောင်း ဖော်ပြသည့် အထောက်အထား စာရွက်စာတမ်း ရရှိရန် လွယ်ကူသွားသည်။

ယင်းလုပ်ထုံးလုပ်နည်း နှစ်ရပ်စလုံးကို အခကြေးငွေမယူဘဲ ဆောင်ရွက်ပေးသည့်အပြင် ရက်အကန့်အသတ် သတ်မှတ်ထားခြင်း မရှိပါ။

၂၀၀၃ ခုနှစ် ဒီဇင်ဘာတွင် UNHCR နှင့် သီဟိုဠ်အလုပ်သမားများ ကွန်ဂရက် လက်ဖက်ခြံ ဒေသများအတွင်းရှိ နယ်လှည့်ဌာန (mobile center) ၅၀ တွင် အလုပ်လုပ်နေသည့် လုပ်အားပေး (၅၀၀)ကျော်တို့နှင့် တစ်ရက်တာ အလုပ်ရုံ ဆွေးနွေးပွဲကျင်းပပြီး နိုင်ငံမဲ့ဖြစ်နေသူများအား နိုင်ငံသားအဖြစ် လျှောက်ထားရန် စည်းရုံးခဲ့သည်။ လုပ်အားပေး (၅၀၀) သည် နိုင်ငံမဲ့ဖြစ်ရခြင်းနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များ ပို့ချပေးသည့် သင်တန်းတက်ရသည်။ ၁၉၄၈ ခုနှစ်မှ စတင်၍ ပြဋ္ဌာန်းခဲ့သည့် သက်ဆိုင်ရာဥပဒေများနှင့် အရေးကြီးသော ဥပဒေအချက်အလက်များ ပါဝင်သည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်း ရက်ပေါင်း (၁၀) ရက်တိတိ သတ်မှတ်ပြီး နယ်လှည့်ဌာန (mobile center) ရှိ ဝန်ထမ်းများက နိုင်ငံသားဖြစ်မှု လျှောက်လွှာများကို လက်ခံခဲ့သည်။ UNHCR သည် ဤလုပ်ငန်းအတွက် ငွေကြေးကျခံခဲ့ပြီး၊ လုပ်ငန်းစဉ်တစ်ရပ်လုံးကို ကြီးကြပ်သည်။ လျှောက်ထားသူများအား အကြောင်းကြားခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့နှင့် ပတ်သက်၍ အသိပေးမှုရှိမရှိ သေချာမှုရှိစေရန်အတွက် ကြီးကြပ်သည်။ ထိုလ ကုန်ဆုံးချိန်၌ အိမ်ထောင်စုအကြီးအကဲ ၁၉၀,၀၀၀ သည် သီရိလင်္ကာ နိုင်ငံသားအဖြစ် ရရှိလာကြသည်။ ၄င်းတို့အနက်မှ ၈၀၀၀၀ သည် အိန္ဒိယ နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများ ဖြစ်ကြသည်။ ကျန်သူများမှ တရားဝင်နိုင်ငံမဲ့များ (de jure stateless persons) ဖြစ်လာကြသည်။

၂၀၀၄ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လများတွင် အသေးစားလှုပ်ရှားမှုကို ဒုတိယအကြိမ်အဖြစ် နိုင်ငံ၏ အရှေ့မြောက်ပိုင်းတွင် စည်းရုံးဆောင်ရွက်ခဲ့သည်။ နိုင်ငံမဲ့ဖြစ်နေသူ ၂၀၀၀ ကျော်မှ လျှောက်ထားလာခဲ့ရာ နိုင်ငံသားအဖြစ် အပ်နှင်းခြင်း ခံရသည်။ ထိုအချိန်မှစ၍ နိုင်ငံအထက်ပိုင်းရှိ တမီလ်လူမျိုးအနည်းငယ်က ဒေသခံခရိုင်အစိုးရ၏ ကိုယ်စားလှယ်များမှတစ်ဆင့် ဖြစ်စေ၊ မြို့တော် ကိုလံဘိုရှိ အများပြည်သူလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဝန်ကြီးဌာနမှတစ်ဆင့်ဖြစ်စေ၊ နိုင်ငံသားဖြစ်မှုကို အောင်မြင်စွာ လျှောက်ထားနိုင်ခဲ့သည်။



## UNHCR ၏ လုပ်ငန်းများအတွက် မည်သူက ငွေကြေးထောက်ပံ့သနည်း

UNHCR သည် ကုလသမဂ္ဂ၏အေဂျင်စီများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ၄င်း၏လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာအလျှောက် ထည့်ဝင်ငွေများအပေါ် မှီခိုနေရသည်။ UNHCR ၏ နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်း၏ ၂% မျှလောက်ကိုသာ ကုလသမဂ္ဂ၏ပုံမှန် ရသုံးမှန်းခြေငွေစာရင်းမှ လက်ခံရရှိသည်။ ကျန်လိုအပ်ငွေများကို အစိုးရများ၊ လူပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကကဏ္ဍများပိုင်းမှ စေတနာအလျှောက် ထည့်ဝင်ကြသည်။

၂၀၀၉ ခုနှစ် နှစ်ကုန်ပိုင်း၌ UNHCR နှင့် သက်ဆိုင်သူများ (persons of concern) ၃၆ သန်းကျော် ရှိခဲ့သည်။ ၂၀၁၀ ခုနှစ်အတွက် UNHCR ၏ အဆိုပြုထားသော ရသုံးမှန်းခြေငွေစာရင်းမှာ အမေရိကန်ဒေါ်လာ ၃၁ ကုဋေ ဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် UNHCR သည် ယင်း၏ရန်ပုံငွေ ၇၇%ကို အလှူရှင်အစိုးရ ၁၀ နိုင်ငံမှ ရရှိခဲ့သည်။ တစ်ချိန်တည်းမှာပင် UNHCR သည် အဓိကအားဖြင့် စပိန်၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စု အစရှိသည်တို့၏ ပုဂ္ဂလိက အခန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၇ သန်း ရရှိခဲ့သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် UNHCR ၏အချို့လုပ်ငန်းများအတွက် UNHCR ကိုယ်စား အများပြည်သူထံမှ မေတ္တာရပ်ခံ စည်းရုံးကောက်ခံပေးသည်။ မကြာသေးမီ နှစ်များအတွင်းက ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာနှင့် အခြားမီဒီယာများမှတစ်ဆင့် အများပြည်သူ သတိပြုမိလာစေရန် ညီညာဖြိုးပမ်းအားထုတ်မှုကြောင့် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ ထည့်ဝင်ငွေသည် တိုးတက်လာသည်။

❑

# အခန်း (၅)

## လွှတ်တော်ကိုယ်စားလှယ်များ မည်သို့ကူညီပံ့ပိုးနိုင်ပါသလဲ

နိုင်ငံမဲ့ဖြစ်မှုပေါ် ပေါက်လာစေနိုင်သည့် ဖြစ်ရပ်များလျော့ချရေး၊ နိုင်ငံမဲ့ဖြစ်နေသူများအား ၎င်းတို့ ရထိုက်သည့်အခွင့်အရေးများ ရရှိရေးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် တာဝန်ဝတ္တရားများ ဖြည့်ဆည်းဆောင်ရွက်ရေး စသည်တို့ ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ထူးခြားသည့် အနေအထားတွင် ရှိကြသည်။ ၎င်းတို့သည် ဤလုပ်ငန်းများကို နည်းလမ်းပေါင်းများစွာဖြင့် ဆောင်ရွက်နိုင်ကြသည်။ နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်းသည့် ဥပဒေပြုရေးကို ပြန်လည်သုံးသပ်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာစံများနှင့် ညီညွတ်မှုရှိ မရှိစစ်ခြင်း၊ နိုင်ငံမဲ့ဖြစ်မှုနှင့် ပတ်သက် ပြဋ္ဌာန်းထားသည့် ၁၉၅၄ ခုနှစ်နှင့် ၁၉၆၁ ခုနှစ် ကွန်ဗင်းရှင်းများ လက်ခံရေးအတွက် ထောက်ခံခြင်း၊ နိုင်ငံမဲ့ဖြစ်မှုလျော့ချရေးနှင့် ပပျောက်ရေးတို့အတွက် ဆော်ဩခြင်းနှင့် နိုင်ငံမဲ့ဖြစ်နေသူများပါဝင်ပတ်သက်နေသည့် အမှုများဖြေရှင်းရေးအတွက် တိုက်တွန်းခြင်း စသည်တို့ ဆောင်ရွက်နိုင်ကြသည်။

### နိုင်ငံမဲ့ဖြစ်မှုနှင့် ဆက်စပ်နေသည့် ပြည်တွင်းဥပဒေများကို ပြန်လည်သုံးသပ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် မည်သည့်အချက်များကို ရှာဖွေ စီစစ်သင့်သနည်း

– အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးထားသော ဆက်စပ်သည့် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ စာချုပ်များကို ပြန်လည်

သုံးသပ်သည်။ မိမိနိုင်ငံ၏ ဥပဒေရေးရာဘောင်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အထောက်အကူဖြစ်စေသော ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်များတွင် ရည်ညွှန်းပြုထားသည့် စာချုပ်များ၊ ကွန်ဗင်းရှင်းများနှင့် ကြေညာချက်များကို သုံးသပ်သည်။

- နိုင်ငံအများအပြားသည် မိမိတို့နိုင်ငံ၏ နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များကို ဥပဒေအမျိုးမျိုးတွင် ထည့်သွင်းဖော်ပြထားသည်ဖြစ်ရာ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ နိုင်ငံသားဖြစ်မှုအက်ဥပဒေ၊ ဒီဂရီအမိန့်များနှင့် နိုင်ငံ၏ဥပဒေအပေါ် သက်ရောက်သော အခြားဥပဒေအရင်းအမြစ်များနှင့် ယင်းအရင်းအမြစ်များကဖွင့်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုလည်း လေ့လာဆန်းစစ်သည်။
- နိုင်ငံဆက်ခံခြင်း ကိစ္စရပ်များတွင် အတည်ပြုလက်ခံထားသော နှစ်နိုင်ငံ သဘောတူညီချက်များနှင့် နိုင်ငံအများအပြားပါဝင်သော သဘောတူညီချက်များကို သုံးသပ်သည်။
- ပြည်တွင်းဥပဒေဘောင် (Domestic Legal Framework) ကို သုံးသပ်သည့်အခါ နိုင်ငံသားဖြစ်မှုပိတ်ပင်ခံရခြင်း၊ နိုင်ငံသားဖြစ်မှုစွန့်လွှတ်ခြင်းနှင့် ဆုံးရှုံးခြင်းတို့ကြောင့် ပေါ်ပေါက်လာရသည့် နိုင်ငံမဲ့ဖြစ်မှု ကာကွယ်တားဆီးရန် နိုင်ငံတော်က စနစ်တကျလက်ခံကျင့်သုံးမှု ရှိ/ မရှိ စီစစ်သည်။

ပြည်တွင်းဥပဒေရေးရာဘောင်ကို ပြန်လည် သုံးသပ်သည့်အခါတွင် အောက်ပါမေးခွန်းပြဿနာများကို ကြိုးစား၍ ဖြေရှင်းရမည် ဖြစ်သည်။

### နိုင်ငံသားအဖြစ်ရယူခြင်း

- ဖခင်ဖြစ်သူသည် နိုင်ငံသားလက်မှတ်မရှိလျှင် သို့မဟုတ် ဖခင်မရှိတော့လျှင် သားသမီးများသည် မိခင်၏နိုင်ငံသားအဖြစ် ရယူနိုင်သလား။
- မွေးစာရင်းမှတ်ပုံတင်ရာတွင် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာ အဘယ်နည်း။ လက်တွေ့တွင် အသုံးပြုနေသလား။ နိုင်ငံ၏နယ်နိမိတ်အတွင်း မွေးဖွားပြီး အခြားနည်းအားဖြင့် နိုင်ငံမဲ့ဖြစ်လာနိုင်သူများအား နိုင်ငံ၏ဥပဒေက နိုင်ငံသားအဖြစ် လက်ခံရန် ပြဋ္ဌာန်းထားသလား။
- ခွဲခြားဆက်ဆံခြင်းမပြုရေး အခြေခံမူကို နိုင်ငံသားဖြစ်မှုဆိုင်ရာ စည်းကမ်းများတွင် ကျင့်သုံးမှု ရှိပါသလား။
- နိုင်ငံဆက်ခံခြင်းကြောင့် နိုင်ငံသစ်တစ်နိုင်ငံ ပေါ်ပေါက်ခြင်းဖြစ်လျှင် ယခင် တည်ရှိခဲ့သည့်နိုင်ငံဟောင်း၏ နိုင်ငံသားအား လက်ရှိနိုင်ငံ၏ နိုင်ငံသားအဖြစ်ပေးသင့် / မပေးသင့် အဆုံးအဖြတ်ပြုရာ၌ သက်ဆိုင်ရာ ပုဂ္ဂိုလ်နှင့် နိုင်ငံတော်အကြား စစ်မှန် ထိရောက်သော ဆက်ဆံမှုရှိ မရှိ၊ နိုင်ငံ ဆက်ခံချိန်၌ သက်ဆိုင်ရာပုဂ္ဂိုလ်၏ အစဉ်အလာအရနေထိုင်သည့်ဒေသ၊ သက်ဆိုင်ရာပုဂ္ဂိုလ်၏ သဘောဆန္ဒနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်၏ မူလဇာတိနယ်မြေတို့ကို ထည့်သွင်း စဉ်းစားပါသလား။

### နိုင်ငံသားအဖြစ်ဆုံးရှုံးခြင်း

- အိမ်ထောင်ရေးအခြေအနေပြောင်းလဲမှု သို့မဟုတ် အခြားလူမှုရေးအခြေအနေ ပြောင်းလဲမှုနှင့် ပတ်သက်၍ ပြဋ္ဌာန်းချက်များက နိုင်ငံမဲ့ ဖြစ်ပေါ်မှုကို သေချာစွာ ရှောင်ရှားစေနိုင်ပါသလား။
- နိုင်ငံသားဖြစ်မှု မည်သို့ဆုံးရှုံးသနည်း။ နိုင်ငံမဲ့ဖြစ်မှုဟန့်တားရေးကို ကြိုတင် သိမြင်နိုင်ပါသလား။
- နိုင်ငံသားအဖြစ်ဆုံးရှုံးခြင်းသည် အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ရယူထားခြင်း၊ သို့မဟုတ် အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ရရန် အာမခံချက် ရရှိခြင်း ဟူသောအခြေအနေပေါ် မူတည်ပါသလား။
- သက်ဆိုင်ရာပုဂ္ဂိုလ်သည် အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ရယူရန် မည်သည့် အာမခံချက်ကိုမျှ မရရှိပါက နိုင်ငံခြားတိုင်းပြည်တွင် ၄င်း၏ နိုင်ငံသားအဖြစ်ရယူရန် လျှောက်ထားခြင်းသည် ၄င်း၏ နိုင်ငံသား အဆင့်အတန်းကို ပြောင်းလဲစေပါသလား။
- နိုင်ငံသားဖြစ်မှုဆုံးရှုံးစေသည့် အချက်အလက်များ ကြိုတင်သိမြင်ရလျှင်၊ ဆုံးရှုံးရခြင်း၏ အကြောင်းပြချက်များကို ရှင်းလင်းစွာ ဖော်ပြထားသလား။ လုပ်ထုံးလုပ်နည်းအရ အာမခံချက်များပေးထားသည့် အချက်များပါရှိသလား။

## နိုင်ငံသားအဖြစ်ပြန်လည်ရယူခြင်း

- နိုင်ငံ၏ပိုင်နက်နယ်မြေအတွင်း၌ ဥပဒေနှင့်အညီ အစဉ်အလာအရ နေထိုင်သူ၊ ယခင်က နိုင်ငံသားဖြစ်ခဲ့သူများအား နိုင်ငံသားအဖြစ် ပြန်လည်ရယူရာတွင် လွယ်ကူစေရန် စီစဉ်ထားပါသလား။
- အိမ်ထောင်ရေးအဆင့်အတန်း သို့မဟုတ် အခြားအဆင့်အတန်း ပြောင်းလဲမှုကြောင့် ရယူထားသည့် နိုင်ငံသားဖြစ်မှု ဆုံးရှုံးသွားသူ တစ်ဦးတစ်ယောက်အတွက် ယခင် ၎င်းကိုင်ဆောင်ထားသည့် နိုင်ငံသားဖြစ်မှု ပြန်လည်ရယူနိုင်သလား။ ရယူနိုင်သည် ဆိုပါက ယင်းသို့ ပြန်လည် ရယူခြင်းသည် အလိုအလျောက် ရရှိခြင်းလား သို့မဟုတ် သူ / သူမ နိုင်ငံမဲ့ဖြစ်နေစဉ်အတွင်း ပြန်လည်လျှောက်ထားရခြင်းလား၊ အာမခံချက်ပေးထားသည့် လုပ်ထုံးလုပ်နည်းများ ရှိပါသလား။

## နိုင်ငံသားအဖြစ်ခံယူခြင်း (NATURALIZATION)

- အကယ်၍ နိုင်ငံခြားသားတစ်ဦး နိုင်ငံသားအဖြစ်ခံယူရန် လျှောက်ထားလာခဲ့လျှင် ၎င်းအား ယခင် ကိုင်ဆောင်ထားသည့် နိုင်ငံသားအဖြစ်မှ စွန့်လွှတ်ပြီးကြောင်း အထောက်အထားတင်ပြရန် သူ/သူမ အား မေတ္တာရပ်ခံထားပါသလား။ သို့မဟုတ် နိုင်ငံသား အသစ်အဖြစ် ရရှိပြီးလျှင် ယခင် ၎င်းကိုင်ဆောင်ထားသည့် နိုင်ငံသားဖြစ်မှုမှ စွန့်လွှတ်ပေးမည် ဟူသော အာမခံကတိသည် လုံလောက်မှုရှိပါသလား။
- နိုင်ငံသားအဖြစ် ခံယူခြင်းအတွက် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်နှင့် နိုင်ငံသားအဖြစ် ခံယူခြင်းအတွက် လိုအပ်ချက်များကို ရှင်းလင်းတိကျစွာ အဓိပ္ပာယ် ဖွင့်ဆိုထားပါသလား။
- နိုင်ငံမဲ့မှုဖြစ်ပေါ်စေနိုင်သော ရှည်လျားထွေပြားစွာ လိုက်နာရသည့် လုပ်ထုံးလုပ်နည်းများ၊ လွန်ကဲစွာကောက်ခံသည့် အခကြေးငွေများ၊ လျှောက်ထားသူက တင်ပြခြင်းမပြုနိုင်သော စာရွက်စာတမ်းများကို တောင်းဆိုမှုများနှင့်/ သို့မဟုတ် လျှောက်ထားသူလိုက်နာဆောင်ရွက်ခြင်း မပြုနိုင်သော တိုတောင်းသည့် ရက်သတ်မှတ်ချက်များ၊ အစရှိသည့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှိပါသလား။



## ၁၉၅၄ ခုနှစ်၊ နိုင်ငံမဲ့ဖြစ်နေသူများ၏ အဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်မှု လျော့ချရေးဆိုင်ရာ ကွန်ဗင်းရှင်းကို နိုင်ငံများက အဘယ်ကြောင့် လက်ခံသင့်သနည်း

နိုင်ငံတော်အဆင့်၌ ၁၉၅၄ ခုနှစ် နှင့် ၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်မှုဆိုင်ရာ ကွန်ဗင်းရှင်းများကို လက်ခံခြင်းဖြင့်–

- လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုနှင့် လူသားတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို ပိုမိုမြှင့်တင်ပေးသည်။
- လူတစ်ဦးချင်းစီနှင့် နိုင်ငံတော်အကြား စစ်မှန်ထိရောက်သော ဆက်ဆံမှုရှိကြောင်း ဖော်ပြနိုင်သည်။
- နိုင်ငံမဲ့ဖြစ်မှု အခြေအနေများအတွင်းရှိ လူပုဂ္ဂိုလ်များအား တည်ငြိမ်လုံခြုံမှုရှိသည်ဆိုသောအသိနှင့် ဥပဒေအရ မည်သူမည်ဝါဖြစ်သည်ဆိုသည့်အချက်ကို တိုးတက်အောင် ဆောင်ရွက်ပေးသည်။
- လူတစ်ဦးချင်းစီအနေဖြင့် တာဝန်နှင့် အခွင့်အရေးများအပါအဝင် နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို ရရှိသည်။
- အမျိုးသားစည်းလုံးရေးနှင့် တည်တံ့ခိုင်မြဲရေး အထောက်အကူပေးသည်။

အပြည်ပြည်ဆိုင်ရာအဆင့်၌ ၁၉၅၄ ခုနှစ် နှင့် ၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်မှုဆိုင်ရာ ကွန်ဗင်းရှင်းများကို လက်ခံခြင်းဖြင့် –

- အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်းနှင့် ပူးပေါင်းဆောင်ရွက်၍ နိုင်ငံမဲ့ဖြစ်မှု လျော့ချရေးနှင့် ပပျောက်ရေးဆောင်ရွက်ရန် သန္နိဋ္ဌာန်ချကြောင်း ဖော်ပြသည်။
- တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် အစုလိုက် အပြုံလိုက်နိုင်ငံမှ နှင်ထုတ်မှုများကို အပြည်ပြည်ဆိုင်ရာမှ တားမြစ်မှု ပိုမိုခိုင်မာစေသည်။
- အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် တည်ငြိမ်မှုကို ဖြစ်ထွန်းတိုးတက်စေသည်။
- လူ့အခွင့်အရေးများနှင့် လူသားအချင်းချင်း စာနာထောက်ထားမှုဆိုင်ရာ စံနှုန်းများအပေါ် ကတိကဝတ်ပြု ဖော်ထုတ်ပြသသည်။
- နေရာပြောင်းရွှေ့မှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများကို ကိုင်တွယ်

ဖြေရှင်းခြင်းဖြင့် နေရာပြောင်းရွှေ့မှုများကို ဟန့်တားရာတွင် အထောက်အကူပြုသည်။

- နိုင်ငံသားအဖြစ်ရယူခြင်းနှင့် ထိရောက်သော နိုင်ငံသားဖြစ်မှုကို တည်မြဲအောင် ထိန်းသိမ်းထားနိုင်စေခြင်းနှင့် စပ်လျဉ်းသော အပြည်ပြည်ဆိုင်ရာ ဥပဒေဖြစ်ထွန်းလာစေရန် အထောက်အကူပြုသည်။
- ကွန်ဗင်းရှင်းများတွင်ပါရှိသော အခြေခံမှုများကို လိုက်နာလာစေရန် အတွက် အပြည်ပြည်ဆိုင်ရာ ပံ့ပိုးမှုကို ဆော်သြလှုံ့ဆော်ပေးရာ၌ UNHCR အား အထောက်အကူဖြစ်စေသည်။
- နိုင်ငံသားဖြစ်မှုနှင့် ဆက်နွယ်သော အငြင်းပွားမှုများကို ဖြေရှင်းရာတွင် အထောက်အကူပြုသည်။

## နိုင်ငံတစ်နိုင်ငံသည် ကွန်ဗင်းရှင်းများကို မည်ကဲ့သို့ နောက်မှ ပါဝင်လက်မှတ်ရေးထိုး နိုင်ပါသနည်း။

နိုင်ငံများသည် ၁၉၅၄ ခုနှစ်နှင့် သို့မဟုတ် ၁၉၆၁ ခုနှစ် ကွန်ဗင်းရှင်းများကို လက်ခံရာတွင် မည်သည့်အချိန်၌မဆို နောက်မှပါဝင်ချုပ်ဆိုမှုစာတမ်း (Instrument of Accession) ကို ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ထံ တင်ပြနိုင်သည်။ နောက်မှပါဝင်ချုပ်ဆိုမှုစာတမ်းကို နိုင်ငံအကြီးအကဲ သို့မဟုတ် အစိုးရအကြီးအကဲ သို့မဟုတ် နိုင်ငံခြားရေးဝန်ကြီးက လက်မှတ်ရေးထိုး တင်သွင်းနိုင်သည်။ ဤသို့ တင်သွင်းရာတွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်သို့ စေလွှတ်ထားသည့် မိမိနိုင်ငံ၏ ကိုယ်စားလှယ်မှတဆင့် တင်သွင်းရသည်။ (နောက်မှပါဝင်ချုပ်ဆိုမှု စာတမ်း နမူနာပုံစံများကို နောက်ဆက်တွဲ–၃ တွင် ပူးတွဲဖေါ်ပြထားသည်။)

## နိုင်ငံတစ်နိုင်ငံသည် ကွန်ဗင်းရှင်းများကို ချွင်းချန်ထားချက်များ ပြုလုပ်နိုင်ပါသလား

အတည်ပြုလက်မှတ်ရေးထိုးခြင်း သို့မဟုတ် နောက်မှ ပါဝင်လက်မှတ်ရေးထိုးခြင်း ပြုချိန်၌ နိုင်ငံတစ်နိုင်ငံချင်းစီနှင့် စပ်လျဉ်းသောလိုက်နာကျင့်သုံးနိုင်သည့် သီးခြားအခြေအနေအရပ်ရပ်ကို အသိအမှတ်ပြုသည့်အနေဖြင့် ကွန်ဗင်းရှင်းများသည် မူလစာချုပ်အဖွဲ့ဝင်နိုင်ငံများက အခြေခံကျသည်ဟု မှတ်ယူထားသော အချို့သော ပြဋ္ဌာန်းချက်များမှတပါး အဖွဲ့ဝင်နိုင်ငံများအား ကွန်ဗင်းရှင်းများပါ အချို့သော ပြဋ္ဌာန်းချက်များကို ချွင်းချန်ထားချက်များ ပြုလုပ်ရန် ခွင့်ပြုထားသည်။



၁၉၅၄ ခုနှစ် နိုင်ငံမဲ့ဖြစ်နေသူများ၏ အဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းပါ အပိုဒ်များဖြစ်သော အပိုဒ်–၁ (အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း /ဖယ်ထုတ်ခြင်း အပိုဒ်များ)၊ အပိုဒ် –၃ (ခွဲခြားဆက်ဆံမှု မပြုရခြင်း)၊ အပိုဒ် –၄ (ဘာသာရေး လွတ်လပ်ခွင့်)၊ အပိုဒ်–၁၆ (၁) (တရားရုံးများသို့ တင်ပြ လျှောက်ထားပိုင်ခွင့်)နှင့် အပိုဒ်–၃၃ မှ ၄၂အထိ (အပြီးသတ်စာပိုဒ်များ) တို့မှအပ ချွင်းချန်ထားချက်များကို ခွင့်ပြုသည်။

၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်မှု လျော့ချရေးဆိုင်ရာ ကွန်ဗင်းရှင်းတွင် အပိုဒ်–၁၁ (ကိုယ်စားဆောင်ရွက်စေခြင်း၊ အပိုဒ်–၁၄ (အပြည်ပြည်ဆိုင်ရာတရားရုံးသို့ အငြင်းပွားမှုများကို လွှဲအပ်ခြင်း) သို့မဟုတ် အပိုဒ်–၁၅ (ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံက တာဝန်ရှိသော နယ်ပယ်များ) တို့နှင့် စပ်လျဉ်း၍သာလျှင် ချွင်းချန်ထားချက်များ ပြုလုပ်ရန် ခွင့်ပြုသည်။

ကွန်ဗင်းရှင်းတစ်ခုစီအတွက် ချွင်းချန်ထားချက်များကို စာပိုဒ်အရေအတွက် ကန့်သတ်ချက်ဖြင့်သာလျှင် ခွင့်ပြုထားသည်။

## ကွန်ဗင်းရှင်းများကို ထိရောက်စွာ အကောင်အထည်ဖော်ကြောင်း သေချာမှုရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များက မည်သို့ ဆောင်ရွက်နိုင်ပါသနည်း

ကွန်ဗင်းရှင်းနှစ်ရပ်စလုံးပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် ပြည်တွင်းဥပဒေကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်ရမည်။ UNHCR သည် နိုင်ငံတစ်နိုင်ငံချင်း၏ ထူးခြားသော ဥပဒေရေးရာအစဉ်အလာနှင့် အရင်းအမြစ်များကို အဆိုပါနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများနှင့် လိုက်လျောညီထွေမှုရှိစေရန် ကူညီဆောင်ရွက်ပေးရန်အတွက် ယင်း၏ ကျွမ်းကျင်မှုဆိုင်ရာ အကြံပေးချက်များကို နိုင်ငံများအား ကမ်းလှမ်းနိုင်သည်။

**မိမိတို့၏ အစိုးရများက ကွန်ဗင်းရှင်းများကို နောက်မှ ပါဝင်လက်မှတ်ရေးထိုးရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များက လက်တွေ့ကျကျ မည်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သနည်း။**

- သင်၏နိုင်ငံက ကွန်ဗင်းရှင်းတစ်ရပ်ရပ်ကိုဖြစ်စေ သို့မဟုတ် ကွန်ဗင်းရှင်းနှစ်ရပ်စလုံးကိုဖြစ်စေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်စေရေးအတွက် ဆုံးဖြတ်ရမည်။
- အကယ်၍ သင်၏နိုင်ငံက အဆိုပါ စာချုပ်စာတမ်းများတွင် လက်မှတ်ရေးထိုးခြင်း မရှိသေးပါက အစိုးရသို့ စာဖြင့် သို့မဟုတ် နှုတ်အားဖြင့် မေးခွန်းထုတ်လျက် တင်ပြရေးကိစ္စ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့ဝင်များ၏ ဥပဒေမူကြမ်း အတည်ပြုရေးကိစ္စ ထည့်သွင်းစဉ်းစားရမည်။
- လိုအပ်သောသတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ပြီးနောက် အကယ်၍ ကွန်ဗင်းရှင်းများကို အတည်ပြုလက်မှတ်ရေးထိုးရေး သို့မဟုတ် နောက်မှပါဝင် လက်မှတ်ရေးထိုးရေးအတွက် မေတ္တာရပ်ခံချက်ကို သင့်တင့်လျှောက်ပတ်သည့် အချိန်အတွင်း လွှတ်တော်ရှေ့မှောက်သို့ တင်သွင်းပြီးဖြစ်ပါက နောက်မှ ပါဝင်လက်မှတ်ရေးထိုးရေးအတွက် ထောက်ခံဆန္ဒမဲပေးရမည်။
- အကယ်၍ အစိုးရသည် သင့်တင့်လျှောက်ပတ်သော အချိန်အတွင်း၌ အဆိုပါကိစ္စရပ်ကို လွှတ်တော် ရှေ့မှောက်တင်သွင်းရန် ပျက်ကွက်ပါက လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကိုးကားလျက် အစိုးရအားရှင်းလင်းချက်တောင်းခံရန်နှင့် အစိုးရအားနှောင့်နှေးကြန့်ကြာမှု မရှိဘဲ အတည်ပြုလက်မှတ်ရေးထိုးရေး၊ နောက်မှ ပါဝင်လက်မှတ်ရေးထိုးရေး လုပ်ငန်း စတင်ရေးကိစ္စ တိုက်တွန်းပြောကြားရမည်။
- အကယ်၍ အစိုးရသည် ကွန်ဗင်းရှင်းတစ်ရပ်ရပ် သို့မဟုတ် ကွန်ဗင်းရှင်းနှစ်ရပ်စလုံးကို ကနဦးက လက်မှတ်ရေးထိုးခဲ့သော်လည်း အတည်ပြုလက်မှတ်ရေးထိုးရေးလုပ်ငန်းစဉ် နှောင့်နှေးကြန့်ကြာနေပါက လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ကိုးကားရန်နှင့် အဆိုပါလုပ်ငန်းစဉ် လျင်မြန်စွာပြီးပြတ်နိုင်စေရေးအတွက် အစိုးရကို တိုက်တွန်းအားပေးရန်နှင့် သင်၏ဥပဒေပြုရေးနှင့် စပ်လျဉ်းသော ဦးဆောင်ဦးရွက်ပြုနိုင်သောအခွင့်အရေးကို အသုံးပြု၍ အဆိုပါကိစ္စနှင့် စပ်လျဉ်းသော ဥပဒေကြမ်း တင်သွင်းရမည်။
- အကယ်၍ အစိုးရက အတည်ပြုလက်မှတ်ရေးထိုးခြင်း/ နောက်မှ ပါဝင်လက်မှတ်ရေးထိုးခြင်းကို ဆန့်ကျင်ပါက အဘယ်ကြောင့် ဖြစ်ရသည်ကို အသေးစိတ်သိရန် ကြိုးပမ်းဖော်ထုတ်ရမည်။ အကယ်၍ လိုအပ်ပါက သံသယရှိခြင်းများနှင့် နားလည်မှု လွဲမှားခြင်းတို့ ပပျောက်ရေးအတွက် ကူညီဆောင်ရွက်ရန်နှင့် သင်၏နိုင်ငံရေးကွန်ယက်ကို အသုံးပြုရန် လုပ်ငန်းစဉ် လျင်မြန်ရေးကိစ္စ ဆောင်ရွက်ရမည်။ အတည်ပြုလက်မှတ်ရေးထိုးခြင်း / နောက်မှပါဝင် လက်မှတ်ရေးထိုးခြင်း အရေးကိစ္စကို ရှေ့ဆက် ဆောင်ရွက်နိုင်ရန် သင်၏ မဲဆန္ဒနယ်များတွင် ထောက်ခံဆွေးနွေးမှု ပြုရမည်။
- အကယ်၍သင်သည် အခြားသောနိုင်ငံများကို ပိုင်းခြားရာမှ သို့မဟုတ် ပြိုကွဲခဲ့ရာမှ ပေါ်ပေါက်လာသော နိုင်ငံတစ်နိုင်ငံ၏ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက ယခင် တည်ရှိခဲ့သော နိုင်ငံက လက်မှတ်ရေးထိုးခဲ့သော အပြည်ပြည်ဆိုင်ရာစာချုပ်များသည် နိုင်ငံသစ်နှင့် အလိုအလျောက် နှောင်ဖွဲ့ခြင်း မရှိပါ။ နိုင်ငံအသစ်များအနေဖြင့် ယခင်တည်ရှိခဲ့သော နိုင်ငံ၏ တာဝန်ဝတ္တရားများကို လက်ခံနိုင်သည် သို့မဟုတ် နိုင်ငံအသစ်များအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးနိုင်သည် သို့မဟုတ် ယခင် တည်ရှိခဲ့သော နိုင်ငံက ချုပ်ဆိုခဲ့သော အပြည်ပြည်ဆိုင်ရာ စာချုပ်များသည် ၎င်းတို့အပေါ် စည်းနှောင်မှုမရှိစေရန် ရည်ရွယ်ကြောင်း ညွှန်ပြနိုင်သည်။
- ကွန်ဗင်းရှင်းများကို အတည်ပြုလက်မှတ်ရေးထိုးခြင်းကြောင့် အာဏာသက်ရောက်လာပြီး နောက်ပိုင်းတွင် သင်၏လွှတ်တော်က ကွန်ဗင်းရှင်းများတွင် ပါဝင်သောပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေမှုရှိသော ပြည်တွင်းဥပဒေ ပြဋ္ဌာန်းပြီးကြောင်း သေချာမှုရှိစေရန် ဆောင်ရွက်ရန် လိုအပ်ပါသည်။ လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ကိုးကား၍ အစိုးရက သင့်တင့်လျောက်ပတ်သော အချိန်ကာလအတွင်း လွှတ်တော်သို့ ဥပဒေကြမ်း သို့မဟုတ် တည်ဆဲဥပဒေ ပြင်ဆင်ချက်ကို တင်သွင်းပြီးကြောင်း သေချာမှု ရှိစေရပါမည်။
- အကယ်၍ အစိုးရသည် အပြည်ပြည်ဆိုင်ရာစာချုပ်၏ အကြုံးဝင်မှုကို ကန့်သတ်သော ချွင်းချန်ထားချက်များ၊ ကန့်ကွက်ချက်များ သို့မဟုတ် နားလည်မှုဆိုင်ရာ မြွက်ဟကြေညာချက်များ ပါဝင်သော အတည်ပြုလက်မှတ်ရေးထိုးရေးအတွက် မေတ္တာရပ်ခံချက်များကို ပါလီမန်သို့ တင်သွင်းပြီး ဖြစ်သည့်အပြင် သင့်အနေဖြင့် အဆိုပါ ကန့်သတ်ချက်များသည် အခြေအမြစ် မရှိကြောင်း သေချာအောင် စီစစ်ပြီးပါက ဂိုဏ်းဂဏစွဲ

ဖြစ်မှုအပေါ် အထွေထွေအကျိုးစီးပွား သို့မဟုတ် ပတ်ဝန်းကျင်အကြောင်းချင်းရာ၏ အကျိုးစီးပွားများကို မြှင့်တင်ဆောင်ရွက်ရပါမည်။

- အကယ်၍ အစိုးရ၏ချွင်းချန်ထားချက်များက အပြည်ပြည်ဆိုင်ရာစာချုပ်၏ အကြုံးဝင်မှုကို ကန့်သတ်ထားပြီး ယင်း၏ကန့်ကွက်ချက်များ သို့မဟုတ် ၎င်း၏နားလည်မှုဆိုင်ရာ မြွက်ဟ ကြေညာချက်များသည် တရားဝင်တည်မြဲခြင်း မရှိတော့ပါက လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကိုးကား၍ အစိုးရ၏ရည်ရွယ်ချက်များကို စုံးစမ်းမေးမြန်းရန်နှင့် ကန့်သတ်ချက်များကို ဖယ်ရှားရန် ရည်ရွယ်၍ အရေးယူ ဆောင်ရွက်မှုပြုလုပ်ရပါမည်။
- အကယ်၍ သင်သည် ကွန်ဗင်းရှင်းများကို နောက်မှပါဝင် လက်မှတ်ရေးထိုးရန်နှင့် / သို့မဟုတ် ကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် ပြည်တွင်းဥပဒေမူကြမ်းရေးဆွဲရန်နှင့် စပ်လျဉ်းသော အကြံဉာဏ်နှင့် အကူအညီလိုအပ်ပါက သင့်နိုင်ငံတွင်တည်ရှိသော သို့မဟုတ် သင့်နိုင်ငံအတွက် တာဝန်ရှိသော UNHCR ရုံးသို့ဆက်သွယ်ဆောင်ရွက်ရပါမည်။ (UNHCR ရုံးများ စာရင်းကို နောက်ဆက်တွဲ (၄) တွင် ကြည့်ရှုရန်)

## နိုင်ငံမဲ့မှုပြဿနာနှင့် ပတ်သက်၍ အသိပညာပေးမှုကို လွှတ်တော်ကိုယ်စားလှယ်များက မည်သို့ ဆောင်ရွက်နိုင်သနည်း

နိုင်ငံ၏ဥပဒေများပြုစုရာတွင် တာဝန်ရှိကြသူများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံမဲ့ဖြစ်မှုလျှော့ချရေး သို့မဟုတ် ပပျောက်ရေးအတွက် ထောက်ခံပြောဆိုရန်နှင့် နိုင်ငံမဲ့ဖြစ်နေသူများ၏ အခွင့်အရေးများကို အမှန်တကယ် ကာကွယ်စောင့်ရှောက်ပေးရန် အကောင်းဆုံးနေအထားတွင် ရှိနေသူများဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များသည် အပြည်ပြည်ဆိုင်ရာ စံများနှင့်အညီ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် မိမိတို့ အစိုးရများကို တွန်းအားပေး ကြရမည်သာမက ၎င်းတို့၏ မဲဆန္ဒနယ်မြေများ၏ ထောက်ခံမှုကိုလည်း ရယူကြရမည်။ နိုင်ငံမဲ့ဖြစ်မှုနှင့် ဆက်နွှယ်ပတ်သက်နေသည့် ပြဿနာများကို အများပြည်သူက နားလည်သဘောပေါက်ကြမှသာလျှင် ယင်းပြဿနာကို ဖြေရှင်းရာတွင် ပြည်သူ၏ထောက်ခံမှု ရရှိမည် ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ မဲဆန္ဒနယ်မြေအတွင်းရှိ



ပြည်သူများအား နိုင်ငံမဲ့ဖြစ်မှုနှင့်ပတ်သက်သည့် အသိပညာပေးသည့်အနေဖြင့် မိန့်ခွန်းများ ပြောကြားခြင်း၊ ကောင်းမွန်သော နိုင်ငံသားဖြစ်မှု ဥပဒေအရေးပါပုံကို ဟောပြောခြင်း၊ စာနယ်ဇင်းများတွင် နိုင်ငံမဲ့ဖြစ်မှု ပပျောက်ရန် လိုအပ်ကြောင်း ဆောင်းပါးများ ရေးသားခြင်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများအတွင်း နိုင်ငံမဲ့ဖြစ်နေသူများအား အကူအညီပေးနေသူများနှင့် ဖြစ်နိုင်သည့်အခါတိုင်း ပူးတွဲ၍ နိုင်ငံမဲ့ဖြစ်မှုနှင့်ဆိုင်သည့် အမှုများ အမြန်ဆုံးပြီးမြောက်ရေးအတွက် ဆော်ဩခြင်းတို့ ပြုလုပ်နိုင်သည်။

နိုင်ငံဖွဲ့စည်းရာတွင် နိုင်ငံသားအစုအဖွဲ့၏ အစိတ်အပိုင်းဖြစ်လာစေရန် လူနည်းစုများနှင့် အခြားအစုအဖွဲ့များ၏ အခွင့်အရေးများ မြှင့်တင်ပေးခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်သည် နိုင်ငံမဲ့ဖြစ်မှုအခြေအနေကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့အပြင် လူမှုအသိုင်းအဝိုင်းအတွင်း ဆွေးနွေးပွဲများ ဖော်ဆောင်ပေးခြင်းဖြင့် နိုင်ငံမဲ့ဖြစ်နေသူများအား နိုင်ငံသားများအဖြစ် လက်ခံလိုစိတ် ဖြစ်ပေါ်လာစေမည် ဖြစ်သည်။

## ပြဿနာနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ရရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များက မည်သည့်အရာများ ဆောင်ရွက်နိုင်သနည်း

ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပေါ်နေသည့် နိုင်ငံမဲ့ဖြစ်မှုများ လျှော့ကျသွားစေရန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိနိုင်ငံအစိုးရက နိုင်ငံမဲ့ဖြစ်မှုလျှော့ချရေး သို့မဟုတ် နိုင်ငံမဲ့ဖြစ်မှုပပျောက်ရေးတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့များ၏ အားထုတ် ကြိုးပမ်းမှုတွင် အပြည့်အဝပူးပေါင်းပါဝင်မှု ရှိ/မရှိ စိစစ်သင့်သည့်အပြင် နိုင်ငံမဲ့ဖြစ်နေသူများ၏ အမှုများပြီးပြတ်အောင် ကြိုးပမ်းအားထုတ်သင့်သည်။

လွှတ်တော်ကိုယ်စားလှယ်များသည် မိမိ၏ အိမ်နီးချင်းနိုင်ငံများမှ ပါလီမန်အမတ်များကို ဖိတ်ကြားပြီး ဒေသအတွင်းရှိ နိုင်ငံသားဖြစ်မှုဥပဒေများ ပြန်လည်သုံးသပ်ရေးကိစ္စ ပြုလုပ်ရန် ထည့်သွင်း စဉ်းစားနိုင်သည်။ နိုင်ငံများအကြား နိုင်ငံသားဖြစ်မှု ဥပဒေများ တစ်ခုနှင့်တစ်ခု သဟဇာတဖြစ်ခြင်းသည် နိုင်ငံမဲ့ဖြစ်မှုလျှော့ချရေး အတွက် နည်းလမ်းကောင်းတစ်ခု ဖြစ်သည်။

# နောက်ဆက်တွဲ - ၁

**၁၉၅၄ ခုနှစ် နိုင်ငံမဲ့ဖြစ်နေသူများ၏ အဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံများ-**

ရက်စွဲ – ၁၉၆၀ ခုနှစ် ဇွန်လ ၆ ရက်

အဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့ထိ) – ၆၅

| နိုင်ငံ | လက်မှတ်ရေးထိုးခြင်း | အတည်ပြုလက်မှတ်ရေးထိုးခြင်း (r) နောက်မှပါဝင် ချုပ်ဆိုခြင်း(a) ဆက်ခံခြင်း(s) |
|---|---|---|
| အယ်လ်ဘေးနီးယား | | ၂၀၀၃ ဇွန်လ ၂၃ ရက် (a) |
| အယ်ဂျီးရီးယား | | ၁၉၆၄ ဇူလိုင် ၁၅ ရက် (a) |
| အန်တီဂွါနှင့် ဘာဘူးဒါး | | ၁၉၈၈ အောက်တိုဘာ ၂၅ ရက်(s) |
| အာဂျင်တီးနား | | ၁၉၇၂ ဇွန် ၁ ရက် (a) |
| အာမေးနီးယား | | ၁၉၉၄ မေ ၁၈ ရက် (a) |
| ဩစတြေးလျ | | ၁၉၇၃ ဒီဇင်ဘာ ၁၃ ရက် (a) |
| ဩစတြေးယား | | ၂၀၀၈ ဖေဖော်ဝါရီ ၈ ရက် (a) |
| အဇာဘိုင်ဂျန် | | ၁၉၉၆ ဩဂုတ် ၁၆ ရက် (a) |
| ဘာဘေးဒိုးစ် | | ၁၉၇၂ မတ်လ ၆ ရက် (s) |
| ဘယ်လ်ဂျီယံ | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | ၁၉၆၀ မေလ ၂၇ ရက် (r) |
| ဘီလီဇီး | | ၂၀၀၆ စက်တင်ဘာ ၁၄ ရက် (a) |
| ဘိုလစ်ဗီးယား | | ၁၉၈၃ အောက်တိုဘာ ၆ ရက် (a) |

| | | |
|---|---|---|
| ဘော့စနီးယား နှင့် ဟာဇီဂိုဗီးနား | | ၁၉၉၃ စက်တင်ဘာ ၁ ရက် (s) |
| ဘော့ဆွားနား | | ၁၉၆၉ ဖေဖော်ဝါရီ ၂၅ ရက် (s) |
| ဘရာဇီး | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | ၁၉၉၆ ဩဂုတ် ၁၃ ရက် (r) |
| ချတ်ဒ် | | ၁၉၉၉ ဩဂုတ် ၁၂ ရက် (a) |
| ကိုလံဗီယာ | ၁၉၅၄ ဒီဇင်ဘာ ၃၀ ရက် | |
| ကော့စတားရီကား | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | ၁၉၇၇ နိုဝင်ဘာ ၂ ရက် (r) |
| ခရိုအေးရှား | | ၁၉၉၂ အောက်တိုဘာ ၁၂ ရက် (s) |
| ချက်သမ္မတနိုင်ငံ | | ၂၀၀၄ ဇူလိုင် ၁၉ ရက် (a) |
| ဒိန်းမတ် | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | ၁၉၅၆ ဇန်နဝါရီ ၁၇ ရက် (r) |
| အီကွေဒေါ | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | ၁၉၇၀ အောက်တိုဘာ ၂ ရက် (r) |
| အယ်လ်ဆာဗေးဒိုး | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | |
| ဖီဂျီ | | ၁၉၇၂ ဇွန် ၁၂ ရက် (s) |
| ဖင်လန် | | ၁၉၆၈ အောက်တိုဘာ ၁၀ ရက် (a) |
| ပြင်သစ် | ၁၉၅၅ဇန်နဝါရီ၁၂ရက် | ၁၉၆၀ မတ်လ ၈ ရက် (r) |
| ဂျာမဏီ | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | ၁၉၇၆ အောက်တိုဘာ ၂၆ ရက် (r) |
| ဂရိ | | ၁၉၇၅ နိုဝင်ဘာ ၄ ရက် (a) |



| | | |
|---|---|---|
| ဂွါတီမာလာ | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | ၂၀၀၀ နိုဝင်ဘာ ၂၈ ရက် (a) |
| ဂွီးနီးယား | | ၁၉၆၂ မတ်လ ၂၁ ရက် (a) |
| ဟိုလီဆီး | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | |
| ဟွန်ဒူးရပ် | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | |
| ဟန်ဂေရီ | | ၂၀၀၁ နိုဝင်ဘာ ၂၁ ရက် (a) |
| အိုင်ယာလန် | | ၁၉၆၂ ဒီဇင်ဘာ ၁၇ ရက် (a) |
| အစ္စရေး | ၁၉၅၄ အောက်တိုဘာ ၁ ရက် | ၁၉၅၈ ဒီဇင်ဘာ ၂၃ ရက် (r) |
| အီတလီ | ၁၉၅၄ အောက်တိုဘာ ၂၀ ရက် | ၁၉၆၂ ဒီဇင်ဘာ ၃ ရက် (r) |
| ကီရိဘာတီ | | ၁၉၈၃ နိုဝင်ဘာ ၂၉ ရက် (s) |
| ကိုရီးယားသမ္မတနိုင်ငံ | | ၁၉၆၂ ဩဂုတ် ၂၂ ရက် (a) |
| လတ်ဗီးယား | | ၁၉၉၉ နိုဝင်ဘာ ၅ ရက် (a) |
| လီဆိုးသိုး | | ၁၉၇၄ နိုဝင်ဘာ ၄ ရက် (s) |
| လိုက်ဗီးရီးယား | | ၁၉၆၄ စက်တင်ဘာ ၁၁ ရက် (a) |
| လစ်ဗျားအာရပ်–ဂျမာဟီရီးယား | | ၁၉၈၉ မေ ၁၆ ရက် (a) |
| လိုက်ချင်စတိုင်း | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | ၂၀၀၉ နိုဝင်ဘာ (၁) ရက် (r) |
| လစ်သူအေးနီးယား | | ၂၀၀၀ ဖေဖော်ဝါရီ ၇ ရက် (a) |
| လူဇမ်ဗို့ | ၁၉၅၅ အောက်တိုဘာ ၂၈ ရက် | ၁၉၆၀ ဇွန် ၁၇ ရက် (r) |

| | | |
|---|---|---|
| ယခင်မက်ဆီဒိုးနီးယား | | |
| ယူဂိုစလပ်သမ္မတနိုင်ငံ | | ၁၉၉၄ ဇန်နဝါရီ ၁၈ ရက် (s) |
| မာဒါဂါစကာ* | | ၁၉၆၂ ဖေဖော်ဝါရီ ၂၀ ရက်(a) |
| မာလာဝီ | | ၂၀၀၉ နိုဝင်ဘာ ၁ ရက် (a) |
| မက္ကဆီကို | | ၂၀၀၀ ဇွန် ၇ ရက် (a) |
| မော်တန်နီးဂရိုး | | ၂၀၀၆ အောက်တိုဘာ ၂၃ ရက် (s) |
| နယ်သာလန် | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | ၁၉၆၂ ဧပြီ ၁၂ ရက် (r) |
| နော်ဝေ | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | ၁၉၅၆ နိုဝင်ဘာ ၁၉ ရက် (r) |
| ဖိလစ်ပိုင် | ၁၉၅၅ ဇွန် ၂၂ ရက် | |
| ရိုမေးနီးယား | | ၂၀၀၆ ဇန်နဝါရီ ၂၇ ရက် (a) |
| ရာဝမ်းဒါ | | ၂၀၀၆ အောက်တိုဘာ ၄ ရက် (a) |
| စိန့်ဗင်ဆင့်နှင့် ဂရီနာဒင်း | | ၁၉၉၉ ဧပြီ ၂၇ ရက် (s) |
| ဆီနီဂေါ | | ၂၀၀၅ စက်တင်ဘာ ၂၁ ရက် (a) |
| ဆာဗီးယား | | ၂၀၀၁ မတ်လ ၁၂ ရက် (s) |
| စလိုဗက်ကီးယား | | ၂၀၀၀ ဧပြီ ၃ ရက် (a) |
| ဆလိုဗီးနီးယား | | ၁၉၉၂ ဇူလိုင် ၆ ရက် (s) |
| စပိန် | | ၁၉၉၇ မေ ၁၂ ရက် (a) |
| ဆွာဇီလန် | | ၁၉၉၉ နိုဝင်ဘာ ၁၆ ရက် (a) |



| | | |
|---|---|---|
| ဆွီဒင် | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | ၁၉၆၅ ဧပြီ ၂ ရက် (r) |
| ဆွစ်ဇာလန် | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | ၁၉၇၂ ဇူလိုင် ၃ ရက် (r) |
| ထရီနီဒတ် နှင့် တိုဘားဂိုး | | ၁၉၆၆ ဧပြီ ၁၁ ရက် (s) |
| တူနီးစီးယား | | ၁၉၆၉ ဇူလိုင် ၂၉ ရက် (a) |
| ယူဂန်ဒါ | | ၁၉၆၅ ဧပြီ ၁၅ ရက် (a) |
| ယူနိုင်တက်ကင်းဒမ်း (ဗြိတိန်) | ၁၉၅၄ စက်တင်ဘာ ၂၈ ရက် | ၁၉၅၉ ဧပြီ ၁၆ ရက် (r) |
| ဥရုဂွေး | | ၂၀၀၄ ဧပြီ ၂ ရက် (a) |
| ဇမ်ဘီယာ | | ၁၉၇၄ နိုဝင်ဘာ ၁ ရက် (s) |
| ဇင်ဘာဘွေ | | ၁၉၉၈ ဒီဇင်ဘာ ၁ ရက် (s) |

* အထွေထွေအတွင်းရေးမှူးချုပ်က ၁၉၆၅ ခုနှစ် ဧပြီလ (၂) ရက်နေ့တွင် လက်ခံရရှိသော အကြောင်းကြားစာအရ၊ မာဒါဂါစကာအစိုးရသည် ကွန်ဗင်းရှင်းကို စွန့်လွှတ်သည်။ အဆိုပါ စွန့်လွှတ်မှု ၁၉၆၆ ခုနှစ် ဧပြီလ (၂) ရက်နေ့တွင် အကျိုးသက်ရောက်သည်။

## နောက်ဆက်တွဲ (၂)

**၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်မှုလျော့ချရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံများ**

ရက်စွဲ။ ။ ၁၉၇၅ ဒီဇင်ဘာလ ၁၃ ရက်

အဖွဲ့ဝင်နိုင်ငံစုစုပေါင်း (၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့အထိ) – ၃၇

| နိုင်ငံ | လက်မှတ်ရေးထိုးခြင်း | အတည်ပြုလက်မှတ်ရေးထိုးခြင်း (r) နောက်မှပါဝင် ချုပ်ဆိုခြင်း(a) ဆက်ခံခြင်း(s) |
|---|---|---|
| အယ်လ်ဘေးနီးယား | | ၂၀၀၃ ဇူလိုင် ၉ ရက် (a) |
| အာမေးနီးယား | | ၁၉၉၄ မေ ၁၈ ရက် (a) |
| ဩစတြေးလျ | | ၁၉၇၃ ဒီဇင်ဘာ ၁၃ ရက် (a) |
| ဩစတြေးယား | | ၁၉၇၂ စက်တင်ဘာ ၂၂ ရက် (a) |
| အဇာဘိုင်ဂျန် | | ၁၉၉၆ ဩဂုတ် ၁၆ ရက် (a) |
| ဘိုလစ်ဗီးယား | | ၁၉၈၃ အောက်တိုဘာ ၆ ရက် (a) |
| ဘော့စနီးယား နှင့် ဟာဇီဂိုဗီးနား | | ၁၉၉၆ ဒီဇင်ဘာ ၁၃ ရက် (a) |
| ဘရာဇီး | | ၂၀၀၇ အောက်တိုဘာ ၂၅ ရက်(a) |
| ကနေဒါ | | ၁၉၇၈ ဇူလိုင်လ ၁၇ ရက် (a) |
| ချတ်ဒ် | | ၁၉၉၉ ဩဂုတ်လ ၁၂ ရက် (a) |
| ကော့စတားရီကား | | ၁၉၇၇ နိုဝင်ဘာ ၂ ရက် (a) |
| ချက်သမ္မတနိုင်ငံ | | ၂၀၀၁ ဒီဇင်ဘာ ၁၉ ရက် (a) |
| ဒိန်းမတ် | | ၁၉၇၇ ဇူလိုင် ၁၁ ရက် (a) |



| | | |
|---|---|---|
| ဒိုမိနီကန်သမ္မတနိုင်ငံ | ၁၉၆၁ ဒီဇင်ဘာ ၅ရက် | |
| ဖင်လန် | | ၂၀၀၈ ဩဂုတ်လ ၇ ရက် (a) |
| ပြင်သစ် | ၁၉၆၂ မေ ၃၁ ရက် | |
| ဂျာမဏီ | | ၁၉၇၇ ဩဂုတ်လ ၃၁ ရက် (a) |
| ဂွါတီမာလာ | | ၂၀၀၁ ဇူလိုင် ၁၉ ရက် (a) |
| ဟန်ဂေရီ | | ၂၀၀၉ နိုဝင်ဘာ ၁ ရက် (a) |
| အိုင်ယာလန် | | ၁၉၇၃ ဇန်နဝါရီ ၁၈ ရက် (a) |
| အစ္စရေး | ၁၉၆၁ ဩဂုတ်လ ၃၀ ရက် | |
| ကီရိဘာတီ | | ၁၉၈၃ နိုဝင်ဘာ ၂၉ ရက် (s) |
| လတ်ဗီးယား | | ၁၉၉၂ ဧပြီ ၁၄ ရက် (a) |
| လီဆိုးသိုး | | ၂၀၀၄ စက်တင်ဘာ ၂၄ ရက် (a) |
| လိုက်ဗီးရီးယား | | ၂၀၀၄ စက်တင်ဘာ ၂၂ ရက် (a) |
| လစ်ဗျားအာရပ်– ဂျမာဟီရီးယား | | ၁၉၈၉ မေလ ၁၆ ရက် (a) |
| လိုက်ချင်စတိုင်း | | ၂၀၀၉ နိုဝင်ဘာ ၁ ရက် (a) |
| နယ်သာလန် | ၁၉၆၁ ဩဂုတ်လ ၃၀ ရက် | ၁၉၈၅ မေ ၁၃ (r) |
| နယူးဇီလန် | | ၂၀၀၆စက်တင်ဘာ ၂၀ ရက်(a) |
| နိုက်ဂျာ | | ၁၉၈၅ ဇွန် ၁၇ ရက် (a) |
| နော်ဝေ | | ၁၉၇၁ ဩဂုတ်လ ၁၁ ရက် (a) |
| ရိုမေးနီးယား | | ၂၀၀၆ ဇန်နဝါရီ ၂၇ ရက် (a) |
| ရာဝမ်းဒါ | | ၂၀၀၆ အောက်တိုဘာ ၄ ရက်(a) |

| | | |
|---|---|---|
| ဆီနီဂေါ | | ၂၀၀၅ စက်တင်ဘာ ၂၁ ရက် (a) |
| စလိုဗက်ကီးယား | | ၂၀၀၀ ဧပြီ ၃ ရက် (a) |
| ဆွာဇီလန် | | ၁၉၉၉ နိုဝင်ဘာ ၁၆ ရက် (a) |
| ဆွီဒင် | | ၁၉၆၉ ဖေဖော်ဝါရီ ၁၉ (a) |
| တူနီးစီးယား | | ၂၀၀၀ မေ ၁၂ ရက် (a) |
| ယူနိုင်တက် ကင်းဒမ်း(ဗြိတိန်) နှင့် အိုင်ယာလန် မြောက်ပိုင်း | ၁၉၆၁ ဩဂုတ်လ ၃၀ ရက် | ၁၉၆၆ မတ် ၂၉ |
| ဥရုဂွေး | | ၂၀၀၁ စက်တင်ဘာ ၂၁ရက် (a) |



# နောက်ဆက်တွဲ (၃)

## ၁၉၅၄ ခုနှစ် နိုင်ငံမဲ့ဖြစ်နေသူများ၏ အဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းကို နောက်မှ ပါဝင်ချုပ်ဆိုမှုစာတမ်း စံပြပုံစံ

နိုင်ငံမဲ့ဖြစ်နေသူများ၏ အဆင့်အခြေအနေဆိုင်ရာ ကွန်ဗင်းရှင်းကို ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့က ကုလသမဂ္ဂထွေထွေညီလာခံက လက်ခံအတည်ပြုခဲ့ရာ ယင်းကွန်ဗင်းရှင်း၏ အပိုဒ် (၃၅) အရ မည်သည့် အချိန်မဆို နောက်မှ ပါဝင်ချုပ်ဆိုနိုင်ကြောင်း လမ်းဖွင့်ပေးထားပါသည်။

အပိုဒ် (၃၅)၏ ပုဒ်ခွဲ-၃ ၌ ယင်းကွန်ဗင်းရှင်းလက်ခံမှု အကျိုးသက်ရောက်စေရန် နောက်မှ ပါဝင်ချုပ်ဆိုမှုစာတမ်းကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ ပေးပို့အပ်နှံထားရမည်ဟု ပြဋ္ဌာန်းထားသည်။

ထို့ကြောင့်ယခုအခါ နိုင်ငံအကြီးအကဲ၏ရာထူး၊ အစိုးရအကြီးအကဲ၏ရာထူး သို့မဟုတ် နိုင်ငံခြားရေးဝန်ကြီးက ဤစာဖြင့် (သက်ဆိုင်ရာနိုင်ငံအမည်)က လက်ခံကြောင်း အကြောင်းကြားအပ်ပါသည်။

ခုနှစ် လ၊ ( ) ရက်တွင် ကျွန်ုပ်လက်မှတ်ရေးထိုးပါသည်။

(အများပြည်သူရုံးတံဆိပ်နှင့် ထိန်းသိမ်းသူ၏လက်မှတ် သင့်တော်သကဲ့သို့)

(နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲ၊ လက်မှတ်၊သို့မဟုတ် နိုင်ငံခြားရေးဝန်ကြီး)

## ၁၉၆၁ခုနှစ် နိုင်ငံမဲ့ဖြစ်မှုလျော့ချရေးဆိုင်ရာကွန်ဗင်းရှင်းကို နောက်မှ ပါဝင်ချုပ်ဆိုမှုစာတမ်း စံပြပုံစံ

နိုင်ငံမဲ့ဖြစ်မှုလျော့ချရေးဆိုင်ရာကွန်ဗင်းရှင်း ကို ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့က အာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးများက လက်ခံအတည်ပြုခဲ့ရာ ယင်းကွန်ဗင်းရှင်း၏အပိုဒ် ၁၆ အရ မည်သည့် အချိန်၌မဆို နောက်မှ ပါဝင်ချုပ်ဆိုနိုင်ကြောင်း လမ်းဖွင့်ပေးထားပါသည်။

အပိုဒ် (၁၆)၏ ပုဒ်ခွဲ–၃ ၌ ယင်းကွန်ဗင်းရှင်းလက်ခံမှု အကျိုးသက်ရောက်စေရန် နောက်မှ ပါဝင်ချုပ်ဆိုမှုစာတမ်းကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ ပေးပို့အပ်နှံထားရမည်ဟု ပြဋ္ဌာန်းထားသည်။

ထို့ကြောင့်ယခုအခါ နိုင်ငံအကြီးအကဲ၏ရာထူး၊ အစိုးရအကြီးအကဲ၏ရာထူး သို့မဟုတ် နိုင်ငံခြားရေးဝန်ကြီး) က ဤစာဖြင့် (သက်ဆိုင်ရာနိုင်ငံအမည်) က လက်ခံကြောင်း အကြောင်းကြားအပ်ပါသည်။

ခုနှစ်                လ၊ (      ) ရက်တွင် ကျွန်ုပ်လက်မှတ်ရေးထိုးပါသည်။

(အများပြည်သူရုံးတံဆိပ်နှင့် ထိန်းသိမ်းသူ၏လက်မှတ် သင့်တော်သကဲ့သို့)

(နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲ၊ လက်မှတ်၊သို့မဟုတ် နိုင်ငံခြားရေးဝန်ကြီး)





## UNHCR ရုံးများ

MYANMAR
UNHCR Representation in Myanmar
PO Box 1485, Yangon or
287 Pyay Road Sanchaung Township Yangon
Tel: +951 524022
Fax : +951 524 031

# UNHCR နှင့် IPU တို့၏အကြောင်းအကျဉ်းချုပ်

## UNHCR

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး UNHCR ကို ဒုက္ခသည်များ အကာအကွယ်ပေးရေးနှင့် ကမ္ဘာအရပ်ရပ်ရှိ ဒုက္ခသည်များ ပြဿနာဖြေရှင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ အရေးယူဆောင်ရွက်မှုဖြင့် ဦးဆောင်မှုပေးရန်နှင့် ညှိနှိုင်းဆောင်ရွက်ရန် အာဏာ ပေးအပ်ထားသည်။ UNHCR သည် မည်သည့် ပုဂ္ဂိုလ်မဆို ခိုလှုံခွင့်ရရှိရေးအတွက် ဆောင်ရွက်နိုင်ခွင့်နှင့် အခြား နိုင်ငံတစ်နိုင်ငံတွင် လုံခြုံမှုရှိသော ခိုလှုံရာနေရာ ရှာဖွေတွေ့ရှိနိုင်ရေးနှင့် မိမိနိုင်ငံအတွင်းသို့ မိမိသဘောအလျောက် ပြန်လာခွင့် အမှန်တကယ် ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒုက္ခသည်များ မိမိတို့၏ နိုင်ငံအတွင်းသို့ ပြန်ရာတွင် အကူအညီပေးခြင်းဖြင့်လည်းကောင်း၊ သို့မဟုတ် အခြားတစ်နိုင်ငံတွင် အခြေချနေထိုင်စေခြင်းဖြင့်လည်းကောင်း၊ ၄င်းတို့၏ဒုက္ခကို UNHCR က ဖြေရှင်းပေးသည်။ UNHCR ၏ အမှုဆောင်ကော်မတီနှင့် ကုလသမဂ္ဂ အထွေထွေညီလာခံတို့က UNHCR အား နိုင်ငံမဲ့ဖြစ်နေသူများ သို့မဟုတ် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ အငြင်းပွားနေမှု ပေါ်ပေါက်နေသူများနှင့် အချို့သော အခြေအနေများတွင် ပြည်တွင်း၌နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ အပါအဝင် လူအစုအဖွဲ့များကို အကူအညီပေးရန် အခွင့်အာဏာပေးအပ်ထားသည်။

UNHCR သည် နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ အားပေးထောက်ခံမှုဖြင့် ပြည်တွင်း၌ အတင်းအကြပ် ရွှေ့ပြောင်းခံရသူများ လျော့ကျရေးအတွက် လူ့အခွင့်အရေးများကို ကာကွယ်ပေးရန်နှင့် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန် အလားအလာအခြေအနေကောင်းများ ဖန်တီးပေးလျက် ရှိသည်။

လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေးယုံကြည်ချက် သို့မဟုတ် လိင်ခွဲခြားမှုမရှိဘဲ၊ ဘက်လိုက်ခြင်း ကင်းရှင်းစွာဖြင့် ဒုက္ခသည်များနှင့် အခြားသက်ဆိုင်သူများကို အကူအညီနှင့် အကာအကွယ်များပေးသည်။ UNHCR သည် ပါဝင်ပူးပေါင်းဆောင်ရွက်ရေး အခြေခံမှုအပေါ် ရပ်တည်လျက် ဒုက္ခသည်များ၏ ဘဝကို အကျိုးသက်ရောက်စေသည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်ပြီး ဒုက္ခသည်များနှင့် ဆွေးနွေးညှိနှိုင်းရန် တာဝန်ယူသည်။ UNHCR သည် အစိုးရများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း ဆောင်ရွက်သည်။

## IPU

၁၈၈၉ ခုနှစ်က ဖွဲ့စည်းခဲ့သည့် နိုင်ငံအချင်းချင်း လွှတ်တော်ဆိုင်ရာ သမဂ္ဂသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဖြစ်ပြီး အချုပ်အခြာ အာဏာပိုင် နိုင်ငံများ၏ လွှတ်တော် ကိုယ်စားလှယ်များနှင့် စုစည်းဖွဲ့စည်းထားခြင်း ဖြစ်သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလအထိ နိုင်ငံပေါင်း ၁၅၅ နိုင်ငံ၏ လွှတ်တော်များ IPU တွင် ကိုယ်စားပြု ပါဝင်လျက် ရှိကြသည်။

IPU သည် ရွေးကောက်ခံ ကိုယ်စားလှယ် အဖွဲ့အစည်းများ ခိုင်ခံ့ တောင့်တင်းမှုရှိစေရန် ဟူသော ရည်မှန်းချက်ဖြင့် ငြိမ်းချမ်းရေးရရှိရေးနှင့် ပြည်သူများအကြား ပူးပေါင်း ဆောင်ရွက်ရေးတို့အတွက် ကြိုးပမ်း အားထုတ်သည်။ ရည်မှန်းချက်များ အောင်မြင်ရန်အတွက် IPU သည် နိုင်ငံအားလုံးရှိ လွှတ်တော်များအကြားနှင့် လွှတ်တော် ကိုယ်စားလှယ်များအကြား ဆက်သွယ်ခြင်း၊ အတွေ့အကြုံ ဖလှယ်ခြင်းတို့ ဆောင်ရွက်သည့်အပြင် အပြည်ပြည်ဆိုင်ရာ အကျိုးစီးပွားနှင့် စပ်လျဉ်းသော ပြဿနာရပ်များကို လက်ခံစဉ်းစား၍ အဆိုပါကိစ္စနှင့် စပ်ဆိုင်သော ၄င်း၏ အမြင်ကို ထုတ်ဖော်ခြင်း၊ လူ့အခွင့်အရေး ကာကွယ် မြှင့်တင်ရေးနှင့် အများပြည်သူများအကြား ရွေးကောက်ခံ ကိုယ်စားလှယ်များ၏ လုပ်ကိုင်ဆောင်ရွက်မှုကို အများသိရှိအောင် ဖော်ထုတ် ဖြန့်ချိခြင်း တို့ကို ဆောင်ရွက်သည်။

IPU သည် ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များကို မျှဝေလက်ခံပြီး ကုလသမဂ္ဂ အေဂျင်စီများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်သည်။ ထို့ပြင် ရည်ရွယ်ချက်ခြင်း တူညီသော ဒေသအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အတူ ပူးပေါင်းဆောင်ရွက်သည်။